# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက် ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၂၈၂)


# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး ပထမနေ့ကျင်းပ



**ရန်ကုန် ဇူလိုင် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၄၇) ပါးစုံညီ ဒုတိယ အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မစာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူး ဆရာတော်က

*စာမျက်နှာ ၅ ကော်လံ ၁* ◆

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

သတင်းစဉ်




**ဝမ်းနည်းခြင်း အထိမ်းအမှတ်မှသည် ...** *ဆောင်းပါး* စာ » ၆

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** စာ » ၈

**ဓာတ်အားခ အပြောင်းအလဲနှင့် သူတို့အမြင် စကားဝိုင်းကျင်းပ** စာ » ၁၀





မြန်မာ့အလင်း

# ဝါဆိုလနှင့် ဝါဆိုသင်္ကန်းအလှူ

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါက ဖြစ်သည်။ ထိုကာလတွင် ရဟန်းတို့အား ဝါဆိုဝါကပ် ပညတ်တော်မမူရသေးခြင်းကြောင့် ရဟန်းတို့သည် နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးစလုံး ဒေသစာရီခရီးလှည့်လည်ကြသည်။ ထိုအခါ သာသနာတော်တွင် ကြည်ညိုခြင်းမရှိသူတို့က "ရဟန်းတို့သည် ဥတုသုံးပါးစလုံး စိမ်းလန်းသောမြက်ပင်၊ သစ်ပင်တို့ကို နင်းချေကုန်လျက်၊ အသက်ဣန္ဒြေရှိကြသော သေးငယ်သောသတ္တဝါတို့ကို နှိပ်စက်ညှဉ်းပန်းကုန်လျက် အဘယ်ကြောင့် ခရီးသွားနေကြပါသနည်း။ တိတ္ထိတို့သည် ပင်လျှင် မိုးကာလတွင် ကြောင့်ကြမဲ့စွာ ကိန်းအောင်းကြ၏။ ကျေးငှက်တို့သည်လည်း သစ်ပင်တို့၌ အသိုက်ပြုကာ မိုးကာလပတ်လုံး ကြောင့်ကြမဲ့နေကြကုန်၏" ဟူ၍ ကဲ့ရဲ့ရှုတ်ချကြခြင်းကြောင့် ဗုဒ္ဓမြတ်စွာဘုရားက ရဟန်းတို့အား ဝါဆိုဝါကပ်ခြင်းကို ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။

သို့ဖြင့် ရဟန်းတော်များအားလုံးသည် ဝါတွင်းသုံးလပတ်လုံး ခရီးလှည့်လည်ခြင်းမပြုဘဲ ပရိယတ္တိ၊ ပဋိပတ္တိအလုပ်တို့ကို ကြိုးပမ်းအားထုတ်တော်မူကြသည်။ ဗုဒ္ဓဘာသာဝင်လူပုဂ္ဂိုလ်များမှာလည်း ဝါတွင်းကာလတွင် ဥပုသ်သီတင်းစောင့်ခြင်း၊ တရားတော်များနာယူကြည်ညိုကြခြင်း၊ သတိပဋ္ဌာန်တရား အားထုတ်ခြင်း စသည့်ကုသိုလ်အမှုတို့ကို သာမန်အချိန် ကာလများထက်ပို၍ အလေးအနက်ထားကာ ကြိုးပမ်းဆောင်ရွက်လေ့ရှိကြသည်။ ဗုဒ္ဓဘာသာဝင်လူပုဂ္ဂိုလ်တို့ ဝါတွင်းကာလ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အမှုတို့ပြုကြရာတွင် ဝါဆိုသင်္ကန်းကပ်လှူကြခြင်းမှာလည်း ထူးခြားသည့် ကာလဒါနကုသိုလ်တစ်ခုပင် ဖြစ်သည်။

ဝါဆိုသင်္ကန်းကပ်လှူခြင်းသည် သရဏဂုံသုံးပါး ဆောက်တည်ခြင်း၊ သီလငါးပါးဆောက်တည်ခြင်း၊ စာရေးတံမဲလှူဒါန်းခြင်း၊ အာစိဏ္ဏကံ ဆွမ်းဝတ်မပြတ်လှူဒါန်းခြင်း၊ ရေတွင်းရေကန်များလှူဒါန်းခြင်း၊ အရိပ်အာဝါသလှူဒါန်းခြင်းတို့နည်းတူပင် အပါယ်တံခါးပိတ်စေသည့် ကုသိုလ်အကျိုးကို ရရှိစေနိုင်သည်။ ထို့အပြင် သံဃာတော်တို့အား ဝါဆိုသင်္ကန်းကပ်လှူခြင်းအားဖြင့် ဘဝသံသရာတွင် ကျင်လည်နေသမျှကာလပတ်လုံး (၁)အဝတ်အထည်အတွက် စိုးရိမ်ကြောင့်ကြရမှုကင်းခြင်း၊ (၂)ရုပ်အဆင်းအင်္ဂါ ရွှေရောင်အဆင်း လှပတင့်တယ်ခြင်း၊ (၃) ခန္ဓာကိုယ်အရောင်အဝါထွန်းလင်းခြင်း၊ (၄)အသားအရေနူးညံ့ချောမွေ့ခြင်း၊ (၅) ခန္ဓာကိုယ်တွင် အညစ်အကြေးတို့ ကင်းစင်ခြင်း၊ (၆) အလိုရှိပါက တောင့်တရုံမျှဖြင့် အဝတ်အထည်တို့ရရှိခြင်း၊ (၇) သံသရာ၌ ဘုရားရှင်တို့နှင့် တွေ့ကြုံဖူးမြော်ခွင့်ရခဲ့သည်ရှိသော် ထိုဘုရားရှင်က (ဧဟိဘိက္ခု) ခေါ်ရုံမျှဖြင့် ရဟန်းအသွင် အလိုလိုဖြစ်ရခြင်း ဟူသော အကျိုးတရား ခုနစ်ပါးတို့ကိုလည်း ရရှိနိုင်သည်။

ဝါဆိုလသည် ကရကဋ်ရာသီဖြစ်၍ ပြုဗ္ဗာသာဠ်နက္ခတ်စန်းယှဉ်သည်။ ရာသီပန်းမှာ ပုန်းညက်ပန်းဖြစ်သည်။ မိုးလရာသီဖြစ်သည့်အလျောက် အရပ်ကိုးခွင်မှာ မှိုင်းညိုလျက် ဝန်းကျင်တစ်ခွင်မှာ စွတ်စိုကာ စိမ်းလန်းသာယာသောလ၊ မြစ်ချောင်းများတွင်လည်း ရေအလျဉ်တို့ စီးဆင်းကုန်လျက် ရေကန်၊ ရေအိုင်တို့တွင်လည်း ကြာဖြူ၊ ကြာညိုတို့ ပွင့်ကုန်ကြသောလဖြစ်သည်။ မြေအပြင်သည် မိုးရေတို့နှင့် နူးပြီဖြစ်သောကြောင့် လယ်ယာလုပ်ငန်းခွင်တို့လည်း တစ်ရာသီအတွက် စတင်ကြရပြီဖြစ်သည်။ မိမိတို့၏ ယဉ်ကျေးမှုအစဉ်အလာမပျက် ကောင်းမှုကုသိုလ်အရေးတို့ကို ဆောင်ရွက်ကြရင်း လောကီအကျိုးစီးပွားတို့ကိုပါ အားထုတ်ကြိုးပမ်းနိုင်ကြပါစေကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးချမ်းအေး | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဦးသန်းဇော်ဌေး | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ဂ) ဦးသိန်းဟန် | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ဃ) ဦးမြင့်လွင် | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးအောင်ကျော်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| (ခ) ဒေါက်တာဇော်ဝင်း<br>ဒုတိယပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အလုပ်သမားရေးရာဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံသည့်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ဝန်ထမ်းများအားလုံး မိမိကိုယ်မိမိ အရည်အချင်းရှိစေရေး အစဉ်ကြိုးစားပြီး ဆက်စပ်ဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်

**နေပြည်တော် ဇူလိုင် ၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည်(အလုပ်သမားရေးရာဆိုင်ရာ) ဝန်ထမ်းများနှင့် နေပြည်တော်ရှိ ရုံးအမှတ်(၅၁) စုဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲတွင် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများအား စုစည်းတွေ့ဆုံရခြင်းမှာ ဝန်ထမ်းများ၏ ဆန္ဒသဘောထားများနှင့် အကြံပြုချက်များကို သိရှိရန်နှင့် သိသင့်သိထိုက်သည်များကို ပြောကြားရန်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို နည်းလမ်းများရှာကြံ၍ အောင်မြင်အောင် တက်ကြွစွာ ကြိုးစားလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြား လိုကြောင်း၊ ထို့အပြင် ဝန်ထမ်းများအားလုံးအနေဖြင့် မိမိကိုယ်မိမိ အရည်အချင်းရှိစေရေး အစဉ်ကြိုးစားနေကြရန်နှင့် ဆက်စပ်ဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရသည့် ကိစ္စရပ်များတွင်လည်း အချိန်မီ ပြည့်ပြည့်စုံစုံ ပေးပို့ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ သို့မှသာ မိမိဌာန၏ ဂုဏ်သတင်းသည် မြှင့်မားမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ သင်တန်းကိစ္စရပ်များအနေဖြင့် ဌာနတွင်းသင်တန်းများ၊ အခြားသောသင်တန်းများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ ဖွင့်လှစ်သည့် သင်တန်းများနှင့် နိုင်ငံခြားသင်တန်းများသည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုအရ အချိန်ကုန်ခံ၊ ငွေကြေးအကုန်အကျခံ၊ လုပ်အားများအဆုံးရှုံးခံ ဖွင့်လှစ်ပေးထားခြင်းဖြစ်သဖြင့် အဆိုပါသင်တန်းများကို တက်ရောက်ကြရာတွင် မိမိ၏အရည်အချင်းများကို ပိုမိုတိုးတက်စေရန်နှင့် မိမိဌာနတွင် အကျိုးရှိစွာ အသုံးချနိုင်စေရန် အလေးထားကြိုးစားသင်ယူစေလိုကြောင်း။

ထို့အတူ ပြည်ပနိုင်ငံများသို့ သင်တန်းများ၊ လေ့လာရေးခရီးများ၊ ဆွေးနွေးပွဲများ သွားရောက်ရာတွင်လည်း သွားရောက်ရမည့်ရည်ရွယ်ချက်နှင့် မိမိနှင့်သက်ဆိုင်သည့် ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာသိရှိထားရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိနိုင်ငံအတွက် အကျိုးရှိမည့် တောင်းဆိုချက်များ၊ အားသာချက်များကို ပိုင်ပိုင်နိုင်နိုင် ထောက်ပြပြောဆိုနိုင်မည်ဖြစ်ပြီး မိမိနိုင်ငံအတွက် အကျိုးကျေးဇူးများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားသို့သွားရောက်သူများအနေဖြင့် နိုင်ငံကိုယ်စားပြုသွားရောက်ခြင်းဖြစ်သဖြင့် သွားရောက်ရမည့်ကိစ္စအတွက် ထဲထဲဝင်ဝင်ပိုင်နိုင်စွာ အချက်အလက်ကျကျ သိရှိနားလည် ဆွေးနွေးပြောဆိုနိုင်ခြင်းဖြင့် နိုင်ငံ၏ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဌာနကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖွင့်လှစ်ထားသည်ကိုလည်း သိရှိမည်ဖြစ်ကြောင်း၊ ထို့အတွက် အောက်ခြေရှိရုံးများအနေဖြင့် အသစ်ဖွင့်လှစ်သည့် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကြုံတွေ့ရသည့် လိုအပ်ချက်များကိုလည်း တင်ပြစေလိုကြောင်းနှင့် လိုအပ်သည်များကိုလည်း ရုံးချုပ်မှ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့အပြင် ပြည်ထောင်စု Fonts ကို စတင်အသုံးပြုနေပြီဖြစ်ရာ ပြင်ဆင်သင့်သည်များကို ဆောင်ရွက်ပြီးဖြစ်မည်ကိုလည်း ယုံကြည်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြောင်းလဲလာသည့် ခေတ်စနစ်အခြေအနေပေါ်မူတည်၍ သိရှိနိုင်ရန်နှင့် အနာဂတ်ကာလတွင် မိမိ၏အကျိုး၊ မိသားစု၏အကျိုး၊ မိမိတို့ဌာန၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို သယ်ပိုးနိုင်ရန် စေတနာထား၍ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပါဝင်ဆောင်ရွက်ပေးပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာဌာနအသီးသီးမှ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာစာသတ်ပုံသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဇူလိုင် ၈**

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ကြီးမှူးဖွင့်လှစ်မည့် ပထမအကြိမ် မြန်မာစာသတ်ပုံသင်တန်းကို ဇူလိုင် ၂၀ ရက်တွင် Moon Art Gallery ၃၅ လမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တွင် ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် မြန်မာစာဆရာကြီး ဦးထွန်းတင့်က အဓိကသင်ကြားပို့ချပေးမည်ဖြစ်ပြီး မြန်မာစာဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်၊ မြန်မာစာပါမောက္ခ ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ဆရာကြီး အကယ်ဒမီငြိမ်းမင်း၊ ဆရာကြီး ဦးရဲမြင့်ဖေ တို့လည်း ကူညီအားဖြည့် ဟောပြောပေးမည်ဖြစ်သည်။

သင်တန်းတွင် မြန်မာအခြေခံ ဗျည်း/သရများအကြောင်း၊ အခြေခံသတ်ပုံ စစ်ခြင်း အတတ်ပညာများကို အခြေခံကျကျ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလ တစ်လခွဲကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက သင်တန်းအောင်လက်မှတ် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်မည် ဖြစ်ပြီး သင်တန်းကြေး ငွေကျပ် ၃၀၀၀၀ ဖြစ်ကြောင်း၊ မြန်မာစာပေစိတ်ဝင်စားသူများ၊ သတ်ပုံစစ်ခြင်း အတတ်ပညာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ အတွက် ဇူလိုင် ၁၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ ရုံးခန်း ဖုန်း ၀၉-၃၀၀၀၂၃၁၁ သို့ ဆက်သွယ်မေးမြန်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့ မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာ ရောက်မယ်။ ကျုပ်တို့ မြန်မာပြည် ထူထောင်နိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၂၂/၂၀၁၉) ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၂/၂၀၁၉) ကျင်းပစဉ်။**
သတင်းစဉ်

## နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်သင်တန်းကျောင်း အဆောက်အဦ ဗိသုကာပုံစံ ရှင်းလင်းတင်ပြခြင်းနှင့် ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၈

**သံတမန်သင်တန်းကျောင်း(ရန်ကုန်)ဆောက်လုပ်ရန်အတွက် အဆောက်အဦ ဗိသုကာပုံစံရှင်းလင်းတင်ပြခြင်း အစီအစဉ်နှင့် သင်တန်းကျောင်းအဆောက်အဦ ဗိသုကာဒီဇိုင်းပုံစံများအား စိစစ်ရွေးချယ်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ကြသူများနှင့် ပဌမအဆင့် ဗိသုကာပုံစံများ စိစစ်ရွေးချယ်ခံရသူ ဗိသုကာပညာရှင်အဖွဲ့(၅)ဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျာမန်အဖွဲ့အစည်း Friedrich –Ebert – Stiftung (FES) တို့ ပူးပေါင်း၍ ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Wyndham Grand ဟိုတယ်၌ ကျင်းပသည်။**

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ကအမှာစကားပြောကြားပြီး ဗိသုကာဒီဇိုင်းပုံစံများ စိစစ်ရွေးချယ်ရေး ဂျူရီအဖွဲ့ဝင်များနှင့် သံတမန်သင်တန်းကျောင်း ဗိသုကာပုံစံအတည်ပြုရွေးချယ်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးသော ဗိသုကာပုံစံများ စိစစ်ရွေးချယ်ရေး ဂျူရီအဖွဲ့ဝင်များနှင့် ဦးဒင်ဇယ်အေဘယ်လ် (ညွှန်ကြားရေးမှူး-ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အဖွဲ့အား အမှတ်တရလက်ဆောင်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ပဌမအဆင့် ရွေးချယ်ခြင်းခံရသော ဗိသုကာပညာရှင်အဖွဲ့ (၅)ဖွဲ့အား ဦးဒင်ဇယ်အေဘယ်လ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သံတမန်သင်တန်းကျောင်း တည်ထောင်နိုင်ရေးဆိုင်ရာ အတိုင်ပင်ခံပညာရှင်များအဖွဲ့၊ သံတမန်သင်တန်းကျောင်း ဆောက်လုပ်နိုင်ရန်အတွက် ဗိသုကာပုံစံများ စိစစ်ရွေးချယ်ရေး ဂျူရီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဗိသုကာအသင်းမှ တာဝန်ရှိသူများ၊ ဗိသုကာဒီဇိုင်း ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်းများနှင့် ဂျာမန်အဖွဲ့အစည်း Friedrich –Ebert –Stiftung (FES) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်သင်တန်းကျောင်း အဆောက်အဦ ဗိသုကာပုံစံ ရှင်းလင်းတင်ပြခြင်းနှင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
သတင်းစဉ်

## နှစ်ပါးသွား Update ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၁၈ ရက်တွင် ရုံတင်ပြသမည်

**ရန်ကုန် ဇူလိုင် ၈**

နှစ်ပါးသွား Update ရုပ်ရှင်ဇာတ်ကား အထူးပွဲကို ယမန်နေ့ ညက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Gold Class Cinema အဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ရုပ်ရှင်ရုံကြီးများတွင် ဇူလိုင် ၁၈ ရက်မှစတင်ပြသမည်ဟု သိရသည်။

နှစ်ပါးသွား Update ရုပ်ရှင်ဇာတ်ကားတွင် အကယ်ဒမီ နေတိုး၊ အကယ်ဒမီ ဝတ်မှုံရွှေရည်၊ ယွန်းရွှေရည်၊ ဦးအောင်လွင်၊ ညောင်ညောင်၊ ငှက်ပျောကြော်၊ ဟိန်းမင်း၊ ကိုပေါက်၊ မျိုးမျိုးခိုင်၊ ကစ်ကစ်နှင့် သရုပ်ဆောင်များစွာပါဝင်ပြီး ဒါရိုက်တာကျော်ဇောလင်း(အတွေးပုံရိပ်)က အချစ်ဟာသဇာတ်မြူးရုပ်ရှင်ကားအဖြစ် ရိုက်ကူးပုံဖော်ထားသည်။

“ကိုကျော်ရဲ့ဇာတ်လမ်းကို ကျွန်တော်တို့ကို လာပေးတော့ ဇာတ်လမ်းအဆင့်မှာပဲစိတ်ဝင်စားမိတယ်။ ဇာတ်ညွှန်းမပြီးခင်မှာ လက်ခံလိုက်ပါတယ်။ အားလုံးအဆင်ပြေပါတယ်။ ဒီကားလေးက ရှားရှားပါးပါး funcy ဟာသကားလေးပါ။ အဲဒီလိုကားလေး ရိုက်ချင်တယ်ဆိုတော့ ကျွန်တော်တို့လည်း လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က လူငယ်တွေပုံစံ ဖက်ရှင်လေးနဲ့ ၁၀ နှစ်လောက်ငယ်အောင်စဉ်းစားပြီး ကလေးဆန်တဲ့ အမူအရာလေးတွေနဲ့ သရုပ်ဆောင်ခဲ့ရတယ်။ ချစ်စရာကောင်းပြီး ရယ်ရတဲ့ကားလေးဖြစ်လို့ ပျော်ရွှင်ခြင်းနဲ့အတူ ချစ်ခြင်း Romance အရသာလေးကို ခံစားရမှာမို့ လာကြည့်ဖို့ဖိတ်ခေါ်အပ်ပါတယ်”ဟု အကယ်ဒမီနေတိုးက ပြောသည်။

ဤဇာတ်ကားကို ရန်ကုန်မြို့နှင့် ပြင်ဦးလွင်တို့တွင် လွန်ခဲ့သည့် နှစ်နှစ်ကျော်က ရိုက်ကူးခဲ့ကြောင်း နေတိုး၏ လူယုံနေရာတွင် ပါဝင်သရုပ်ဆောင်ထားသည့် ဦးမင်းဟိန်းက ပြောသည်။

**သန့်ဇင်ဝင်း**

## စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်နှင့် ချင်းပြည်နယ်တို့၌ မိုးပိုနေမည်

**နေပြည်တော် ဇူလိုင် ၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီပေးကြလျှင် မဟာနာယကအဖွဲ့ကြီးသည် အပြစ်ကင်း၍ သန့်ရှင်းသည်ထက် သန့်ရှင်းသောအဖွဲ့ကြီးဖြစ်လာမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါး စုံညီ**
**ဒုတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော**
**အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
**ဗန်းမော်ကျောင်းတိုက်ဆရာတော်**
**ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏**
**သာရဏီယ သြဝါဒကထာ**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်(တနင်္လာနေ့)**



အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဒုတိယအစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား-

ဆရာတော်ဘုရားများ သက်တော်ရာကျော်ရှည်တော်မူကြလျက် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်း ချမ်းမြေ့စွာဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးတို့ကို လုံ့လမလစ် အားသစ်ကြိုးပမ်းထမ်းဆောင်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမ အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား-**

ယခုစည်းဝေးတော်မူကြသည့် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့သည် ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း (၁၁)ရက်၊ (၁၆-၃-၂၀၁၉) က ကျင်းပခဲ့သော အဋ္ဌမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးက အသစ်ဖွဲ့စည်းပေးခဲ့သော အဖွဲ့သစ်ဖြစ်ပါသည်။ အဖွဲ့သစ်ဖြစ်သည့်အလျောက် လူသစ်စိတ်သစ်ဖြင့် မိမိတို့တာဝန်ကျရာ ကာလအတွင်း၌ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးတို့ကို ဆတက်ထမ်းပိုးတိုး၍ အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျှောက်ထားပါသည်ဘုရား။

ဤသို့ အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြရာ၌ အဂတိဂမနကင်းစင်စွာဖြင့် အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ဖို့ အရည်အချင်းပြည့်ဝသည့် အရှင်များဖြစ်လာစေရန်

**" တတ္ထ ဒက္ခော ဟောတိ အနလသော၊ တတြုပါယာယ ဝီမံသာယ သမန္နာဂတော အလံ ကာတုံ အလံ သံဝိဓာတုံ"** (အံ၊ ၃၊ ၁၀၈) ဟူသော မြတ်ဗုဒ္ဓ၏ ဒေသနာတော်အရ-

၁။ မိမိတို့ဆောင်ရွက်ရမည့်သာသနာတော်ကိစ္စဟူသမျှတို့၌ ကျွမ်းကျင်လိမ္မာသော ဒက္ခဂုဏ်၊
၂။ မိမိတို့ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စဟူသမျှတို့၌ မပျင်းမရိ လုံ့လရှိရှိဆောင်ရွက်နိုင်သော အနလသဂုဏ်၊
၃။ မိမိတို့ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စဟူသမျှတို့၌ အကြောင်းဥပါယ် အသွယ်သွယ်မှာ စူးစမ်းနိုင်းချိန်နိုင်သော ဥပါယဝီမံသာဂုဏ်၊
၄။ မိမိတို့ဆောင်ရွက်ရမည့်သာသနာတော်ကိစ္စဟူသမျှတို့၌ ပြုလုပ်ခြင်းငှာ စွမ်းနိုင်သော ကရဏသမတ္ထဂုဏ်၊
၅။ မိမိတို့ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စဟူသမျှတို့၌ စီမံခြင်းငှာ စွမ်းနိုင်သော သံဝိဓာနသမတ္ထဂုဏ်

တို့နှင့် ပြည့်စုံအောင် လုံ့လကြိုးကုတ်အားထုတ်တော်မူသင့်ကြပါသည်ဘုရား။

ယခုလျှောက်ထားခဲ့သော ဂုဏ်တို့နှင့်ပြည့်စုံအောင်လည်း မိမိတို့လေ့လာသင်ကြားထားသည့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ စသည့်တန်တန်ကျမ်းဂန်များသာမက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်း၊ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ၊ ဝိနည်းဓမ္မကံဥပဒေများ၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာ စသည်များကိုလည်း ကျေညက်အောင်အမြဲမပြတ် ဖတ်ရှုလေ့လာထားရန် လိုအပ်ပါသည်ဘုရား။

ဤသို့ကျေညက်အောင်အမြဲမပြတ်ဖတ်ရှုလေ့လာထားမှသာ မိမိတို့ဆောင်ရွက်ချက်များ ဓမ္မဝိနယနှင့်ညီ၊ မညီကိုလည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာစသည်များနှင့် ညီ- မညီကိုလည်းကောင်း အလွယ်တကူသိနိုင်ကြမည်ဖြစ်ပါသည်ဘုရား။

အခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းစသည်တို့ကို ကျေကျေညက်ညက်လေ့လာမထားပါက လွဲမှားစွာ ဆုံးဖြတ်မိတတ်ကြပါသည်။ ဥပမာ-နာယကအဖွဲ့က ဆုံးဖြတ်ခွင့်မရှိသော မှုခင်းမျိုးကိုဝင်ရောက်ဆုံးဖြတ်မိခြင်းမျိုး၊ ပြည့်ပြည့်စုံစုံစိစစ်ရမည့်မှုခင်းများ၌ ပြည့်စုံအောင်မစိစစ်ခြင်းမျိုးစသည်တို့ဖြစ်ပါသည်။ ဤအချက်သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်များသာမက တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်အားလုံး သတိပြုရမည့်အချက်ဖြစ်ပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား-**

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည်

**"ဝေမေဝ ခေါ ရာဟုလ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေန ကမ္မံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝါစာယ ကမ္မံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနသာ ကမ္မံ ကာတဗ္ဗံ"** (မ၊ ၂၊ ၇၈) ဟူသော အမ္ဗလဋ္ဌိကရာဟုလောဝါဒ သုတ်လာဒေသနာတော်ကို လေးလေးစားစားလိုက်နာသောအားဖြင့် "မလုပ်ခင် ကြိုတင်စဉ်းစားပါ" ဟူသော မြန်မာပရိဘာသာအရ မိမိတို့ဆောင်ရွက်ရမည့် သာသနာ့ကိစ္စဟူသမျှတို့ကို ဓမ္မဝိနယ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲ၊ ညွှန်ကြားလွှာစသည်တို့နှင့် ညီညွတ်မှုရှိ-မရှိကို ဆင်ခြင်စဉ်းစားပြီးမှ ပြုလုပ်ဆောင်ရွက်တော်မူကြပါ။ ဤသို့ ဆင်ခြင်စဉ်းစားတော်မူသည့်အခါ ဓမ္မဝိနယ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲ၊ ညွှန်ကြားလွှာစသည်တို့နှင့်ညီညွတ်မှုမရှိဟု သိရလျှင်၊ မပြုလုပ်ရသေးမဆုံးဖြတ်ရသေးသောကိစ္စဖြစ်ပါက ရှေ့သို့ ဆက်လက်မပြုလုပ်ဘဲ ရပ်ဆိုင်းထားနိုင်ပါသည်။ ပြုလုပ်ပြီး၊ ဆုံးဖြတ်ပြီးဖြစ်ပါကလည်း အမှန်သို့ရောက်အောင်ပြင်ဆင်၍ နောင်အခါမပြုမိအောင် ရှောင်ကြဉ်နိုင်ပါသည်။

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၌ အဖွဲ့ခွဲသုံးဖွဲ့ရှိရာတစ်ဖွဲ့၏ ဆုံးဖြတ်ဆောင်ရွက်ချက် (သို့မဟုတ်) တစ်ပါး၏ ဆုံးဖြတ်ဆောင်ရွက်ချက်တွင် လုပ်ထုံးစသည်နှင့်မညီညွတ်သောအချက်ကို အခြားအဖွဲ့ခွဲက (သို့မဟုတ်) အခြားပုဂ္ဂိုလ်တစ်ပါးက တွေ့ရှိလျှင်လည်း အကျိုးလိုလားသောစိတ်ထားဖြင့် ပြုပြင်ပေးသင့်ကြပါသည်။ ယင်းသို့ပြုပြင်ပေးသည်ကို ဆောင်ရွက်မိသောအဖွဲ့က (သို့မဟုတ်) ဆောင်ရွက်မိသောပုဂ္ဂိုလ်က

**နိဓီနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။**
**နိဂ္ဂယှဝါဒိံမေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။**
**တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ န ပါပိယော။**
**(ဓမ္မပဒ၊ ၂၄၊ ထေရ-၃၄၄)**

ဟူသော ဒေသနာတော်ကို ဦးထိပ်ဝယ်ပန်ဆင်၍ ရွှေအိုးကိုပြောပြညွှန်ကြားလာသူကဲ့သို့ သဘောထားကာ ဝမ်းမြောက်ဝမ်းသာ ပြင်ဆင်ပေးသင့်ကြပါသည်ဘုရား၊ ဤသို့တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီပေးကြလျှင် မဟာနာယကအဖွဲ့ကြီးသည် အပြစ်ကင်း၍ သန့်ရှင်းသည်ထက် သန့်ရှင်းသောအဖွဲ့ကြီးဖြစ်လာမည်မှာ မလွဲပါဘုရား။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အရှင်မြတ်တို့ဘုရား-**

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် ဘုန်းရှင်ကံရှင် သမ္မာရှင်တို့သာ ချီးမြှောက်ခွင့်ရနိုင်သည့် ဘုန်းရှင်၊ ကံရှင်၊ သမ္မာရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သာသနာတော်မြတ်ကြီးကို ကုသိုလ်ကံအလျောက် ချီးမြှောက် ခွင့်ရနေသည့်အခိုက်ဖြစ်ခြင်း၊ နိုင်ငံတော်အစိုးရမင်းတို့ကလည်း ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးကို သာသနာပစ္စတ္ထိကတို့၏ အနှောင့်အယှက်မှကင်းအောင်ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်မှု၊ အာမိသပစ္စည်းတို့ဖြင့် ထောက်ပံ့မှု၊ သာသနာ့ကိစ္စဆောင်ရွက်ကြရာဝယ် လိုအပ်သောအကူအညီပေးမှုစသည်တို့ဖြင့် အားပေးချီးမြှောက်ထောက်ပံ့နေခြင်းစသော လွန်စွာရခဲသော အခွင့်ကောင်းရရှိနေသည့်အခိုက် **" မာ ဝေါ ခဏံ ဝိရာဓေထ"** (အပ၊ ၁၊ ၅၁) ဟူသော ဥပါလိတ္ထေရာပဒါန်ဒေသနာတော်အရ ယင်းအခွင့်ကောင်းကို လက်မလွှတ်စေဘဲ သာသနာတော်သန့်ရှင်းအောင်၊ အရှည်ခံ၍ တည်တံ့အောင်စည်ပင်ထွန်းကားပြန့်ပွားတိုးတက်အောင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဗိုလ်ငါးဖြာလက်ကိုင်ထားလျက် ကြိုးစားအားထုတ်တော်မူကြပါရန် လေးလေးနက်နက်တိုက်တွန်းလျက် တပည့်တော်၏ သာရဏီယသြဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အရှင်မြတ်တို့ဘုရား။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရွှေပြည်အေး(ဖယ်ခုံ) ရှိ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်းတက်ရောက်သူများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၈

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ညနေပိုင်းက ရှမ်းပြည်နယ် ဖယ်ခုံမြို့ရှိ ရွှေပြည်အေးမူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းသို့သွားရောက်ခဲ့ပြီး စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်းတက်ရောက်လျက်ရှိသော သင်တန်းသားများနှင့် တွေ့ဆုံသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရွှေပြည်အေး(ဖယ်ခုံ)ရှိ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်း တက်ရောက်သူများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှန်တကယ် စိတ်ဝင်စားပြီး စိတ်ရင်းစေတနာမှန်ဖြင့် ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်ရန် သင်တန်းတက်ရောက်လာကြသူများအား ကျေးဇူးအထူးတင်ရှိကြောင်း၊ မိမိတို့ပတ်ဝန်းကျင်တွင် မူးယစ်ဆေးစွဲသူများရှိနေပြီး ဆေးဖြတ်ရန် တိုက်တွန်းခြင်း၊ ဆေးဖြတ်ပြီးသူများ အမှန်တကယ် အကျိုးရှိစွာ ဘဝကိုရင်ဆိုင်နိုင်ရေး ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဖယ်ခုံဆေးရုံမှ လက်ထောက်ဆရာဝန်က မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆက်စပ်သော ဆေးဝါးများ၊ ဆေးခန်းသုံးပစ္စည်းများလိုအပ်ချက်နှင့် စိုက်ပျိုးရေးတာဝန်ခံအရာရှိက သင်တန်းဖွင့်လှစ်ချိန်တွင် သင်တန်းသားများအား စိုက်ပျိုးရေးလုပ်ငန်းလုပ်ဆောင်ရန်အတွက် ဆောင်ရွက်ထားရှိမှုများကို တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးသင်တန်းဖွင့်လှစ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုပြီး သင်တန်းများ ဆက်လက်ဖွင့်လှစ်နိုင်ရေး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရာတွင် စခန်းအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စခန်းနှင့်ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း (၃) ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဖြတ်ကုသပြီးသူများအား လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ နေထိုင်နိုင်ရန်အတွက် ရပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းနှင့် ဆေးစွဲသူဘဝသို့ ပြန်လည်မရောက်ရှိစေရန် စေတနာ့ဝန်ထမ်းမူးယစ် ကြီးကြပ်ရေးမှူးများက နောက်ဆက်တွဲစောင့်ရှောက်ပေးခြင်း (After Care Service) တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာနက တာဝန်ယူထားသော မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများ အနေဖြင့် ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ နမ့်လတ်(တောင်ကြီး)၊ မြဝတီ၊ ကော့သောင်း၊ ဖယ်ခုံ၊ ဝက်ထီးကန်(ပြည်)ဟူ၍ စခန်း ၁၁ ခုရှိပြီး ယခုအခါ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံ၊ ဖယ်ခုံ၊ ဝက်ထီးကန် (ပြည်) တို့တွင် လုပ်ငန်းများ ထိရောက်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွင်း စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်းများကို မြစ်ကြီးနားမြို့တွင်သုံးကြိမ်၊ မန္တလေးမြို့တွင်တစ်ကြိမ်၊ ဖားကန့်မြို့တွင် တစ်ကြိမ်၊ မြဝတီမြို့တွင် တစ်ကြိမ် စုစုပေါင်းခြောက်ကြိမ် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီးစခန်း၊ စခန်းနှင့်ရပ်ရွာ၊ ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသပြီးသူများ ပြန်လည်ထူထောင်ရေး သင်တန်းများကို မြစ်ကြီးနားပြန်လည်ထူထောင်ရေးစခန်းတွင် တစ်ကြိမ်၊ မန္တလေးပြန်လည်ထူထောင်ရေး စခန်းတွင် နှစ်ကြိမ်၊ ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်းတွင်တစ်ကြိမ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင်တစ်ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင်နှစ်ကြိမ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်တွင်နှစ်ကြိမ်၊ ကချင်ပြည်နယ် ဖားကန့်ဒေသတွင် တစ်ကြိမ် စုစုပေါင်း ၁၀ ကြိမ် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို စာမျက်နှာ - ၄ တွင် ဖော်ပြထားပါသည်။)**

**သာသနာပြု စိတ်ဓာတ် အပြည့်အဝဖြင့် ဆောင်ရွက်နိုင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယခုအခါ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် သတ္တမအကြိမ်သက်တမ်းမှ အဋ္ဌမအကြိမ်သက်တမ်းသို့ ကူးပြောင်းခဲ့ပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် အသစ်သစ်သော သံဃမဟာနာယကဆရာတော်များ အစားထိုးဝင်ရောက်လာသကဲ့သို့ ဝိနည်းဓိုရ်ဆရာတော် အဆင့်ဆင့်တွင်လည်း အသစ်သစ်သော ဝိနည်းဓိုရ်ဆရာတော်များ အစားထိုးဝင်ရောက်လာမှုများရှိလာသည်ကို သိရှိရပါကြောင်း၊ အစားထိုးဝင်ရောက်လာသော သံဃမဟာနာယကဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များသည် သံဃာ့အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းများနှင့် ဝိနိစ္ဆယဆိုင်ရာလုပ်ငန်းများ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သံဃနာယကနှင့် ဝိနည်းဓိုရ်မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချသင့်သည်ဟု လျှောက်ထားလိုပါကြောင်း၊ ထိုသို့ နာယကသင်တန်းနှင့် ဝိနည်းဓိုရ်မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းကြောင့် သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များသည် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့်း လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများကို ကျေကျေညက်ညက် ပိုင်ပိုင်နိုင်နိုင် ရှင်းရှင်းလင်းလင်းလေ့လာရသဖြင့် သံဃနာယကလုပ်ငန်း၊ ဝိနိစ္ဆယလုပ်ငန်းများကို သာသနာပြု စိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွဆောင်ရွက်နိုင်ကြမည် ဖြစ်ပါကြောင်း။

**နှစ်စဉ်ဝါဆိုသံဃာစာရင်း ကောက်ယူလျက်ရှိ**

သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်း အပိုဒ်-၉၇၊ အပိုဒ်ခွဲ(ဃ)အရ မြို့နယ်သံဃနာယကအဖွဲ့များက နှစ်စဉ်ဝါဆိုသံဃာစာရင်း ကောက်ယူလျက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ ၂၀၁၈ ခုနှစ် ဝါဆိုသံဃာစာရင်းအရ ရဟန်းသာမဏေပေါင်း ၅၂၆၃၇၃ ပါး ရှိကြောင်းနှင့် သာသနာ့နွယ်ဝင် သီလရှင် ၆၇၅၂၁ ပါး ရှိသည်ဟု သိရှိရပါကြောင်း။

ယခု ၁၃၈၁ ခုနှစ် ၂၀၁၉ ခုနှစ်တွင် ဝါဆိုသံဃာစာရင်းကောက်ယူရာတွင် ပိုမိုစနစ်တကျရှိစေရေးနှင့် တိကျမှန်ကန်စွာ ကောက်ယူနိုင်ရေးအတွက် IT နည်းပညာများဖြင့် အသုံးပြုနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။ ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဝါဆိုသံဃာစာရင်းကောက်ယူရေးအဖွဲ့များ ဖွဲ့စည်းပြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ထုတ်ပြန်ထားသော ညွှန်ကြားလွှာများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အထောက်အပံ့များစွာ ရရှိနိုင်**

ဝါဆိုသံဃာစာရင်းများ တိကျမှန်ကန်စွာ ရရှိခြင်းအားဖြင့် သံဃာအဖွဲ့အစည်းအဆင့်ဆင့်ရွေးချယ်ဖွဲ့စည်းခြင်း၊ ပထမပြန် ဓမ္မာစရိယ စာမေးပွဲဖြေဆိုခြင်း၊ ဝိနိစ္ဆယလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သာသနာဝင်မှတ်တမ်းစိစစ်ရေးကတ်များ ဆောင်ရွက်ခြင်း၊ ရဟန်း သာမဏေများအတွင်း စိမ့်ဝင်နေသော ရဟန်းတုရဟန်းယောင်များကို ဖယ်ရှားနိုင်ခြင်းစသော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အထောက်အပံ့များစွာ ရရှိနိုင်မည်ပါကြောင်း။

**တစ်စတစ်စနည်းပါးသွားမည်ဖြစ်**

နိဂုံးချုပ်အားဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့်တကွ သံဃာ့အဖွဲ့အစည်းအသီးသီး၌ ပါဝင်သော ဆရာတော်ကြီးများညီညီညွတ်ညွတ်တိုင်ပင်ညှိနှိုင်းပြီး မျက်ခြည်မပြတ်သတိချပ်လျက် တက်တက်ကြွကြွ လက်တွဲဆောင်ရွက်နိုင်ကြပါက သာသနာတော်ကြီးကို ကွယ်ပျောက်စေနိုင်မည့် သာသနာ့အတွင်းရန် အပြင်ရန်များ တစ်စတစ်စနည်းပါးသွားမည် ဖြစ်ပါကြောင်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အထက်အောက် ညှိနှိုင်းဆွေးနွေးကြခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းအားဖြင့် သာသနာ့ရန်စွယ်အန္တရာယ်များ ကာကွယ်တားမြစ်နိုင်မည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် အဋ္ဌမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ) ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က တင်သွင်းလျှောက်ထားသည်။

**ဝေဖန်ဆွေးနွေးတော်မူ**

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ) ၏ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြပြီး သာသနာ့ရေးရာကိစ္စများ၊ ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားကြရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

**ဆက်ကပ်လှူဒါန်း**

အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ဦးရဲမြင့်နှင့်ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၏ ရှေ့မှောက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးနှင့် IRI အဖွဲ့မှ Resident Program Director Mr. Jeremy Liebowitz တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။ သတင်းစဉ်

# ရွေးကောက်ပွဲများတွင် အားလုံးပါဝင်မှုမြှင့်တင်ရေးပံ့ပိုးရန်အတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Republican Institute (IRI) အဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် IRI နှင့် ယခင်ကတည်းက ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ နိုင်ငံရေးပါတီများ သင်တန်းပေးခြင်း၊ ရွေးကောက်ပွဲများတွင်အမျိုးသမီးနှင့် လူငယ်များပါဝင်မှုမြှင့်တင်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း၊ သင်တန်းများဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများအားလုံး ညီတူညီမျှပါဝင်စေပြီး တစ်ပြေးညီဖြစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်များ၊ ဥပဒေ၊ နည်းဥပဒေများကို အလေးထားပြီး သင်တန်းပေးရန်လိုအပ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းဖြစ်စေရေးဆိုသည့် စံ (၅) ချက်နှင့်အညီ ဆောင်ရွက်ရန်သန္နိဋ္ဌာန်ချထားပြီး နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အမျိုးသမီးနှင့် လူငယ်များပါဝင်မှု**

ဆက်လက်၍ IRI အဖွဲ့၏ Resident Program Director Mr. Jeremy Liebowitz က IRI အဖွဲ့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပံ့ပိုးကူညီမှုများကြောင့် အောင်မြင်မှုများရရှိခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အားလုံးပါဝင်မှု မြှင့်တင်ရေးဆောင်ရွက်ရာ၌ အမျိုးသမီးနှင့် လူငယ်များပါဝင်မှုကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးနှင့် IRI အဖွဲ့မှ Resident Program Director Mr. Jeremy Liebowitz တို့က လက်မှတ်ရေးထိုး လဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဇူလိုင် ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ လားရှိုးမြို့နယ် မန်ကောင်း (မုန်းယင်း) ကျေးရွာအုပ်စုရှိ ဟိုခို၊ ပန်ကောင်းမှူး၊ ပန်လျှော်၊ မိုင်းလင်းနှင့် နမ့်မော်ကျေးရွာများ မီးလင်းရေး စီမံချက်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆိုလာအစုံ ၃၆၀ ကို ဒုတိယဝန်ကြီးက ထောက်ပံ့ပေးအပ်ခဲ့ရာ ကျေးရွာကိုယ်စားလှယ်များနှင့် ရွာသူ ရွာသားများက လက်ခံရယူကြသည်။ **(ယာပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သိန်းနီမြို့နယ် စယ်အူ-နမ့်ခိုက်ကျေးရွာချင်း ဆက်လမ်း (၁၀/၀)မိုင်အနက် (၁/၀) မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း၊ နားကုန်း-ဟိုဆော် (၄/၀) မိုင်အနက် (၁/၀) မိုင် ကျောက်ခင်းလုပ်ငန်း၊ နမ့်စလပ်-ဟိုနား ကျေးရွာချင်းဆက်လမ်း (၄/၀) မိုင်အနက် ကျန် (၃/၀)မိုင် အပြီးသတ် ကျောက်လမ်းခင်းခြင်းလုပ်ငန်းတို့အား ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်း၊ တံတားလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလပြီးစီးရေး၊ အရည်အသွေးစံချိန်စံညွှန်းနှင့်အညီ ရေရှည်တည်တံ့ကောင်းမွန်စေရေးနှင့် ဒေသခံပြည်သူများကလည်း လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းပေးရေးတို့ကို မှာကြားခဲ့ကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**နေရာကွက်၍ မိုးကြီးနိုင်**

**နေပြည်တော် ဇူလိုင် ၈**

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့်ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယနေ့နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ယနေ့နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ဝမ်းနည်းခြင်းအထိမ်းအမှတ်မှသည် . . .

**အန်ကယ်ပညာ**



မြန်မာတစ်နိုင်ငံလုံး ဝမ်းနည်းပူဆွေးခဲ့ရသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များ၏ ဈာပနအခမ်းအနားမြင်ကွင်း မှတ်တမ်းဓာတ်ပုံ။

> **“မျိုးဆက်သစ်လူငယ်များ၏ နှလုံးသားတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ နိုင်ငံနှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့မှုများ၊ တစ်ဦးချင်းစီ၏ လေးစားအားကျ အတုယူစရာအချက်များကို သိရှိနားလည်ကာ ၎င်းတို့ အရယူပေးခဲ့သည့် လွတ်လပ်ရေးကို အလေးထားတန်ဖိုးထားသည့်စိတ်၊ အမိနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်များ ပေါက်ဖွားရှင်သန်လာကြမည်ဖြစ်”**

မိုးသည် တစိမ့်စိမ့်ရွာနေသည်။ “....ဝမ်းနည်းခြင်း အထိမ်းအမှတ် ...နှစ်မိနစ်ငြိမ်”

အခမ်းအနားမှူး၏ အစီအစဉ်အတိုင်း ငြိမ်သက်လိုက်ကြသည်။

စိတ်တွင်ကား အမှန်တကယ်ပင် ဝမ်းနည်းနေမိသည်။ လွန်ခဲ့သောရက်အနည်းငယ်အတွင်း ဆရာ၊ ဆရာမတို့က ဤရက်အကြောင်းကို ဟောပြောခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ပြောသည်။ အစည်းအဝေးလုပ်နေစဉ် လူတစ်စုက သေနတ်များဖြင့် ဝင်ပစ်သဖြင့် ဗိုလ်ချုပ်နှင့်လူကြီးတွေ ကျဆုံးခဲ့ရသည်ဟုလည်း ပြောသည်။

အစည်းအဝေးခန်းမှ ပြန်အထွက်တွင် သက်တော်စောင့် ရဲဘော်လေးကိုထွေးကိုလည်း ပစ်သတ်ခဲ့ကြသည်ဟု ဆိုသည်။ ဂဠုန်ဦးစောနှင့် သေနတ်သမားများကို ကြိုးစင်တင်၍ အပြစ်ပေးခဲ့ကြဟုလည်း ပြောသည်။ ဆရာ၊ ဆရာမတို့ ပြောသည့်အထဲတွင် ဗိုလ်ချုပ်အောင်ဆန်းသည် လေးစားစရာ လူတစ်ယောက်ဖြစ်ကြောင်း မှတ်မိသည်၊ သူ့ကိုအားကျသည်။ အစည်းအဝေးခန်းထဲသို့ သေနတ်တွေနဲ့ ဝင်ပစ်ကြပုံကို မှတ်မိသည်။ လေးစားစရာအားကျသည့်ပုဂ္ဂိုလ် သေနတ်သမားများ၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသည်ကို နှမြောသည်။

**အမှန်တကယ်ဝမ်းနည်းနေမိ**

သက်တော်စောင့် ရဲဘော်လေးကိုထွေးကို သနားသည်။ ဂဠုန်ဦးစောဆိုသည့် နာမည်ကို မှတ်မိသည်။ ဂဠုန်ဦးစောနှင့် သေနတ်သမားတွေကို အကျင့်ယုတ်သည်ဟု ထင်သည်။ မတရားလုပ်သူများဟု သတ်မှတ်သည်။ သူတို့ကို အပြစ်ပေးသည့်အတွက် ကျေနပ်သည်။ ထိုထက်ကား ထူးပြီး မမှတ်မိ။ သို့ရာတွင် မိုးတစိမ့်စိမ့်ရွာနေစဉ် ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ငြိမ်သက်နေချိန်တွင် အမှန်တကယ်ဝမ်းနည်းနေမိသည်ကား အမှန်ပင်ဖြစ်သည်။ ဤသည်လည်း မည်သည့်အတွက် ဆိုသည်ကား ပြောမပြတတ်။

ဆရာ၊ ဆရာမတို့က ဤနေ့အကြောင်းကို ပြောမပြခဲ့လျှင်ကား ဝမ်းနည်းမိချင်မှ ဝမ်းနည်းမိလိမ့်မည်။ မိုးရေထဲတွင် အဓိပ္ပာယ်မဲ့စွာ ရပ်နေခဲ့ရသည်ဟုသာ ထင်မိပေလိမ့်မည်။

ဤသို့ အလယ်တန်းကျောင်းသားဘဝ အာဇာနည်နေ့အခမ်းအနား တက်ရောက်ခဲ့စဉ်က အတွေးတို့ကို ချရေးကြည့်ဖြစ်ပါသည်။ ကလေးအတွေးဟုပင် ဆိုကြပါစို့။

ထိုစဉ်က ဟောပြောခဲ့ကြသည့် ဆရာ၊ ဆရာမတို့သည် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ မတိုင်မီ နှစ်အနည်းငယ်နှင့် ထိုနေ့နောက်ပိုင်းမှ မွေးဖွားလာသူများသာ ဖြစ်ကြသည်။ ထိုနေ့ ထိုကာလအပိုင်းအခြားတွင် သူတို့သည် ကလေးငယ်များ သို့မဟုတ် လူ့လောကထဲသို့ မရောက်လာသေးသူများသာ ဖြစ်ကြသည်။ သို့ဖြစ်၍ သူတို့သည်လည်း အာဇာနည်နေ့ အကြောင်းကို တစ်ဆင့်စကားဖြင့်သာ အစပြုသိရှိခဲ့ကြသူများ ဖြစ်ပေမည်။ တစ်ဖန် ထိုသူတို့၏ပြောပြချက်အရ ထိုနေ့ အကြောင်းကို မိမိတို့ သိခွင့်ရခဲ့ပြန်သည်။ အတိတ်သမိုင်း တစ်ခုကို အဆင့်ဆင့်လက်ဆင့်ကမ်းခြင်း မည်ပေသည်။

**ဒုပ်မဲ့အမွေသည်စွမ်းအားကြီး**

ထိုသို့ လက်ဆင့်ကမ်းခြင်းသည် အကောင်အထည် ဆုပ်ကိုင်ပြ၍မရသည့် ဒြပ်မဲ့အမွေပင်ဖြစ်သည်။ သို့ရာတွင် ထိုဒြပ်မဲ့အမွေသည် စွမ်းအားကြီးသည်။ ကျောင်းသားအရွယ် ကလေးငယ်များ၏ နုနယ်သည့် နှလုံးသားသို့ ထိုးဖောက်ဝင်ရောက်၍ ထာဝစဉ်ကိန်းအောင်း နေပေတော့သည်။ သို့ဖြစ်၍ ထိုသို့စွမ်းအားကြီးသည့် ဒြပ်မဲ့အမွေမျိုးကို ကျောင်းနေအရွယ် ကလေးငယ်များကို များများပေးရမည်ဟု ထင်သည်။ တစ်ဦးချင်းစီ၏ စွမ်းအားသည် နိုင်ငံ့စွမ်းအားပင် မဟုတ်ပါလော။

ထိုသို့ ဒြပ်မဲ့အမွေကို လက်ဆင့်ကမ်းရာတွင် လက်ခံသူတို့၏ အသက်အရွယ်အရ အထက်တွင်ဆိုခဲ့သည့်အတိုင်း အသေးအမွှားမျှသာ လက်ခံလိုက်နိုင်မည်ဖြစ်သည်။ သို့ရာတွင် ပြဿနာမရှိ။ ထိုအသေးအမွှားသည် သေးငယ်သည့် မျိုးစေ့တစ်စေ့ပမာဖြစ်၏။ ကြီးမားသည့်ညောင်ပင်ကြီးသည် သေးငယ်သည့်မျိုးစေ့က ပြောင်းလဲဖြစ်တည်လာခြင်းသာဖြစ်၏။ သို့ဖြစ်၍ မျိုးစေ့ချပေးရန်သာ လိုရင်းဖြစ်သည်ကို သိရှိထား ရပေမည်။

**အသေးအမွှားမျိုးစေ့လေး**

လူတို့သည် ငယ်ရာကကြီးလာကြသည်။ ငယ်စဉ်ကသိခဲ့သည့် အသေးအမွှားကို အကျယ်ချဲ့ကြည့်လိုလာသည်။ မိမိ လေးစားသည်၊ အားကျသည်ဆိုသည့် ဗိုလ်ချုပ်အောင်ဆန်းသည် ဘယ်လိုလူမျိုးနည်း။ တိုင်းပြည်အတွက် ဘာတွေလုပ်ခဲ့သနည်း။ ဘယ်ပုံဘယ်နည်း ကျဆုံးခဲ့ရသနည်းဆိုသည်တို့ကို လေ့လာဖြစ်ခဲ့သည်။

လုပ်ကြံမှုကို ဦးဆောင်ကြံစည်ခဲ့သည့် ဂဠုန်ဦးစောကကော ဘယ်လိုလူမျိုးလဲ။ ကြံရာပါလက်ပါးစေတွေကကော ဘယ်သူတွေလဲ။ သူတို့ဘာတွေ လုပ်ခဲ့ကြတာလဲ။ ပြီးတော့ ဘာတွေဖြစ်သလဲဆိုတာတွေကို အသေးစိတ်သိလိုလာသည်။ ဖတ်ရှုလေ့လာဖြစ်ခဲ့သည်။ ထိုသို့လေ့လာရင်း ထိုခေတ်နိုင်ငံရေး အခြေအနေ၊ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတို့ကို သိခွင့်ရခဲ့သည်။ ထိုအကြောင်းအရာများထဲက အမှားနှင့်အမှန် သင်ခန်းစာယူစရာများကို ဖော်ထုတ်တတ်လာသည်။ ဤသည်မှာ အထက်တွင် တင်ပြခဲ့သည့် အသေးအမွှားမျိုးစေ့လေးက ဖြစ်တည်ရှင်သန်လာသည့် အသီးအပွင့်များပင် ဖြစ်ပေလိမ့်မည်။

**အောက်မေ့သတိရ ဂုဏ်ပြုသောအားဖြင့်**

သို့ဖြစ်၍ ငယ်စဉ်ကျောင်းသားဘဝက အာဇာနည်နေ့အကြောင်းကို ဟောပြောပို့ချပေးခဲ့ကြသည့် ဆရာ၊ ဆရာမတို့ကို အောက်မေ့သတိရဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ ထိုအကြောင်းအရာကို ကျောင်းသူ၊ ကျောင်းသားများသို့ လက်ဆင့်ကမ်းဟောပြောကြဦးမည့် ဆရာ၊ ဆရာမတို့ အလွယ်တကူ ကိုးကားနိုင်ရန်အတွက် လည်းကောင်း မိမိလေ့လာသိရှိရသမျှကို ရေးသားဖော်ပြရန် စိတ်ကူးမိပါသည်။

ဤသို့ ရေးသားဖော်ပြရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သက်ဆိုင်သည့် အကြောင်းအရာတို့အတွက် ရှာဖွေလေ့လာရန် စာအုပ်စာစောင် အမြောက်အမြား ရှိနေသည့်အတွက် ချန်လှပ်ထားခဲ့လိုပါသည်။ ထို့အပြင် နောက်ခံအကြောင်းအရာ များစွာရှိနေသော်လည်း ထိုနေ့နှင့် သက်ဆိုင်သည့် လူပုဂ္ဂိုလ်၊ ထိုနေ့က အဖြစ်အပျက်၊ အဖြစ်အပျက်၏ အကျိုးဆက်မျှကိုသာ ကွက်၍ ဖော်ပြ ပေးသွားမည် ဖြစ်ပါသည်။

**လုပ်ကြံမှုကြီး၏ခေါင်းဆောင်**

လုပ်ကြံမှုကြီး၏ ခေါင်းဆောင်မှာ ဂဠုန်ဦးစောဖြစ်သည်။ ထိုအမည်ကို ငယ်စဉ်ကတည်းကပင် မှတ်မိနေခဲ့သည်။ သူသည် အကြံကြီးသူ၊ အငြိုးအတေးကြီးသူဖြစ်သည်။ တစ်ယောက်တည်း ထမင်းစားရင်း အချိန်များစွာကြာအောင် အကြံထုတ်နေလေ့ရှိသည်။ သူ၏လျှို့ဝှက်အကြံအစည် မပေါက်ကြားစေရေးအတွက် သူ၏အစေအပါးအားလုံးထဲက မည်သူကိုမဆို သင်္ကာမကင်းဖြစ်ရုံမျှဖြင့် အစဖျောက်ပစ်ရန် စီစဉ်ထားသည်။

စီစဉ်ထားပုံမှာ သူ့အိမ်ရှိ အစေအပါးအားလုံးကို “ကျွန်တော်သည် ကျွန်တော့် ကိုယ်ရေးကိုယ်တာအတွက် လောကကြီးကို စိတ်ပျက်သဖြင့် အသက်ရှင်၍ မနေလိုတော့သဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ပါသည်” ဟူသည့် စာကို ကိုယ်တိုင်ရေးသားထားစေသည်။ သင်္ကာမကင်းဖြစ်လျှင် ထိုသူကိုသေနတ်ဖြင့် ပစ်သတ်ပြီး အင်္ကျီအိတ်ထဲတွင်စာနှင့် လက်ထဲတွင် သေနတ်တစ်လက်ထည့်၍ တစ်နေရာတွင် စွန့်ပစ်ကာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသည့်သဏ္ဌာန် ဖန်တီးပစ်မည့်သဘောဖြစ်သည်။

**အကြံကြီးပေစွ**

၁၉၄၇ ခုနှစ်၊ ဇွန်လနောက်ဆုံးရက်သတ္တပတ်တွင် ဦးစော၏ နေအိမ်သို့ ဘရင်းဂန်းအလက် ၂၀၀၊ ပြောင်းပို ၂၀၀နှင့် လက်နက်ငယ်ကျည် ၁၃၀၀၀၀ ရောက်ရှိလာခဲ့သည်။ ရောက်ရှိလာသည့် လက်နက်ခဲယမ်းများကို အင်းလျားကန်အတွင်းနှင့် နယ်မြို့များသို့ပါ ဖြန့်ခွဲ၍ ဝှက်ထားခဲ့သည်။ ထိုလက်နက်ခဲယမ်းများ မရောက်မီကတည်းကပင် ဘဏ်ခားပြတိုက်ရန် ကြံစည်ခဲ့သေးသည်ဖြစ်၍ ဦးစောထံတွင် ယခင်ကတည်းက လက်နက်ခဲယမ်းများရှိနှင့်နေသည်ကို သိနိုင်ပေသည်။

ထို့အပြင် နယ်ချဲ့အင်္ဂလိပ်စစ်တပ်နှင့် ဆက်သွယ်၍ အခြားသော လက်နက်ခဲယမ်းမြောက်မြားစွာ ထပ်မံရရှိရေးကိုလည်း ဆောင်ရွက်ထားခဲ့သေးသည်။ နေအိမ်ခြံဝင်းအတွင်းတွင် ဦးစောအပါအဝင် ၎င်း၏လက်ပါးစေများသည် လက်နက်ငယ်ပစ်ခတ်မှုများကို လေ့ကျင့်ခဲ့ကြသည်။ ဤအချက်များနှင့်ပင် ဦးစော၏အကြံမှာ လုပ်ကြံမှုမအောင်မြင်ပါကဆိုသည့်အပြင် လုပ်ကြံပြီးပါက ဆိုသည်အထိ ရည်ရွယ်ချက်အမျိုးမျိုးရှိနိုင်သည်ကို တွေ့ရပေသည်။ အကြံကြီးပေစွ။

**ဗိုလ်ချုပ်ကိုအဓိကဦးတည်၍ ..**

ကာလအားဖြင့် နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ မြန်မာနိုင်ငံလွတ်လပ်ရေးရရန် ကြိုးပမ်းနေစဉ်ကာလဖြစ်သည်။ လွတ်လပ်ရေးရရန် လက်တစ်ကမ်းမျှသာ လိုတော့သည်။ အချိန်အားဖြင့် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီ ၃၀ မိနစ်ဖြစ်သည်။ နေရာမှာ ရန်ကုန်မြို့ အတွင်းဝန်များရုံးအပေါ်ထပ် အစည်းအဝေးခန်းတွင်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်၍ ကက်ဘိနက် အစည်းအဝေး ကျင်းပနေသည်။ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန် ဦးအုန်းမောင်က ဝန်ကြီးကိုယ်စား တင်ပြနေစဉ် ၁၀ နာရီ ၃၇ မိနစ်တွင် အစည်းအဝေးခန်းအတွင်းသို့ သေနတ်သမားလေးဦး ဝင်ရောက်လာပြီး ဗိုလ်ချုပ်ကို အဓိကဦးတည်၍ တော်မီဂန်းသုံးလက်၊ စတင်းဂန်းတစ်လက်တို့ဖြင့် အတွဲလိုက် မွှေ့ယမ်းပစ်ခတ်ကြလေသည်။ ထိုသူလေးဦးမှာ မောင်စိုး၊ သက်နှင်း၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့ဖြစ်ကြသည်။

**အာဇာနည် ၉ ဦး**

သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်း (၃၂ နှစ်)၊ သခင်မြ (၄၉ နှစ်)၊ ဦးရာဇာတ် (၄၉ နှစ်)၊ ဦးဘဝင်း (၄၆ နှစ်)၊ မန်းဘခိုင် (၄၃ နှစ်) နှင့် ဦးအုန်းမောင် (၃၄ နှစ်)တို့ ခြောက်ဦးမှာ နေရာတွင်ပင် ကျဆုံးခဲ့ကြရသည်။ သေနတ်သမားတို့သည် အစည်းအဝေးခန်းမှ ပြန်အထွက်တွင် သေနတ်သံကြား၍ အစည်းအဝေးခန်းဘက်သို့ အပေါ်ထပ်စင်္ကြံအတိုင်း ပြေးလာသည့် ဦးရာဇာတ်၏ သက်တော်စောင့် ရဲဘော်ကိုထွေး( ၁၈ နှစ်)ကို ပြေးရင်းလွှားရင်း ပစ်ခတ်ခဲ့ကြသည်။ ထိုအချိန်တွင် အတွင်းဝန်ရုံးအောက်၌ သေနတ်သမားတို့ အမြန်ပြန်ထွက်နိုင်ရန် သုခဆိုသူက လာစဉ်ကမောင်းလာသည့် ဂျစ်ကားကို စက်နှိုးရင်း စောင့်နေလေသည်။

ဒီးဒုတ်ဦးဘချို (၅၄ နှစ်)နှင့် မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း (၄၀ နှစ်)တို့မှာ သေနတ်ဒဏ်ရာဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ကုသမှုခံယူစဉ် ကျဆုံးခဲ့ရသည်။ သို့ဖြစ်၍ သေနတ်သမားတို့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗိုလ်ချုပ်အပါအဝင် အာဇာနည် ၉ ဦး ကျဆုံးခဲ့ရရှာလေသည်။

**အာဃာတထား**

ဂဠုန်ဦးစောသည် အကြံကြီးသူပီပီ ဗိုလ်ချုပ်အောင်ဆန်းကို အဓိကပစ်မှတ်ထား၍ လုပ်ကြံနိုင်ရေးအတွက် သေနတ်သမားတို့ကိုမစေလွှတ်မီ သေချာစွာ ကြိုတင်ထောက်လှမ်းနိုင်ရန်နှင့် သေနတ်သမားတို့ လျင်မြန်စွာပြန်ထွက်နိုင်ရန် အထောက်အကူပေးရမည့် အဖွဲ့တစ်ဖွဲ့ကို ထရပ်ကားတစ်စီးဖြင့် ကြိုတင်စေလွှတ်ထားခဲ့သေးသည်။ ထိုအဖွဲ့တွင် ခင်မောင်ရင်၊ ဘညွန့်၊ မောင်နီနှင့် မှုန်ကြီးတို့လေးဦး ပါဝင်ပေသည်။ ထိုအဖွဲ့၏ သတင်းပေးချက်အရ ဗိုလ်ချုပ်ရုံးတက်သည်မှာ သေချာမှ သေနတ်သမားတို့ကို စေလွှတ်လိုက်ခြင်း ဖြစ်ပေသည်။

လုပ်ကြံမှုသည် ဦးစော၏ အကြံအစည်အတိုင်းအောင်မြင်ခဲ့သည်ဟု ဆိုရပေမည်။ သို့ရာတွင် ဦးစော၏ လက်ပါးစေများ အောင်ပွဲခံ၍ အိမ်ပြန်ရောက်ချိန်တွင် ဦးစော၏ မျက်နှာမှာရွှင်ပျခြင်း မရှိပေ။ ဗိုလ်ချုပ်အပေါ်တွင် အာဃာတထားခဲ့သည်။ ဗိုလ်ချုပ်ကျဆုံးသည်အထိ ကိုယ်နှုတ်နှလုံး သုံးပါးစလုံးဖြင့် ဝီရိယစိုက်ထုတ်ခဲ့သည်။ သူ့အကြံအစည်အောင်မြင်ခဲ့သည်။ သို့ဆိုလျှင် မည်သည့်အတွက်ကြောင့် ဝမ်းမမြောက်နိုင်ရပါသနည်း။

**ဖော်ကောင်ဘညွန့်**

လုပ်ကြံမှုကြီးဖြစ်ပြီးနောက် ငါးနာရီခန့်အကြာတွင် ဦးစောအပါအဝင် ဦးစောအိမ်ရှိ လူအားလုံးထိန်းသိမ်းခံလိုက်ရသည်။ စစ်ဆေးမှုများ စတင်ရာတွင် ခင်မောင်ရင်ကို

*စာမျက်နှာ ၇ သို့*

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၀၉ / ၂၀၁၉ )**
**၁၃၈၁ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက် )**

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၆) နှင့် ၃၀.၁၀.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၄/၂၀၁၇)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၄၉၁၂<br>ဒုတိယဗိုလ်မှူးကြီး မိုးကျော်ဦး | အစား | ကြည်း ၁၈၅၆<br>ဗိုလ်မှူးချုပ် တင်စန်းနိုင် |
| (၂) | ကြည်း ၃၂၃၄၃<br>ဒုတိယဗိုလ်မှူးကြီး ရဲမင်းဦး | အစား | ကြည်း ၃၁၃၇၆<br>ဒုတိယဗိုလ်မှူးကြီး ထိန်လင်း |
| (၃) | ကြည်း ၂၉၇၇၇<br>ဗိုလ်မှူး စိုးသူ | အစား | ကြည်း ၃၂၂၆၀<br>ဒုတိယဗိုလ်မှူးကြီး ဇော်မင်းဦး |

(လုံသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၁၀/ ၂၀၁၉)**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက် )**

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး၂၂. ၄. ၂၀၁၉ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၅၅/၂၀၁၉)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| ရေ ၄၀၈၄<br>ဗိုလ်မှူး တင်ထွဋ် | အစား | ရေ ၄၃၂၈<br>ဗိုလ်မှူး စိုးကိုကို |

(လုံသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြဇာတ်နှင့် သရုပ်ဆောင်ခြင်း အနုပညာဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်တက္ကသိုလ် အနုပညာအသင်းမှ စီစဉ်သော ပြဇာတ်နှင့်သရုပ်ဆောင်ခြင်း အနုပညာဟောပြောပွဲကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဟောပြောပွဲကို ဇူလိုင် ၁၂ ရက်(သောကြာနေ့)တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်ပြီး အကယ်ဒမီငြိမ်းမင်း (ဇာတ်ညွှန်း) နှင့် လူ့ရှင်တော် အရိုင်းတို့က အနုပညာပျိုးခင်းသစ် အစပျိုးခြင်းအဖြစ် ဟောပြောမည်ဖြစ်ကြောင်း သိရသည်။ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ဖူးဖူး**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃) ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၁၁ / ၂၀၁၉ )**
**၁၃၈၁ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက် )**

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃) ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၆) ၊ ၁၄.၁၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၈/၂၀၁၆)၊ ၁၄.၁၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃၁/၂၀၁၇)၊ ၁၅.၅.၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၆၃/၂၀၁၈)နှင့် ၆.၁၁.၂၀၁၈ ရက်စွဲပါကော်မရှင်၏ကြေညာချက်အမှတ် (၁၆၉/၂၀၁၈)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃) ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကချင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၂၃၆၄<br>ဗိုလ်မှူး မျိုးသူအောင် | အစား | ကြည်း ၃၄၇၃၆<br>ဗိုလ်မှူး ထင်လင်းထွန်း |
| (၂) | ကြည်း ၃၈၁၇၀<br>ဗိုလ်မှူး ဆန်းကျော်သူ | အစား | ကြည်း ၃၀၇၆၄<br>ဗိုလ်မှူး ကျော်သူမျိုး |

**ကရင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၃၄၈၆၆<br>ဗိုလ်မှူး လင်းထွန်း | အစား | ကြည်း ၆၀၄၇၁<br>ဗိုလ်ကြီး ဟိန်းထက်နိုင် |

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၃၀၄၁၉<br>ဒုတိယဗိုလ်မှူးကြီး သက်နိုင်ဦး | အစား | ကြည်း ၂၀၂၃၅<br>ဒုတိယဗိုလ်မှူးကြီး ခင်မောင်လွင် |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၅) | ကြည်း ၂၆၀၉၇<br>ဗိုလ်မှူးကြီး ကျော်နိုင်စိုး | အစား | ကြည်း ၃၂၅၂၈<br>ဗိုလ်မှူး ကျော်လွင်မိုး |
| (၆) | ကြည်း ၂၇၈၉၇<br>ဗိုလ်မှူး နေလင်းရှိုက် | အစား | ကြည်း ၃၂၈၃၄<br>ဗိုလ်မှူး နိုင်လင်းအောင် |

**ရခိုင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၇) | ကြည်း ၂၂၀၀၅<br>ဗိုလ်မှူး သိန်းထွန်း | အစား | ကြည်း ၃၈၀၄၂<br>ဗိုလ်မှူး ကျော်မျိုးထက် |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၈) | ကြည်း ၂၉၆၉၀<br>ဒုတိယဗိုလ်မှူးကြီး သန်းလွင် | အစား | ကြည်း ၃၀၉၈၅<br>ဒုတိယဗိုလ်မှူးကြီး နေသွေး |
| (၉) | ကြည်း ၃၈၀၈၃<br>ဗိုလ်မှူး သူရိန် | အစား | ကြည်း ၄၀၂၃၂<br>ဗိုလ်မှူး မျိုးထက်ကျော် |
| (၁၀) | အင်န် ၇၂၁<br>ဗိုလ်မှူး ဒေါ်မော်မော်သန်း | အစား | အင်န် ၇၄၈<br>ဗိုလ်မှူး ဒေါ်ခင်မင်းမင်းမြတ် |

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁၁) | ကြည်း ၂၈၇၈၃<br>ဗိုလ်မှူး မင်းခေါင် | အစား | ကြည်း ၂၉၁၀၉<br>ဗိုလ်မှူး မင်းထွဋ် |
| (၁၂) | ရေ ၄၂၄၇<br>ဗိုလ်မှူး ဖြိုးသူထွန်း | အစား | ရေ ၃၇၈၂<br>ဗိုလ်မှူး အောင်ဇော်သင်း |
| (၁၃) | ကြည်း ၂၉၇၇၀<br>ဗိုလ်ကြီးအောင်ကြည်စိုး | အစား | ကြည်း ၅၆၃၉၁<br>ဗိုလ်ကြီးမင်းအောင် |

(လုံသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*စာမျက်နှာ ၆ မှ*

ဦးစွာစစ်ဆေးကြသည်။ ခင်မောင်ရင်သည် ဦးစော၏အိမ်တွင် နေထိုင်သူဖြစ်ပြီး ဦးစော၏ ယာဉ်မောင်းလည်းဖြစ်သည်။ ခင်မောင်ရင်က လုပ်ကြံမှုကြီးတစ်ခုလုံးကို ပထမဆုံးအလုံးစုံ ဖော်ခဲ့သည်။ သို့ရာတွင် တရားရုံးတွင် စာရေးလုပ်ခဲ့ဖူးသည့် ဘညွန့်က တရားသူကြီးထံ အလုံးစုံဖြောင့်ချက်ပေးမည်ဖြစ်၍ ဖော်ကောင်လက်မှတ်ထုတ်ပေးရန် လျှောက်ထားခဲ့ရာ တရားသူကြီးကလည်း ထုတ်ပေးခဲ့သည်။ ဤသို့နှင့် ဥပဒေကိုနားလည်သည့် ဘညွန့်သည် တရားဝင်ဖော်ကောင်ဖြစ်ခဲ့လေသည်။

လုပ်ကြံမှုကြီးကို အထူးခုံရုံးဖြင့် စစ်ဆေးစီရင်၍ ဖော်ကောင်ဘညွန့်မှအပ ဦးစောအပါအဝင် ကိုးဦးကို ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်နေ့တွင် သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမှုကြီးကို ကျူးလွန်ချိန်နှင့် ပြစ်ဒဏ်ချမှတ်ချိန်တို့သည် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီဖြစ်၍ ဗြိတိသျှအစိုးရလက်ထက် တရားစီရင်ရေးကာလတွင်ဖြစ်ခဲ့သည်။

### မြူတစ်မှုန်မျှရှာမတွေ့

သေဒဏ်နှင့် ပတ်သက်၍ လွတ်လပ်ရေးရပြီးချိန်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတ စဝ်ရွှေသိုက်ထံ အသနားခံစာ တင်ကြရာ လူသတ်သမားတို့ကို တင်ဆောင်သည့် ဂျစ်ကားမောင်းရသူ သုခ၊ ကြိုတင်သတင်းထောက်လှမ်းသည့်အဖွဲ့ တင်ဆောင်သည့် ထရပ်ကားမောင်းရသူ ခင်မောင်ရင်နှင့် လူသတ်သမားတို့ကို အတွင်းဝန်ရုံးမှ အလွယ်တကူပြန်ထွက်နိုင်အောင် လမ်းရှင်းပေးရသူ မောင်နီတို့သုံးဦးကို သေဒဏ်မှ ထောင်ဒဏ် တစ်သက်တစ်ကျွန်းပြစ်ဒဏ်သို့ လျှော့ပေးခဲ့သည်။

ဦးစောအပါအဝင် ခြောက်ဦးမှာ ၁၉၄၈ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကြိုးပေး ကွပ်မျက်ခြင်း ခံကြရပါသည်။ ဖော်ကောင်လက်မှတ်ရ ဘညွန့်သည် အစိုးရသက်သေဖြစ်သည့်အတွက် တရားခံစာရင်းတွင် မပါဝင်သော်လည်း အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဆယ်နှစ်နှင့် ခြောက်လကျခံခဲ့ရပါသည်။

လုပ်ကြံမှုကြောင့် အာဇာနည်တို့ ကျဆုံးခဲ့ရသည်။ လုပ်ကြံမှုကြောင့် ပြစ်ဒဏ်အရ သေဆုံးကြရသည်။ နှစ်ရှည်ထောင်ဒဏ်ကျခံကြရသည်။ လုပ်ကြံမှု၏ တစ်ဖက်တစ်ချက်တွင် နှစ်ဖက်စလုံးတွင် အရှုံးများချည်းဖြစ်သည်။ ထို့အပြင် တိုင်းပြည်အတွက် ဆုံးရှုံးသည်။ မိသားစုဆွေမျိုးများအတွက် ဆုံးရှုံးသည်။ အဆိုးများချည်းဖြစ်သည်။ အကောင်းဟူ၍ မြူတစ်မှုန်မျှ ရှာမတွေ့နိုင်ပေ။ ဝမ်းနည်းစရာကောင်းလှပေ၏။

### ဝမ်းနည်းခြင်းတစ်ခုတည်းအတွက်မဟုတ်

သို့ရာတွင် အဆိုးထဲကအကောင်းကို ဖော်ထုတ်နိုင်ရပေမည်။ နိုင်ငံ့တာဝန်များကို တာဝန်ထမ်းဆောင်ရင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြသည်မှာ လွန်ခဲ့သော ၇၂ နှစ်က ဖြစ်သည်။ ထိုနေ့ ထိုရက်က ဖြစ်ပျက်ခဲ့သမျှကို မျိုးဆက်သစ်တို့အား လက်ဆင့်ကမ်းခြင်းဖြင့် အသိပေးရပေမည်။ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အောက်မေ့သတိရ ဂါရဝပြုကြရပေမည်။

ဤသို့အားဖြင့် မျိုးဆက်သစ်လူငယ်များ၏ နှလုံးသားတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ နိုင်ငံနှင့်လူမျိုးအတွက် စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့မှုများ၊ တစ်ဦးချင်းစီ၏ လေးစားအားကျ အတုယူစရာအချက်များကို သိရှိနားလည်ကာ ၎င်းတို့အရယူပေးခဲ့သည့် လွတ်လပ်ရေးကို အလေးထား တန်ဖိုးထားသည့်စိတ်၊ အမိနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်များ ပေါက်ဖွားရင့်သန်လာကြမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဝမ်းနည်းခြင်းအထိမ်းအမှတ်အတွက် ငြိမ်သက်ခြင်းသည် ဝမ်းနည်းခြင်းတစ်ခုတည်းအတွက် မဟုတ်ဘဲ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရကာ အာဇာနည်စိတ်ဓာတ်များ ကိန်းအောင်းလာသည်အထိ လက်ဆင့်ကမ်းပေးနိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပေသည်။ ။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၆ / ၂၀၁၉**

**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ လွှပုံကျေးရွာနေ အောင်ရွှေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၇-၂၀၁၉ ရက်နေ့တွင် တပ်ကုန်းမြို့နယ်၊ လွှပုံကျေးရွာနေ အောင်ရွှေ(၅၂) နှစ်၊ (ဘ) ဦးတုတ်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ဇနီးဖြစ်သူ မမော်မော် (၄၄) နှစ်၊ (ဘ)ဦးညဏ်အောင်နှင့် ရမည်းသင်းမြို့နယ်၊ ဆတ္တိုးကြီးကျေးရွာနေ ကိုဇော်(ခ) ဖိုးကော် (၃၇)နှစ်၊ (ဘ) ဦးကျော်လှတို့အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ(တပ်ကုန်း)မယ(ပ)၁၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ သဝန်ကျေးရွာနေ မောင်မြင့်နှင့် ချစ်ဝင်းတို့သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၇-၂၀၁၉ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ သဝန်ကျေးရွာနေ မောင်မြင့် (၅၉)နှစ်၊ (ဘ) ဦးဖိုးသိုက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်) မယ(ပ)၂၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ ချစ်ဝင်း (၆၀) နှစ်၊ (ဘ) ဦးမောင်သန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်) မယ(ပ)၂၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ မထုကြီးကျေးရွာနေ မင်းထွန်းနှင့် ဇော်မြင့်တို့သည် မူးယစ်ဆေးဝါးများအကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၇-၂၀၁၉ ရက်နေ့တွင် ကလေးဝမြို့နယ်၊ မထုကြီးကျေးရွာနေ မင်းထွန်း (၄၀)နှစ်၊ (ဘ)ဦးကျောက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေးဝ)မယ(ပ)၁၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း၊ အလားတူ ၄-၇-၂၀၁၉ ရက်နေ့တွင် ၎င်းမြို့နယ်၊ ကလေးဝ-မော်လိုက်ကားလမ်း မိုင်တိုင်(၀/၁)၌ အမှတ်(၂)ရပ်ကွက်နေ ဇော်ခိုင်(၄၅)နှစ်၊ (ဘ)ဦးညွန့်လွင်နှင့် အောင်ဆန်းဦး(၃၁)နှစ်၊(ဘ) ဦးအောင်ကျော်မိုးတို့ (၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများမှာ မထုကြီးကျေးရွာနေ ဇော်မြင့်(၄၃) နှစ်၊ (ဘ) ဦးခင်မောင်သန်းထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ဇော်မြင့်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ၎င်းတို့(၃)ဦးအား မမစ(ကလေးဝ)မယ(ပ)၁၃/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာနေ မင်းဇော်လွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၇-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာနေ မင်းဇော်လွင် (၂၃)နှစ်၊ (ဘ)ဦးမြသွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ) မယ(ပ)၉/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ လေ့ဘိုကျေးရွာနေ မယောင်း(ခ)ခင်မေဝင်းနှင့် မကုလားမ(ခ)မြင့်မြင့်အေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၇-၂၀၁၉ ရက်နေ့တွင် ကသာမြို့နယ်၊ လေ့ဘိုကျေးရွာနေ မယောင်း (ခ)ခင်မေဝင်း(၃၉)နှစ်၊ (ဘ)ဦးကျော်အုန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများမှာ တစ်ရွာတည်းနေ မကုလားမ(ခ) မြင့်မြင့်ထွေး (၄၃)နှစ်၊ (ဘ)ဦးတင်အောင်ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်ပစ္စည်း တစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း ၎င်းတို့(၂)ဦးအား နမစ (အင်းရွာ) မယ(ပ) ၁၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်နိုင်ရပ်ကွက်နေ အလီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၇-၂၀၁၉ ရက်နေ့တွင် ပျော်ဘွယ်မြို့ ရွှေပြည်ရန်နိုင်ရပ်ကွက်နေ အလီ(ခ)ခင်မောင်မြင့်(၄၆)နှစ်၊ (ဘ) ဦးတင်အောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပျော်ဘွယ်) မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁) ရပ်ကွက်နေ ဆိတ်ကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၇-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်နေ ဆိတ်ကြီး(ခ)မျိုးစန်းဦး(၃၀)နှစ်၊ (ဘ)ဦးခင်မောင်ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများအား ၎င်းလမ်းနေ မျိုးမင်းဌေး(ခ)အကြီးကောင်(၃၂)နှစ်၊ (ဘ) ဦးသန်းဌေးထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်း၏ နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာမတွေ့ရှိရသော်လည်း ၎င်းတို့(၂)ဦးအားမမစ(ဒေါပုံ) မယ(ပ)၂၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၇) လမ်းနေ ဒေါ်မိုးမိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၇-၂၀၁၉ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၇)လမ်းနေ ဒေါ်မိုးမိုး (ခ) ကြည်ကြည်ဝင်း (၅၂)နှစ်၊ (ဘ) ဦးမောင်ကြီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိရဘဲ ၎င်း၏သမက် ကျော်မင်းထွန်း (ခ)စီဖုံး(၂၁)နှစ်၊(ဘ)ဦးထွန်းထွန်းဝင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိပြီး (၁၂)ရပ်ကွက်၊(၁၀)လမ်းပေါ်၌ ဒေါ်မိုးမိုး(ခ) ကြည်ကြည်ဝင်းအား ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(တောင်ဥက္ကလာပ) မယ(ပ)၂၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျိုင်းတောင်းမြို့နယ်၊ ဝိန်းကောင်းကျေးရွာနေ အိုက်ဦးနှင့် ဇနီးနန်းဝမ်းတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၇-၂၀၁၉ ရက်နေ့တွင် ကျိုင်းတောင်းမြို့နယ်၊ ဝိန်းကောင်း ကျေးရွာနေ အိုက်ဦး(ခ)စိုင်းမင်းဦး(၃၂)နှစ်၊ (ဘ)ဦးသက်ပြင်း နှင့်ဇနီး နန်းဝမ်း(ခ) ပါဝမ်း(၅၃)နှစ်၊ (ဘ)ဦးလုံကန္တတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းများနှင့် အတူဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား နမစ(ကျိုင်းတောင်း)မယ(ပ) ၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၆-၇-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၈၀)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၈၉၄)ဦး၊ မ(၁၇၁)ဦး၊ ပေါင်း(၁၀၆၅) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၆၄၁၆.၁၀၈၄)ဂရမ်၊ ICE (၇၃.၇၂)ဂရမ်၊ဘိန်း(၃၉၇၆၄.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၀၃၄၃၇)ပြား၊ ဆေးခြောက်(၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊လက်နက်မျိုးစုံ(၁၇)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံး တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်း စစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၅၀)ပြား၊ ဘိန်းဖြူ(၄၄၀)ဂရမ်၊ ကြက်ပေါင်ခြံရပ်ကွက်၊ ဂေါက်ကွင်းလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၂၄၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနိုင်းမြို့ မုန်ဒိန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ အဆင့်နိမ့်ဘိန်း(၉၀)ဂရမ်၊ မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာ အနီးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၅၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖားကန့်မြို့နယ်၊ ဖဝါကျေးရွာအထွက် မော်ပုံ-တောမော် သွားလမ်းပေါ်၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၆၅၀)ပြား၊ ဘိန်းဖြူ(၂၄၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဗန်းမော်မြို့နယ်၊ ရွာသာယာကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၅၀)ပြား၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ နာနတ်တောရပ်ကွက်၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၄၆၅)ပြား၊ ပိန်းချစ်ကျေးရွာအနီး လွိုင်လင်လေး-အိုင်စန့်သွားကားလမ်းပေါ်၌ သတင်းအရ Nissan Fuga ယာဉ်အားစစ်ဆေးရန် တားဆီးစဉ် စစ်ဆေးရေးအဖွဲ့အား ကားဖြင့်ပွတ်တိုက်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၈၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၆၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၇)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂.၁)ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၉၂)ပြား၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၉၆)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကပ္ပကောင်းကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၅)ပြား၊ ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်၊ ထမ့်ဆိုင်းကျေးရွာအနီး မောက်မယ်-ဆိုက်ခေါင်သွား ကားလမ်းပေါ်၌ သတင်းအရ Alfa Romeo ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး (၁)ဦးထံမှ ဘိန်းဖြူ(၁၄၃၀)ဂရမ်၊ ICE (၁၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ပင်းတယမြို့နယ်၊ ကျောက်ဆောင်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၆၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ အောင်ပန်းမြို့ မိုးကောင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက် (၁၅၀၀)ဂရမ်၊ လားရှိုးမြို့ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၁၄၀)ပြား၊ အမှတ်(၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅)ပြား၊ ဘိန်းဖြူ(၃)ဂရမ်၊ ဘိန်းဆီခဲ (၂.၃)ဂရမ်၊ သိန္နီမြို့နယ်၊ ရေပူစစ်ဆေးရေး

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မွန်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မွန်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ စုပေါင်း၍ ရွေးကောက်ပွဲဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဟသ်ာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဒယ်နီရယ်ကြည် (မွန်ပြည်နယ်တာဝန်ခံ) တက်ရောက်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ၊ နိုင်ငံရေးပါတီ (၁၀) ပါတီမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာ လူထုအသိပညာပေးဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ အမျိုးသမီးကဏ္ဍ မြှင့်တင်ဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်း (၉) ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်သည်။

**တိကျသော မဲစာရင်းများ ရရှိရေး**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဒယ်နီရယ်ကြည်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများ ကျင်းပရာတွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် စံ(၅)ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများ အားလုံးမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်စေရေးနှင့် တိကျမှန်ကန်သော မဲဆန္ဒရှင် စာရင်းများရရှိရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆိုပါစီမံချက်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ပထမဆုံးမဲပေးမည့် မဲဆန္ဒရှင်များ၊ စစ်ဘေးရှောင်မဲဆန္ဒရှင်များ၊ ရွှေ့ပြောင်းလုပ်သားများ၊ မသန်စွမ်းမဲဆန္ဒရှင်များကိုလည်း ထည့်သွင်းကောက်ယူသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယခုလိုဆောင်ရွက်နေချိန်တွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အနေဖြင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်စေလိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများကလည်း ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**မဲစာရင်း ပြုစုခြင်း ဆွေးနွေး**

ယင်းနောက် မွန်ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ရွေးကောက်ပွဲအရာရှိ ဦးဟိဏ်းလင်းထက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်နေမှု၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်း အခြေအနေများအားရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ မသန်စွမ်းအဖွဲ့အစည်းများ၏ အကြံပြုဆွေးနွေးချက်များနှင့် သိရှိလိုသည်များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ဂိတ်၌ သတင်းအရ ယာဉ်အားစစ်ဆေးရန် တားဆီးစဉ် မော်တော်ယာဉ်အား ရပ်တန့်ကာ ယာဉ်မောင်းခုန်ချထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်ပေါ်ရှိပလတ်စတစ်ဘူးများအတွင်းမှ Sulphuric Acid (၆၄၈၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ မူဆယ်မြို့နယ်၊ ပန်ခမ်းတံတား၌ သတင်းအရ ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ Ethyl Acetate (၁၂၈၀၀)လီတာ၊ မော်တော်ယာဉ် (၁)စီး၊ ကျောက်မဲမြို့၊ တောင်နောက်ကျေးရွာ၊ ကျောက်မဲ-မိုးကုတ်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၃၉)ပြား၊ ဘိန်းဖြူ (၁၁၀) ဂရမ်၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်းမပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၄၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မဘိမ်းမြို့နယ်၊ ကွန်းတောကျေးရွာအနီး လမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ငါးအိုးကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဘိန်းဖြူ(၉)ဂရမ်၊ ကုန်းကြမ်းမြို့နယ်အတွင်း နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် ရှောက်ကျုံးရှန်း ကျေးရွာအနီး လူနေထိုင်ခြင်းမရှိသည့် ပိုင်ရှင်မဲ့စိစစ်ဆဲနေအိမ်(၂)လုံး၏ မြေအောက်ခန်းအတွင်း သိုဝှက်သိမ်းဆည်းထားသည့် ကဖင်း(၈၀၀၀)ဂရမ်၊ Sulphuric Acid(၅၅)လီတာ၊ Hydrochloric Acid(၁.၄) လီတာ၊ Ethanol (၆၄)လီတာ၊ Acetone(၁၀)လီတာ၊ Sodiumhydroxide(၄၂၀၀၀) ဂရမ်၊ Brown Charcoal (၁၀၀၀၀)ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ် ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ကျိုင်းတုံမြို့နယ်၊ နောင်ဖာရဲကင်းစခန်းရှေ့၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကတ်ဝိုးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၇၆)ပြား၊ ဘိန်းဖြူ(၀.၄)ဂရမ်၊ မိုင်းဆတ်မြို့နယ်၊ မယ်ကြုတ်(၂) ကျေးရွာနှင့် မယ်ကြုတ်(၁)ကျေးရွာသွား ကားလမ်းဘေးလျှိုအတွင်း ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၇၅၂၀)ပြား၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ တာချီလိတ်မြို့နယ်၊ ပါကွေ့(အောက်)ကျေးရွာလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၅၀)ပြား၊ ဘိန်းဖြူ(၀.၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာရှိ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား (၁၆၅၀)ပြား၊ ဘိန်းဖြူ (၁၀.၆)ဂရမ်၊ ဆန်ဆိုင်း(ခ) ရပ်ကွက်လမ်းမပေါ်၌ သတင်းအရ Harrier ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ မံနားကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၅)ပြား၊ ဘိန်းဖြူ (၁၈.၆၅)ဂရမ်၊ ချောင်းဦးမြို့နယ်၊ မုန်ချိုကျေးရွာအနီး ချောင်းဦး-ပခုက္ကူသွားကားလမ်း မိုင်တိုင်(၁/၂)၌ သတင်းအရ တမူး-မန္တလေးသွား ခရီးသည်တင်မှန်လုံယာဉ်အားရပ်တန့် စိစစ်ရာ တရားခံအမျိုးသား(၄)ဦးထံမှ Ketamine Injection (၂၂၅၉)ပုလင်း၊မော်တော်ယာဉ်(၁)စီး၊ ခန္တီးမြို့နယ်၊ လသာတိုးချဲ့ ကွက်သစ်၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၂)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၀.၈)ဂရမ်၊ ဘိန်းဖြူ(၀.၂)ဂရမ်၊ လက်ဖက်ခင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၅)ပြား၊ ဘိန်းဖြူ(၀.၆)ဂရမ်၊ ဟုမ္မလင်းမြို့နယ်၊ နန့်စက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၃)ပြား၊ ဘိန်းဖြူ(၃၀) ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ရေး-ထားဝယ်သွားကားလမ်း မလွှဲတောင်စစ်ဆေးရေးဂိတ်၌ သတင်းအရ Landcruiser ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦး တို့ထံမှ စိတ်ကြွဆေးပြား(၁၉၈၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကျောက်မော်ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၀၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာ၊ စက်ကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၊ ထန်းတစ်ပင်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၈၁)ပြား၊ ဆက်လက်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၊ သီရိမင်္ဂလာရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၆၉)ပြား၊ သတင်းကွင်းဆက်အရ ရေးမြို့နယ်၊ အာယုတောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ယခင်သီတင်းပတ်၌ ထုတ်ပြန်ခဲ့သည့် စက်လှေနစ်မြုပ်၍ ပင်လယ်ပြင်နှင့်ပင်လယ်ကမ်းစပ် ကျေးရွာများသို့ မျောပါလာသည်ဟု ယူဆရသည့် ပိုင်ရှင်မဲ့ ICE များ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်နှင့်ဆက်စပ်၍ ယခုသီတင်းပတ်အတွင်း လောင်းလုံမြို့နယ်၊ သင်ပုန်းကျွန်းပင်လယ်ကမ်းစပ်သို့ မျောပါလာပြီး ရေစိုပျက်စီးမှုမရှိသည့် ပလတ်စတစ်ထုပ် (၂)ထုပ် အတွင်းမှ ICE (၁၀၀၀)ဂရမ်၊ မြိတ်မြို့ ရွှေပြည်တန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၆)ပြား၊ ဘိန်းစာမှုန့်(၆၀)ဂရမ်၊ အင်္ဂမော်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့် (၃၅၅)ဂရမ်၊ ပုလောမြို့ အမှတ်(၄)ရပ်ကွက်၊ သီတာအိုင်တံတားအနီးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၄၃)ပြား၊ ဘိန်းစာမှုန့်(၂၄.၄၉၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဘုတ်ပြင်းမြို့နယ်၊ ကြိမ်နီတောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့် (၄၀၈.၂၅)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ အမှတ်(၃)နယ်မြေရဲစခန်းရှေ့၌ သတင်းအရ Hyundai (၆)ဘီးယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၈၇၀၀)ဂရမ်၊ ဘိန်း(၄၇၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မဲကင်းကုန်းကျေးရွာအနီး၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၇၇၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်မြို့သစ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁)ပြား၊ Diazepam Injection (၂၆)ပုလင်း၊ ဆိုင်ကယ်(၁)စီး၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာ လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးကုတ်မြို့နယ်၊ မိုးကုတ်-ချောင်းကြီးကျေးရွာသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၁၉၀)ပြား၊ ဘိန်းဖြူ(၂၄) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ တာမွေမြို့နယ်၊ မလ္လကုန်းဒွေးကြွယ်(က)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၁၂၀.၃၃)ဂရမ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀)ပြား၊ ICE (၀.၁)ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ(၅၁)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၂၇)ပြား၊ ICE(၅၅) ဂရမ်၊ ဆေးခြောက် (၂၆.၁၂၈)ဂရမ်၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွ ဆေးပြား(၁၈၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၁၅)ပြား၊ ICE (၆)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဗိုလ်မြတ်ထွန်းလမ်းပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၀)ပြား၊ ဆိုင်ကယ်(၁)စီးအား လည်းကောင်း၊ နိုင်ငံခြားသား ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့နယ်၊ ရန်လုံကျိုင်းကျေးရွာအနီးလမ်းပေါ်၌ တရားမဝင်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၂၀)ပြားအားလည်းကောင်း၊ လက်နက်နှင့်အတူဖမ်းဆီးရမိမှုဖြစ်စဉ် (၁)ခုရှိ ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ လယ်တောင်ယာကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၃၉)ပြား၊ တူမီးသေနတ်(၁)လက်တို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်း ပတ်(၃၀-၆-၂၀၁၉ ရက်နေ့မှ ၆-၇-၂၀၁၉ ရက်နေ့အထိ) အတွင်း အမှုပေါင်း(၂၂၈)မှု၊ တရားခံကျား(၂၇၂)ဦး၊ မ(၃၄)ဦး၊ ပေါင်း(၃၀၆)ဦး၊ စိတ်ကြွဆေးပြား(၁၆၈၅၃၅)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂.၉)ဂရမ်၊ ဘိန်းဖြူ(၂၁၅၆၁.၈၄၉၁)ဂရမ်၊ ICE (၂၀၆၅. ၂၉)ဂရမ်၊ဘိန်း(၄၇၇၄၈.၇၉) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀.၅)ဂရမ်၊ ဘိန်းစာမှုန့်(၈၄၇.၇၄၅)ဂရမ်၊ ဘိန်းဆီခဲ(၂.၃)ဂရမ်၊ ဆေးခြောက် (၁၇၂၅.၄၇၈)ဂရမ်၊ Ketamine Injection (၂၂၅၉)ပုလင်း၊ Diazepam Injection (၂၆)ပုလင်း၊ Sulphuric Acid (၆၅၃၅) လီတာ၊ Ethyl Acetate (၁၂၈၀၀)လီတာ၊ ကဖင်း(၈၀၀၀)ဂရမ်၊ Hydrochloric Acid (၁.၄)လီတာ၊ Ethanol(၆၄)လီတာ၊ Acetone (၁၀)လီတာ၊ Sodiumhydroxide (၄၂၀၀၀)ဂရမ်၊ Brown Charcoal (၁၀၀၀၀) ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ တူမီးသေနတ်(၁)လက်တို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဓာတ်အားခနှုန်းထားပြောင်းလဲရန် အချိန်သင့်ပြီဆိုပြီး သုံးသပ်တွက်ချက်ဆောင်ရွက်တာပါ

**ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်**

## ဓာတ်အားခအပြောင်းအလဲနှင့် သူတို့ အမြင်စကားဝိုင်းကျင်းပ

**ဓာတ်အားခအပြောင်းအလဲနှင့် သူတို့အမြင်စကားဝိုင်းတွင် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ Miss Universe Myanmar (2016) ထက်ထက်ထွန်းနှင့် ဦးကိုကို (စက်မှုတက္ကသိုလ်) တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**



**ဦးကိုကို (စက်မှုတက္ကသိုလ်) ။ ။ ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်နေ့ကစပြီး လျှပ်စစ်ဓာတ်အားခ ပြောင်းလဲသတ်မှတ်တာနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ကြေညာချက်ထွက်ခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ပြည်သူတွေကြားထဲမှာ ထောက်ခံတဲ့သူရှိသလို ဝေဖန်သုံးသပ်သူတွေလည်း ရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်တယ်လို့ ပြောကြတာလည်း ရှိသလို စိုးရိမ်ပူပန်တာတွေလည်း ရှိနေပါတယ်။ ဒါနဲ့ ဆက်စပ်ပြီး ဒီနေ့မှာ ဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးကနေစပြီး ဆွေးနွေးစေချင်ပါတယ်။ လျှပ်စစ်ဓာတ်အားခ ပြောင်းလဲတာနဲ့ ပတ်သက်ပြီး ဆွေးနွေးစေချင်ပါတယ်ခင်ဗျ။**

**ဒုတိယဝန်ကြီး** ။ ။ ကျွန်တော်တို့ နိုင်ငံမှာ လျှပ်စစ်ဓာတ်အားကို ရေအားကနေထုတ်ပါတယ်။ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွေကနေ ထုတ်ပါတယ်။ ဒီလိုထုတ်လုပ်တဲ့အခါမှာ စက်ရုံတွေရဲ့ထုတ်လုပ်မှုကုန်ကျစရိတ် ရှိပါတယ်။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနဲ့ လာရောက်တည်ဆောက်တဲ့ ဓာတ်အားပေးစက်ရုံတွေက ဓာတ်အားကိုလည်း ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဝယ်ယူပြီးမှ ပြည်သူကို ဖြန့်ဖြူးပေးတာဖြစ်ပါတယ်။ ဒါကြောင့် ဝယ်ယူစရိတ်တွေ ရှိပါတယ်၊ ကိုယ်တိုင်ထုတ်လုပ်စရိတ် ရှိပါတယ်။ ဒီလိုစရိတ်တွေရှိပေမယ့် ပြည်သူကို ရောင်းချတဲ့ ဓာတ်အားခဈေးနှုန်းမှာ ရောင်းတဲ့ဈေးနှုန်းက နည်းပါးပါတယ်။ ဒီလို ပြန်လည်ရောင်းချတဲ့ ဈေးနှုန်းနည်းပါးတဲ့အတွက်ကြောင့် နှစ်စဉ်မူလထုတ်လုပ်စရိတ်၊ ဝယ်ယူစရိတ်တွေကို ပြန်လည်ကာမိအောင် မရရှိခဲ့ပါဘူး။ ဒီအတွက်ကြောင့် နိုင်ငံတော်ဘတ်ဂျက်ကနေ နှစ်တိုင်းစိုက်ထုတ် သုံးစွဲသွားရတာ ဖြစ်ပါတယ်။ အဲဒီလို စိုက်ထုတ်သုံးစွဲသွားရတဲ့ ဘတ်ဂျက်ပမာဏတွေဟာ ပြည်သူကို ဓာတ်အားပိုပေးလေ၊ စိုက်ထုတ်ရတဲ့ နှုန်းထားပမာဏ နှစ်စဉ်ပိုမိုမြင့်မားလာလေဖြစ်ပါတယ်။ ဒီလိုနှစ်စဉ် ပိုမိုမြင့်မားလာတော့ နိုင်ငံတော်က လက်ရှိ ပြည်သူလူထုကို လျှပ်စစ်မီးပေးနေတာ ၂၀၁၆ ခုနှစ်မှာ ၃၄ ရာခိုင်နှုန်းသာ ရှိပါတယ်။ အခု ၂၀၁၉ ခုနှစ်မှာ ၄၅ ရာခိုင်နှုန်းအထိ မီးပေးလာနိုင်ပါပြီ။ နောက်ထပ်မီးပေးဖို့ ပြည်သူ ၅၅ ရာခိုင်နှုန်း ကျန်ရှိပါသေးတယ်။

မီးမရသေးတဲ့ ပြည်သူတွေအတွက် သူတို့နေထိုင်ရာ ဒေသတွေမှာ လျှပ်စစ်မီးရအောင် ဓာတ်အားလိုင်းတွေ၊ ထရန်ဖော်မာတွေ တိုးချဲ့တည်ဆောက်ပေးရဖို့ ဘဏ္ဍာငွေတွေ သုံးသင့်ပါတယ်။ ဒ့ါအပြင် တိုးတက်ပြီး လိုအပ်လာတဲ့ လျှပ်စစ်ဓာတ်အားတွေ ထုတ်လုပ်နိုင်ဖို့ ဓာတ်အားပေးစက်ရုံတွေ တိုးချဲ့တည်ဆောက်ဖို့၊ ပုဂ္ဂလိက ဓာတ်အားပေးစက်ရုံတွေကို ဖိတ်ခေါ်ပြီးတော့ တိုးတက်ဝယ်ယူနိုင်ဖို့ ဘဏ္ဍာငွေတွေ လိုအပ်ပါတယ်။

### ဘဏ္ဍာငွေအသုံးပြုနိုင်ဖို့ အင်မတန်အားနည်းလာ

အမြဲတမ်းတိုးမြှင့်ပြီး စိုက်ထုတ်လာရတဲ့ ငွေတွေကို ဒီလိုပဲအမြဲတမ်းစိုက်ထုတ်နေရမယ်ဆိုရင် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမယ့် လုပ်ငန်းတွေအတွက် ဘဏ္ဍာငွေ အသုံးပြုနိုင်ဖို့ အင်မတန်အားနည်းလာပါမယ်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဓာတ်အားခနှုန်းထား အပြောင်းအလဲလုပ်ဖို့ အချိန်သင့်ပြီဆိုပြီး အကြီးအကဲတွေ အားလုံးလည်း သုံးသပ်ပါတယ်။ ကျွန်တော်တို့ဌာနတွေကလည်း တွက်ချက်ပြီးတော့ ဒီကိစ္စတွေကို စီစဉ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်) ။ ။ ဒုတိယဝန်ကြီးက ဓာတ်အားခ ပြောင်းလဲကောက်ခံရတဲ့ အကြောင်းရင်းကို ပြောပြသွားပါတယ်။ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်က စီးပွားရေးပညာရှင်တစ်ယောက်အနေနဲ့ စီးပွားရေးအမြင်နဲ့ ဘယ်လိုချဉ်းကပ် ဆွေးနွေးချင်ပါသလဲ။**

**ဒေါက်တာအောင်ထွန်းသက်** ။ ။ ဒုတိယဝန်ကြီး ပြောသွားသလို နိုင်ငံတော်အနေနဲ့ ဓာတ်အားပေးတာနဲ့ ပတ်သက်ပြီး သုံးသပ်လို့ရှိရင် ထုတ်လုပ်စရိတ်နဲ့ ပြည်သူကို ကောက်ခံတဲ့ အခနှုန်းထားကြားထဲမှာ စိုက်ထုတ်မှု ရှိနေပါတယ်။ မကြာခင်က ဝန်ကြီးဌာနက ကြေညာတဲ့အရာဟာ စီးပွားရေးရှုထောင့်က ကြည့်ရင် ပြုပြင်ပြောင်းလဲမှုတစ်ခုပါ။ လက်ရှိစိုက်ထုတ်မှုကို ပြန်လည်သုံးသပ်တယ်။ ဝန်ကြီးဌာနတိုင်း၊ နိုင်ငံတိုင်းမှာ subsidy နဲ့ ပတ်သက်ပြီး ပုံမှန်ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်တယ်။ ပြန်ကြည့်လိုက်ရင် ၂၀၁၄ ခုနှစ်တုန်းက တစ်ကြိမ်ပြန်သုံးသပ်တယ်၊ သုံးသပ်ပြီးတော့ သင့်တင့်လျောက်ပတ်တဲ့ နှုန်းထားတွေကို သတ်မှတ်ခဲ့တယ်။ နှုန်းထားတွေ သတ်မှတ်တဲ့အခါ ကျွန်တော့်အနေနဲ့ စီးပွားရေးရှုထောင့်တင်မကပါဘူး။ နိုင်ငံရေးဘောဂဗေဒအရ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးတာ လုပ်သင့်တဲ့အလုပ်တစ်ခုကို လုပ်ရတာ ဖြစ်ပါတယ်။

### တိုးကောက်တာကို မကြည့် မရသေးတဲ့သူတွေအတွက် လုပ်ပေးတာ

ဒီလိုပေါ်လစီအသစ်လုပ်တဲ့အခါ အကျိုးရှိသလို အားနည်းချက်လည်း ရှိကောင်းရှိနိုင်ပါတယ်။ ဝန်ကြီးဌာနတွေအားလုံးရဲ့ တာဝန်ကတော့ အကျိုးရှိတာကို လူတွေသိအောင်ပြောဖို့လိုသလို နစ်နာတာမျိုး မဖြစ်အောင်ပါ။ လက်ရှိအခြေအနေကို စီးပွားရေးရှုထောင့်ကနေကြည့်ရင် အခုလက်ရှိ စိုက်ထုတ်နေရတဲ့ ပမာဏက ဘယ်သူတွေက အကျိုးအမြတ် အများဆုံးရနေသလဲ စဉ်းစားကြည့်ပါ။ ငွေကြေးသုံးစွဲနိုင်တဲ့သူတွေက အကျိုးရှိပါတယ်။ လေအေးပေးစက်များများ ဖွင့်လေလေ သူ့အတွက် တန်လေပါပဲ။ နစ်နာတာကတော့ အခြေခံလူတန်းစားတွေပါ။ နောက်တစ်ခုက လျှပ်စစ်လုံးဝမရတဲ့ သူတွေပါ။ သူတို့အတွက်ရော မကြည့်သင့်ဘူးလား။ မျှော်လင့်တာကတော့ စိုက်ထုတ်မှုကြောင့် ဘဏ္ဍာငွေသက်သာမှုတွေကို အခြေခံပြီးတော့ မရသေးတဲ့ သူတွေအတွက်ရအောင် ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီလိုဆိုရင် တိုးမြှင့် ကောက်ခံခြင်းခံရသူတွေကို ပန်ကြားချင်တာကတော့ ဓာတ်အားခ တိုးကောက်တာကို မကြည့်ဘဲ မရသေးတဲ့သူတွေအတွက် လုပ်ပေးတာလို့ နည်းနည်းဆင်ခြင်လိုက်ရင် အခြေအနေတစ်ခု ပြောင်းသွားလိမ့်မယ်လို့ အောက်မေ့ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်) ။ ။ ဆရာကြီးက စီးပွားရေးပညာရှင် တစ်ယောက်အနေနဲ့ သုံးသပ်ဆွေးနွေးသွားပါတယ်။ တစ်ဖက်မှာလည်း မီတာခ တိုးသွားတဲ့အတွက် အထူးသဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်တွေ တိုးလာနိုင်ပါတယ်။ ဒါနဲ့ ဆက်စပ်ပြီး လုပ်ငန်းရှင်တွေဘက်မှာလည်း စိုးရိမ်ပူပန်မှုတွေ၊ စိုးရိမ်သောကလေးတွေကို ရှိနေကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆရာမ ဒေါ်ခိုင်ခိုင်နွယ်က ဆွေးနွေးပေးပါဦး။**

**ဒေါ်ခိုင်ခိုင်နွယ်** ။ ။ တကယ်တမ်း ကုန်ကျစရိတ်နဲ့ ကောက်ခံတဲ့ နှုန်းထားကြားမှာ ဟနေတဲ့ကိစ္စပါ။ လုပ်ငန်းရှင်တွေအတွက် ကုန်ကျစရိတ်ကို ကြည့်ရပါတယ်။ နိုင်ငံတော်အနေနဲ့ ဒီလိုကွာဟနေတဲ့ စရိတ်ကို စိုက်ထုတ်ပေးနေရတာကိုလည်း နားလည် သဘောပေါက်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ဘက်ကကျတော့၊ ကျွန်မတို့ အထည်ချုပ် လုပ်ငန်းဘက်ကကြည့်ပြီး ဆွေးနွေးရမယ်ဆိုရင် အခုပေးနေတဲ့ နှုန်းထားနဲ့ နောက်ကောက်ခံမယ့် နှုန်းထားကို ကြည့်လိုက်တဲ့အခါ ယူနစ်နှစ်သောင်းလောက်သုံးတဲ့ လုပ်ငန်းက လျှပ်စစ်ဓာတ်အားခ ၃၇ ရာခိုင်နှုန်းလောက် တက်သွားပါတယ်။ ယူနစ်ငါးသောင်းလောက်ဖြစ်သွားရင် သုံးဆယ်ရာခိုင်နှုန်း ဖြစ်သွားတော့ ပျမ်းမျှမှာ ၃၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်းလောက် တက်ပါတယ်။ ဒါပေမယ့် ပြန်ကြည့်လိုက်တဲ့အခါ ဒီလိုတက်တဲ့ကုန်ကျစရိတ်မှာ လျှပ်စစ်မီးပျက်တဲ့ ကာလတွေ ရှိပါတယ်။ လျှပ်စစ်မီးပျက်ရင် ကျွန်မတို့ ကုန်ကျစရိတ်က ပိုတက်ပါတယ်။ အဲဒီတော့ နိုင်ငံတော်ဘက်၊ လုပ်ငန်းရှင်ဘက် ကွာဟချက်ကို ကြည့်တဲ့အခါ ပြည့်မီအောင်မဟုတ်ဘဲ အထိုက်အလျောက် ကောက်ထားတဲ့အတွက် တာဝန်ရှိ ပြည်သူတစ်ယောက်အနေနဲ့ ပေးရမယ်ဆိုရင်လည်း တိုးမြှင့်ပါ၊ ဒါပေမယ့် မပျက်တော့ မပျက်ပါနဲ့လို့ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လျှပ်စစ်ဓာတ်အားခတက်ပြီး တစ်ဖက်က လျှပ်စစ်မီးလည်း ပျက်တယ်ဆိုရင် ကျွန်မတို့ လုပ်ငန်းရှင်တွေအတွက် ကုန်ကျစရိတ်က တက်သွားပါလိမ့်မယ်။ ဒီသတင်းစကားလေးကို ပေးချင်ပါတယ်။ နောက်တစ်ခုက လုပ်သားထုဘက်မှာလည်း အိမ်စရိတ်က အထိုက်အလျောက် တက်လာပါလိမ့်မယ်။ အဲဒီလို တက်လာတဲ့အခါ သူတို့ ကုန်လာတဲ့စရိတ်က လုပ်ငန်းဘက်ကို ပြန်လာရင်ဆိုတဲ့ အကျိုးသက်ရောက်မှုကို ဖြေရှင်းရမယ့်အပိုင်းကလည်း စိန်ခေါ်မှုတစ်ခုဖြစ်လာမယ်လို့ မြင်ပါတယ်။

ဒီလိုစဉ်းစားနေပြီလားဆိုရင် စဉ်းစားနေပါပြီ။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မတို့ရဲ့ အထည်ချုပ်က လက်ခစားမို့ပါ။ ချုပ်ခပဲ ရတာဖြစ်တဲ့အတွက် စရိတ်က နဂိုကတည်းက တော်တော်များနေပါပြီ။ အမှန်အတိုင်းပြောရရင် အထည်ချုပ်လုပ်ငန်း ထုတ်လုပ်မှုကုန်ကျစရိတ်မှာ လျှပ်စစ်မီတာခက ၃ ရာခိုင်နှုန်းနဲ့ ၁၀ ရာခိုင်နှုန်းကြားမှာ ရှိပါတယ်။ ဒါထက်ထပ်ပြီး တက်သွားပြီး ချုပ်ခဝင်ငွေကို မတိုးနိုင်ဘူးဆိုရင် အခက်အခဲကတော့ ရှိလာလိမ့်မယ်လို့ ထင်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်) ။ ။ ဆရာမက လုပ်ငန်းရှင်တွေရဲ့အမြင်ကို ဆွေးနွေးသွားတာပါ။ မကြာသေးခင်က စည်ပင်ရွေးကောက်ပွဲမှာ ဝင်ပြိုင်ခဲ့ပြီးတော့ Miss Universe တစ်ယောက်လည်း ဖြစ်တယ်၊ ကိုယ်တိုင်က ပြည်သူတစ်ယောက်လည်းဖြစ်တယ်၊ သုံးစွဲသူပြည်သူတစ်ယောက်အနေနဲ့ လျှပ်စစ်ဓာတ်အား တိုးမြှင့်တာနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။**

**ထက်ထက်ထွန်း** ။ ။ လျှပ်စစ်ဓာတ်အားခ တိုးပြီးကောက်ခံတဲ့အခါ ပြည်သူတွေအနေနဲ့ တိုးပြီး ကုန်ကျမှာတော့ ကြိုက်ကြမှာ မဟုတ်ပါဘူး။ ဒါက သဘာဝပဲဖြစ်ပါတယ်။ ကောင်းတဲ့ အရွေ့ဖြစ်ချင်ဖြစ်ပေမယ့် ပြည်သူဘက်ကတော့ သေချာတာတစ်ခုက ပိုပြီးကုန်ကျမှာကို မကြိုက်ပါဘူး။ တိုးပြီးပေးဆောင်ရရင် ဘာတွေ ပြန်ရမလဲဆိုတဲ့ မျှော်လင့်ချက်ကတော့ ရှိမှာပါပဲ။ တိုတိုပြောရရင် ပြည်သူဘက်က မေးခွန်းတွေ ရှိနေပြီ။ ဇူလိုင် ၁ ရက်ကစပြီး တိုးပြီးပေးရတော့မယ်၊ ဘာတွေရမလဲဆိုတဲ့ မေးခွန်းပါ။

**ဦးကိုကို(စက်မှုတက္ကသိုလ်)။ ။ မီတာခတိုးပေးလိုက်တဲ့အတွက် ဘယ်လိုဝန်ဆောင်မှုတွေ ကောင်းလာမလဲဆိုတာ၊ မီးမပျက်စေချင်ဘူးဆိုတာတွေနဲ့ ပတ်သက်ပြီး ဒုတိယဝန်ကြီးအနေနဲ့ ဆွေးနွေးပေးပါဦး။**

**ဒုတိယဝန်ကြီး** ။ ။ မီးမပျက်ဖို့ဆိုရင် လျှပ်စစ်ကို ပိုပြီးထုတ်လုပ်နိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ လျှပ်စစ်မရသေးတဲ့ ပြည်သူတွေ မီးရအောင် ကြိုးစားတည်ဆောက်လာတဲ့အခါ အခုအစိုးရလက်ထက်မှာ

*စာမျက်နှာ ၁၁ သို့*

**“ဒီလိုတက်တဲ့ကုန်ကျစရိတ်မှာ လျှပ်စစ်မီးပျက်တဲ့ ကာလတွေ ရှိပါတယ်။ လျှပ်စစ်မီးပျက်ရင် ကျွန်မတို့ ကုန်ကျစရိတ်က ပိုတက်ပါတယ်။ အဲဒီတော့ နိုင်ငံတော်ဘက်၊ လုပ်ငန်းရှင်ဘက် ကွာဟချက်ကို ကြည့်တဲ့အခါ ပြည့်မီအောင်မဟုတ်ဘဲ အထိုက်အလျောက် ကောက်ထားတဲ့အတွက် တာဝန်ရှိပြည်သူတစ်ယောက်အနေနဲ့ ပေးရမယ်ဆိုရင်လည်း တိုးမြှင့်ပါ၊ ဒါပေမယ့် မပျက်တော့ မပျက်ပါနဲ့လို့ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လျှပ်စစ်ဓာတ်အားခတက်ပြီး တစ်ဖက်က လျှပ်စစ်မီးလည်း ပျက်တယ်ဆိုရင် ကျွန်မတို့ လုပ်ငန်းရှင်တွေအတွက် ကုန်ကျစရိတ်က တက်သွားပါလိမ့်မယ်”**

# ပြန်/ဆက် အရာရှိများအတွက် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ် သင်တန်းကျောင်း(ဒက္ခိဏ)၌ ကျင်းပသည်။

မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကားပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန် (၃)ရပ်မှာ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်တို့ဖြစ်ပါကြောင်း၊ ပြန်ကြားရန်ဆိုသည့် စကားသည် အလွန်ကျယ်ပြန့်ပါကြောင်း၊ မိမိတို့ဌာနသည် ပြည်သူကို ပြန်ကြားပေးရန်၊ အသိပညာပေးရန်အတွက် ကိုယ်ကိုယ်တိုင် အသိပညာဗဟုသုတပြည့်ဝနေရမည်ဖြစ်ပါကြောင်း။

ယနေ့ပြုလုပ်သည့် သင်တန်းတွင် သတင်းရေးသားထုတ်ပြန်နည်းအပြင် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(Media and Information Literacy-MIL)နှင့် ရွေးကောက်ပွဲဆိုင်ရာ သိနားလည်မှု (Electoral Literacy) နှင့် ဒီဂျစ်တယ်ပညာသိနားလည်မှု (Digital Literacy) တို့ကို ကျွမ်းကျင်သည့်သင်တန်းဆရာများက ပို့ချပေးသွားမည်ဖြစ်ကြောင်း။

သင်တန်းကရရှိလာမည့် အတွေ့အကြုံ၊ ဗဟုသုတများကို မိမိတို့၏ နေ့စဉ်လုပ်ငန်းတွင် အသုံးချသည်သာမက သင်တန်းတက်ခွင့်မရသည့် လုပ်ဖော်ကိုင်ဖက်များသို့ ဆင့်ပွားသင်တန်းများ ပို့ချပြီး တိုင်းပြည်အတွက် အကောင်းဆုံးနှင့် အကျိုးရှိအောင် အသုံးချနိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု သင်တန်းအမှတ်စဉ်(၁)ကို ဇူလိုင် ၈ ရက်မှ ၁၈ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သင်တန်းနည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

ယူနန်တက္ကသိုလ် မြန်မာ့ရေးရာလေ့လာရေးဌာနနှင့် မြန်မာရေးရာလေ့လာရေးအဖွဲ့တို့ပူးပေါင်း၍ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ "China-Myanmar Sustainable Development and Cooperation under the China-Myanmar Economic Corridor" ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပသည်။

**အပိုင်းသုံးပိုင်းခွဲ၍ ဆွေးနွေး**

အဆိုပါဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ(ရန်ကုန်)ရှိ မြန်မာရေးရာလေ့လာရေးအဖွဲ့နှင့် တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်မှ မြန်မာ့ရေးရာလေ့လာရေးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ယူနန်တက္ကသိုလ်မှ ပညာရှင် ငါးဦးနှင့် မြန်မာနိုင်ငံဘက်မှ ပညာရှင် ၁၃ ဦးတို့က နှစ်နိုင်ငံရေရှည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အပိုင်းသုံးပိုင်းခွဲ၍ ဆွေးနွေးခဲ့ကြသည်။

ပထမပိုင်းတွင် Green Energy Technologies and Sustainable Development ခေါင်းစဉ်ဖြင့် ဗိသုကာနှင့် မြို့ပြပညာရှင် ဒေါက်တာကျော်လတ်က မြန်မာနိုင်ငံ၏ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပို့ကုန်၊ သစ်တော၊ စိုက်ပျိုးရေး စသောကဏ္ဍများတွင် နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်၊ အခြေခံအဆောက်အအုံနှင့် စွမ်းအင် လိုအပ်ချက်များအကြောင်း၊ တရုတ်ပညာရှင် Dr. Zanxin Wang က တရုတ်နိုင်ငံ၏ အစိမ်းရောင်စွမ်းအင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများ၊ အောင်မြင်မှုများနှင့် အကျိုးသက်ရောက်မှု၊ Naymin Energy System မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမော်က မြန်မာနိုင်ငံ၏ လက်ရှိအစိမ်းရောင် စွမ်းအင် ဖွံ့ဖြိုးတိုးတက်မှုအကြောင်းနှင့် စွမ်းအင်ဆိုင်ရာ အသုံးပြုမှုများအကြောင်း၊ တရုတ်ပညာရှင် Dr. Jing-jing Song က မြန်မာနိုင်ငံ၏ လူမျိုးစုပဋိပက္ခများ၏ လက်ရှိမြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများအကြောင်းကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယပိုင်းတွင် Governance: Problems and Challenges ခေါင်းစဉ်ဖြင့် Sandi Governance Institute မှ ဦးခိုင်ဝင်းက အောင်မြင်မှုရရှိခဲ့သော နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်သည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စ၊ တရုတ်ပညာရှင် Dr. Mei Li က ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အခွန်ကောက်ခံမှုဆိုင်ရာကိစ္စ၊ အဆိုပါကောက်ခံရရှိသော အခွန်များမှ ပြည်နယ်အစိုးရများအား လိုအပ်သည့်နေရာများတွင် ထောက်ပံ့ဖြည့်ဆည်းပေးမှု၊ ဒေါက်တာ တင်မောင်သန်း (MDRI-CESD)က ပရောဂျက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ဆောင်ရာတွင် အစိုးရပိုင်းအတွင်း ပြဿနာများနှင့် စိန်ခေါ်မှု၊ ယူနန်တက္ကသိုလ် အရှေ့တောင်အာရှ လေ့လာရေးဌာနမှ လက်ထောက်ပါမောက္ခ Lyu Xing က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများတွင် ပြည်သူလူထု၏ အမြင်များအကြောင်းနှင့် မြန်မာမီဒီယာများ ရင်ဆိုင်ရမည့် စိန်ခေါ်မှု၊ မြန်မာအစိုးရနှင့် မီဒီယာများအနေအထားနှင့် မီဒီယာများ၏ တာဝန်ယူရမည့်အပိုင်းကို ဆွေးနွေးကြသည်။

**အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးမှုဆွေးနွေး**

တတိယပိုင်းတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏ တိုးတက်မှုများခေါင်းစဉ်ဖြင့် ဦးဇော်အောင်က တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်မှုနှင့် ဆိုင်သော စိန်ခေါ်မှု၊ အစိုးရသစ်လက်ထက် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာများ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်များ၊ ရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်များ၊ အလွှာစုံချိတ်ဆက်ဆောင်ရွက်မှု၊ တရုတ်ပညာရှင် Dr. Yang Xiangzhang နှင့် ဒေါက်တာမြင့်ဆန်းတို့က တရုတ်-မြန်မာစီးပွားရေးစင်္ကြံခေါင်းစဉ်မှ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ (ရန်ကုန်)ရှိ မြန်မာရေးရာလေ့လာရေးအဖွဲ့ကို ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံတွင် သုတေသနလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးရေး၊ သုတေသနအခြေခံစာစောင်များ ထုတ်ဝေနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

**မြန်မာ့အရေးလေ့လာရေးအဖွဲ့အစည်း**

ယူနန်တက္ကသိုလ် မြန်မာ့ရေးရာလေ့လာရေးဌာနကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ထောင်ခဲ့သည်။ ၎င်းကို ၂၀၁၁ ခုနှစ်တွင် မြန်မာ့ရေးရာလေ့လာရေးစင်တာအဖြစ် စတင် တည်ထောင်ခဲ့ရာ ၁၉၈၆ ခုနှစ် အမေရိကန် Northern Illinois University ၌ တည်ထောင်ခဲ့သော မြန်မာ့ရေးရာလေ့လာရေးစင်တာပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယမြောက် အတတ်ပညာဆိုင်ရာ မြန်မာ့အရေးလေ့လာရေး အဖွဲ့အစည်းတစ်ခုဖြစ်ခဲ့ပြီး လက်ရှိတွင် တရုတ်နိုင်ငံ၌ တစ်ခုတည်းသော လက်တွေ့မြန်မာ့ရေးရာ လေ့လာရေးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



တရုတ်-မြန်မာစီးပွားရေးစင်္ကြံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

*စာမျက်နှာ ၁၀ မှ*

၃၄ ရာခိုင်နှုန်းနဲ့ စတဲ့နေရာကနေ ဒီနှစ်ကုန်ဆိုရင် ၅၀ ရာခိုင်နှုန်းအထိ မီးရအောင်၊ ၂၀၂၁ ခုနှစ်အထိဆိုရင် ၅၅ ရာခိုင်နှုန်းအထိ မီးရအောင်ဆိုပြီး ရည်မှန်းချက်ထားဆောင်ရွက်ပါတယ်။ ဒီလိုရည်မှန်းချက် အောင်မြင်လေ၊ မီးသုံးစွဲမှု ပိုလာလေဖြစ်ပါမယ်။

တစ်ဖက်မှာလည်း ပြည်တွင်းစက်မှုလုပ်ငန်းရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုအားပေးပါတယ်။ အလားတူ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကိုလည်း အားပေးပါတယ်။ ဒါကြောင့် Ease of Doing Business မှာဆိုရင်လည်း လျှပ်စစ်ဓာတ်အားရရှိရေးနဲ့ ပတ်သက်တဲ့ကဏ္ဍကို ပိုပြီးတော့ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နေပါတယ်။ ရမှတ်တွေမှာ တိုးတက်ရရှိခဲ့ပါတယ်။ အဲဒီတော့ ရမှတ်တိုးတက်ရရှိလာတဲ့အတူ လျှပ်စစ်တိုးတက်သုံးစွဲမှုကလည်း များပြားလာပါတယ်။ အဲဒီတော့ မီးမပျက်အောင် ပေးနိုင်ဖို့ဆိုရင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဏ္ဍကို တိုးပြီးထုတ်လုပ် ဆောင်ရွက်ဖို့လိုပါတယ်။

**အပြန်အလှန်အကျိုးပြုမယ့် အပြောင်းအလဲတစ်ရပ်**

ထုတ်လုပ်ရေးကဏ္ဍမှာ နိုင်ငံတော်က တာဝန်ယူပြီး ဆောင်ရွက်တဲ့ကဏ္ဍကို တိုးပြီးဆောင်ရွက်ဖို့ လိုသလို ပုဂ္ဂလိကကဏ္ဍက လျှပ်စစ်ထုတ်တဲ့သူတွေရဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကိုလည်း ကြိုဆိုပေးရမှာဖြစ်ပါတယ်။ ဒီလိုလာပြီး ထုတ်လုပ်ရင် သူတို့ရဲ့ ထုတ်လုပ်မှုစရိတ်ကို သူတို့က အရှုံးမခံနိုင်ဘူး။ သူတို့ရဲ့ အကျိုးအမြတ်ရတဲ့ နှုန်းနဲ့ပဲ ကျွန်တော်တို့ နိုင်ငံကို ရောင်းတဲ့အခါမှာ ဝန်ကြီးဌာနက ဝယ်ရပါတယ်။ ဝယ်တဲ့အခါ ဝယ်ယူစရိတ်ကို တတ်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါအတွက်ကြောင့် ပြန်လည်ရောင်းချတဲ့နှုန်းနဲ့ ကျွန်တော်တို့ ဝယ်ယူရမယ့်နှုန်းကြားမှာ တအားကြီးကွာဟနေပြီး ဝယ်နိုင်တဲ့ ပမာဏနည်းသွားရင် လုပ်ငန်းရှင်ကိုပြန်ပြီး လျှပ်စစ်ဓာတ်အား ပြန်ပေးရမှာ အားနည်းသွားတာပါပဲ။ ဒါကြောင့် လျှပ်စစ်ဝယ်ယူသုံးစွဲမယ့် ပြည်သူနဲ့ လုပ်ငန်းရှင်တွေဘက်ကလည်း သူတို့အတွက် လုံလုံလောက်လောက် လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့ ဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သူထံက ဝယ်ယူနိုင်တဲ့ အားရှိအောင် ပြန်လည်ပံ့ပိုးပေးဖို့ လိုအပ်လာတဲ့ အစိတ်အပိုင်းလေး ပါပါတယ်။ ဒါကြောင့် ဒါဟာ အပြန်အလှန်အကျိုးပြုမယ့် အပြောင်းအလဲတစ်ရပ်လို့လည်း ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။

ဒီနေရာမှာ ဒီနေ့ မီတာခကိုပေးလိုက်ရင် ရုတ်ခြည်းပြောင်းလဲသွားမလားဆိုရင် ဒီလိုတော့ တွေးလို့ မရသေးဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံသူကို ဖိတ်ခေါ်ထားတယ်။ ရင်းနှီးမြှုပ်နှံသူလာတဲ့အခါ သူတို့လာပြီးထုတ်လုပ်တဲ့ ၅ နှစ်၊ ၁၀ နှစ်အတွက် ဝယ်မယ့်ဝန်ကြီးဌာနဘက်က ဝယ်နိုင်တဲ့ စွမ်းပကားရှိသလားဆိုတာကို တိုင်းတာပါတယ်။ ဒါမှသာ သူတို့အတွက် အာမခံချက်ရှိမှာပါ။ ဝန်ကြီးဌာနက နှစ်တိုင်းချည်း subsidize အများကြီးလုပ်နေရင် နှစ်ရှည်ဘယ်လိုလုပ် ဝယ်နိုင်မလဲဆိုတာကိုလည်း သူတို့က စဉ်းစားပါတယ်။ ဒီအခါ ကျွန်တော်တို့ ဝန်ကြီးဌာနဘက်က ပြည်သူအတွက် အများကြီး subsidize မရှိဘူးဆိုရင် လာရောက်ရင်းနှီးမြှုပ်နှံပြီး လျှပ်စစ်ထုတ်ပေးမယ့်သူတွေ အများကြီးရောက်လာမှာပါ။ ဒီလို လာရောက်ရင်းနှီးမြှုပ်နှံမယ့်သူတွေ အများကြီးရောက်လာရင် လုပ်ငန်းရှင်တွေ လိုချင်တဲ့ မီးမပျက်အောင် ထုတ်လုပ်ပေးနိုင်တဲ့အခြေအနေကို မကြာမီနှစ်ကာလတွေမှာ မျှော်လင့်ချက်တွေ အားကောင်းလာတော့မှာ ဖြစ်ပါတယ်။ ဒါက စက်မှုလုပ်ငန်းရှင်တွေအတွက် ပြန်လည်ဖြေဆိုပေးတာ ဖြစ်ပါတယ်။

ပြည်သူတွေအတွက် အတတ်နိုင်ဆုံးဝန်ဆောင်မှုကောင်းအောင်၊ မီးမပျက်အောင် လုပ်ပေးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီကလည်း Quick Response လုပ်ပေးနိုင်ရမယ်။ လတ်တလောမှာ ကျွန်တော်တို့အနေနဲ့ ဝန်ထမ်းခန့်ထားရေးကအစ subsidize ဖြစ်နေတဲ့ အချိန်ပါ။ ဝန်ထမ်းဦးရေ တိုးချဲ့ခန့်ထားမှုကို ကန့်သတ်ထားတယ်။ ကျွန်တော်တို့ဆီက ဝန်ဆောင်မှုပေးရတဲ့ လုပ်ငန်းဖြစ်နေတော့ ဝန်ထမ်းရှိမှ ဝန်ဆောင်မှုတွေကို လိုက်ပြီးပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီအခါမှာ ကြက်ဥနဲ့ ကြက်မလို ဖြစ်နေပါတယ်။ ဒီလုပ်ငန်းကို စီးပွားရေးလုပ်ငန်းသဘောအရ လည်ပတ်နိုင်မှုရှိလာရင် ကျွန်တော်တို့က ဝန်ထမ်းတွေကို ပိုပြီးခန့်ထားနိုင်မယ်။ လေ့ကျင့်ပေးနိုင်မယ်၊ ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးနိုင်မယ်။ ဒီသဘောကြိုးစားပြီး စီစဉ်ပေးနိုင်မှာ ဖြစ်ပါတယ်။ **ရှင်မင်း**

*(ဆက်လက်ဖော်ပြပါမည်)*

# တောင်ကြီးမြို့နယ် အေးသာယာမြို့တွင် ဒေသဖွံ့ဖြိုးရေးပြည်သူ့စကားဝိုင်းကျင်းပ

**တောင်ကြီး ဇူလိုင် ၈**

ပြည်သူ့စကားဝိုင်းများကျင်းပခြင်းဖြင့် ပြည်သူများအားလုံး ပါဝင်ဆွေးနွေးနိုင်ပြီး ပွင့်လင်းမြင်သာစွာ မိမိတို့၏ လိုအပ်ချက်များကို တင်ပြအဖြေရှာ၍ စုပေါင်းဆွေးနွေးနိုင်ကြကြောင်း ဇူလိုင် ၆ ရက်က အေးသာယာမြို့ဖောင်တော်ပေါက်ကျောင်း၌ တောင်ကြီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကပြုလုပ်သည့် ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်သန်းငွေက ပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလတ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်တို့က လွှတ်တော်ဆိုင်ရာအတွေ့အကြုံ များနှင့် မြေလွတ်မြေရိုင်းဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်သန်းဦးက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က တိကျခိုင်လုံသောအကြောင်းအရာများကို ထိထိရောက်ရောက်မေးမြန်းကြရန်နှင့် မိမိတို့ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ပံ့ပိုးကူညီသွားရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက လမ်းခင်းရန်လိုအပ်ချက်နှင့် ပြည်သူများပူးပေါင်းပါဝင်မည့် အခြေအနေ၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုများ နှိမ်နင်းပေးနိုင်ရေး၊ အေးသာယာဈေးကိစ္စရပ်များ၊ သိမ်းဆည်းလယ်ယာမြေများကိစ္စ၊ ဆရာဆရာမ လိုအပ်ချက်များ၊ စက်မှုဇုန်တွင် စက်မှုလုပ်ငန်းအတွက် ဆောင်ရွက်မှုလိုအပ်ချက်များ၊ ထရန်စဖော်မာ တပ်ဆင်ရန်လိုအပ်ချက်နှင့် ပြည်သူများပူးပေါင်းပါဝင်မည့်အခြေအနေ၊ သားသတ်လိုင်စင်ကိစ္စရပ်များ စသည်ဖြင့် သိရှိလိုသည့်အချက်များနှင့် ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကို ဆွေးနွေးမေးမြန်းကြသည်။ မေးမြန်းချက်များအပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းငွေ၊ ဦးဆောင်ဆွေးနွေးသူများနှင့် ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြင့်သန်းဦး(ပြန်/ဆက်)**



တောင်ကြီးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလတ်က ဆွေးနွေးစဉ်။




# ကွန်ကာကက်ဖ်ရွှေဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် မက္ကဆီကိုတို့ အမေရိကန်ကို အနိုင်ယူပြီး ရှစ်ကြိမ်မြောက်ဆွတ်ခူး

**ချီကာဂို ဇူလိုင် ၈**

အမေရိကတိုက်မှ ကွန်ကာကက်ဖ်ဇုန်၏ ဖလားပြိုင်ပွဲ တစ်ပွဲဖြစ်သော ကွန်ကာကက်ဖ် ရွှေဖလားပြိုင်ပွဲဗိုလ်လုပွဲကြီးကို ဇူလိုင် ၈ ရက် တနင်္လာနေ့ နံနက်ပိုင်းတွင် ချီကာဂိုမြို့ရှိ ဆိုလ်ဒီယာဖီးလ်ကွင်းကြီးတွင် မက္ကဆီကိုနှင့် အမေရိကန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ မက္ကဆီကို အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှစ်ကြိမ်မြောက် ဆွတ်ခူးခဲ့သည်။

ယင်းပွဲတွင် ကွင်းလယ်ဒိုင်အဖြစ် ဂွါတီမာလာနိုင်ငံသား မာရီယိုအက်စ်ကိုဘာက တာဝန်ယူခဲ့ပြီး နှစ်သင်းစလုံး တိုက်စစ်ကစားကွက် ၄-၃-၃ဖြင့် ပွဲထွက်လာကြသည်။ သမိုင်းတစ်လျှောက် ပြိုင်ဘက်နှစ်သင်းတွေ့ဆုံမှုမှာ ပွဲစစချင်း အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ပြီး ပထမပိုင်း ပြီးချိန်ထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်း ၇၃ မိနစ်တွင် မက္ကဆီကိုအတွက် အဖိုးတန်တစ်လုံးတည်းသော အနိုင်ဂိုးကို ကွင်းလယ်ကစားသမား ဂျိုနသန်ဒေါ့စ်ဆန်းတို့စ်က သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် ဘောလုံးပိုင်ဆိုင်မှုမှာ မကွာခြားခဲ့ဘဲ ဂိုးကန်သွင်းခွင့်မှာ မက္ကဆီကိုက ၁၄ ကြိမ်ထိ ရရှိခဲ့ပြီး အမေရိကန်က ၉ ကြိမ်သာ ရရှိခဲ့သည်။ နှစ်သင်းစလုံးသည် ဂိုးပေါက်ခြိမ်းခြောက်နိုင်မှုမှာ လေးကြိမ်စီတူညီခဲ့သည်။

၂၀၁၉ ကွန်ကာကက်ဖ်ရွှေဖလားပြိုင်ပွဲတွင် အကောင်းဆုံးရွှေဖိနပ်ဆုကို ကနေဒါအသင်းမှ ဂျိုနသန်ဒေးဗစ်က သွင်းဂိုးခြောက်ဂိုးဖြင့် ရရှိခဲ့ပြီး ရွှေဘောလုံးဆုကို မက္ကဆီကိုအသင်းမှ ရာအူးဂျီမီနက်ဇ်ကရရှိခဲ့သည်။ လူငယ်ကစားသမားဆုကို အမေရိကန်မှ ခရစ္စတီန်းပူလီဆစ်ကရရှိခဲ့ပြီး အကောင်းဆုံး ဂိုးသမားဆုကို မက္ကဆီကို ဂိုးသမား ဂူလာမိုအိုချိုအာကရရှိကာ အသန့်ရှင်းဆုံးအသင်းအဖြစ် အမေရိကန်အသင်းကို ရွေးချယ်ခဲ့သည်။

ကွန်ကာကက်ဖ်ရွှေဖလားပြိုင်ပွဲတွင် အအောင်မြင်ဆုံးအသင်းအဖြစ် ရှစ်ကြိမ်ရရှိထားသည့် မက္ကဆီကိုက ဇယားထိပ်တွင် ဆက်လက်ရပ်တည်နေပြီး ပြိုင်ဘက်အမေရိကန်က ခြောက်ကြိမ်သာရရှိထားသည်။

**သီဟ**

❍ ***ကျော်ဖုံးမှ***

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သည် လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် ကစားသမားများ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရန်၊ ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ပြီး အတွေ့အကြုံကောင်းများရရှိရန်နှင့် ယင်းပြိုင်ပွဲများမှ အတွေ့အကြုံများဖြင့် လာမည့်ပြိုင်ပွဲများတွင် အောင်မြင်မှုရယူနိုင်ရန်အတွက် ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်လျက်ရှိပြီး နိုင်ငံအတွက် အရေးပါသည့် အောင်မြင်မှုများလည်း ရယူပေးနိုင်လျက်ရှိသည်။

**ဖိုးသော်ဇင်**

❑ ***ကျော်ဖုံးမှ***

၂၀၁၉ ကိုပါအမေရိက ပြိုင်ပွဲပြီးဆုံးချိန်တွင် အကောင်းဆုံးကစားသမားဆုကို ဒန်နီအဲဗက်စ်ကရရှိခဲ့ပြီး ဂိုးသွင်းအများဆုံးဆုကို သွင်းဂိုးသုံးဂိုးဖြင့် အယ်ဗာတန်က ရရှိခဲ့ကာ အကောင်းဆုံး ဂိုးသမားဆုကို အဲလစ်ဆန်ကရရှိခဲ့ပြီး အသန့်ရှင်းဆုံးဆုကို ဘရာဇီးအသင်းက ရရှိခဲ့သည်။ ဘရာဇီးအသင်းသည် ကိုပါအမေရိက ဖလားပြိုင်ပွဲကြီးတွင် တတိယအအောင်မြင်ဆုံးအသင်းဖြစ်ပြီး ဖလား ၁၅ ကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းမှာ ဥရုဂွေးအသင်းဖြစ်ပြီး ဒုတိယနေရာတွင် အာဂျင်တီးနား ၁၄ ကြိမ်၊ ပါရာဂွေး၊ ချီလီနှင့် ပီရူးတို့မှာနှစ်ကြိမ်စီဖြင့် ဘရာဇီးနောက်တွင် အစဉ်လိုက်ရပ်တည်နေပြီး ကိုလံဘီယာနှင့် ဘိုလီဗီးယားတို့မှာ တစ်ကြိမ်စီရရှိထားသည်။

**သီဟ**

# မြို့နယ်များ၌ သဘာဝဘေးဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

### ရေဇွာ

ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ်အတွင်း ရေဇွာနှင့် မတူပီမြို့အကြား ဇာကမ်းကျေးရွာအနီးတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၈ ရက်က မြေပြိုကျ၍ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဇာကမ်းကျေးရွာမှ ဒေသခံတစ်ဦးက “ ဒီမြေပြိုတာကတော့ ဇွန်လလယ်လောက်ကတည်းက ပြိုတာပါ။ စက်ကြီးတစ်စီးနဲ့ ပုံမှန်ပြန်ရှင်းနေတော့ လမ်းပိတ်တာသက်သာပါတယ်။ အခု ဒီဇူလိုင်လထဲမှာ ဆက်တိုက်ဆိုသလို ပြိုကျနေတာ၊ တစ်ရက်ကို စက်ကြီးနဲ့ တစ်ကြိမ်၊ နှစ်ကြိမ် ပုံမှန်ရှင်းနေရတယ်။ ခရီးသွားတွေကတော့ အချိန်ပိုင်းတော့ စောင့်ရတာပေ့ါ ”ဟု ပြောသည်။

ရေဇွာမြို့နှင့် မတူပီမြို့ကြားတွင် မြေပြိုမှု၊ သစ်ပင်လဲကျမှုများဆက်တိုက်ဖြစ်ပေါ်နေသော်လည်း တာဝန်ရှိသူများက စက်ယန္တရားများဖြင့် ပုံမှန်ရှင်းလင်းပေးနေကြကြောင်းနှင့် ယခုဇာကမ်းကျေးရွာအနီး မြေပြိုကျသည့်နေရာမှာ အဆိုးဆုံးဖြစ်ပြီး နေ့စဉ်ရှင်းလင်းနေရခြင်းဖြစ်ကြောင်း သိရသည်။

**ရေဇွာ(ပြန်/ဆက်)**

### အုတ်ဖို

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်အတွင်း ဇူလိုင် ၈ရက် နံနက် ၇ နာရီခွဲက လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် တယ်ပင်ကျောကျေးရွာတွင် ပြိုလဲနေအိမ်တစ်လုံး၊ စင်မြင့်ကျေးရွာတွင် ပြိုလဲနေအိမ် ငါးလုံးနှင့် နေအိမ်တစ်လုံးအမိုးလန်ခဲ့ရာ စုစုပေါင်းပြိုလဲ နေအိမ်ခြောက်လုံးနှင့် အမိုးလန်နေအိမ်တစ်လုံး ပျက်စီးခဲ့သည်။

အဆိုပါ လေဘေးသင့်အိမ်ထောင်စုများအား မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆွေမျိုးသားချင်းများက လေဘေးသင့်မိသားစုများ၏ နေထိုင်စားသောက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဇင်းကျိုက်

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ပန်းကုန်းကျေးရွာ ဇင်းကျိုက်ဆံတော်ရှင်ပုံတူ စေတီတော်မြတ်ကြီး မုခ်ဦးရှေ့ လမ်းတစ်ဖက်ကမ်းရှိ ကုက္ကိုပင်ကြီး ယမန်နေ့ည ၁၁ နာရီခန့်က ဓာတ်အားလိုင်းကြိုးအပေါ်သို့ လဲကျမှုကြောင့် ဓာတ်တိုင်အချို့ ကျိုးကျခဲ့သည်။

အဆိုပါ ကုက္ကိုပင်ကြီးမှာ ရန်ကုန် - မော်လမြိုင် ကားလမ်းမပေါ်တွင်ပိတ်ဆို့ခဲ့သောကြောင့် မော်တော်ယာဉ်များ သွားလာခြင်းကို ခေတ္တခဏရပ်ဆိုင်းခဲ့ရကြောင်း၊ အလားတူ အဆိုပါရပ်ကွက်အတွင်းရှိ လူနေအိမ်ခြောက်လုံးမှာလည်း အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

ကားလမ်းပိတ်ဆို့မှုဖြစ်ရာနေရာသို့ ဇင်းကျိုက်ရဲကင်းစခန်းမှ ရဲအုပ် ရဲလင်းနောင်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပန်းကုန်းကျေးရွာမှ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူတို့က သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လျှပ်စစ်ဓာတ်တိုင်ဓာတ်ကြိုးများအား ဖယ်ရှားရှင်းလင်းခဲ့ရာ ဇူလိုင် ၈ ရက် နံနက် ၃ နာရီခွဲတွင် ယာဉ်များ ပုံမှန်သွားလာနိုင်ခဲ့ကြောင်း သိရသည်။

**နေခြည် (ဇင်းကျိုက်)**

### ညောင်လေးပင်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၁)ရပ်ကွက်၌ ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီခွဲခန့်က မိုးသက်လေပြင်းကျရောက်ခဲ့သဖြင့် နေအိမ် ၇၆ လုံး အမိုးများလန်ထွက်ခြင်း၊ နေအိမ်အမိုးအကာများလေထဲ လွင့်ပါခြင်း၊ သစ်ပင်များပြိုလဲကျိုးကျခြင်း၊ ဓာတ်တိုင်များ ပြိုလဲခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခတ်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြင့်သိန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမာန်အောင်နှင့် ဌာနဆိုင်ရာများ၊ စေတနာလူမှုကူညီရေးအသင်းအဖွဲ့ဝင်များ၊ အခြားလူမှုကူညီရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ စေတနာရှင်များသွားရောက်၍ လိုအပ်သည်များကိုကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

### ဇလွန်

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ရွာမကျေးရွာ၊ ဖားလက်ခိုကျေးရွာနှင့် ပကွဲရေလဲကျေးရွာတို့တွင် ယနေ့နံနက် ၇ နာရီခွဲက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျ၍ နေအိမ်လေးလုံးပြိုလဲခဲ့ပြီး နေအိမ်ခြောက်လုံးအမိုးလန်သွားကာစုစုပေါင်း လူနေအိမ် ၁၀ လုံး လေဘေးသင့်ကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**

### သံတောင်ကြီး

ကရင်ပြည်နယ် သံတောင်ကြီးမြို့တွင် ယမန်နေ့ညနေမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သံတောင်ကြီးမြို့တွင် နေရာအနှံ့မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇူလိုင် ၈ ရက် နံနက် ၃ နာရီက သံတောင်ကြီးမြို့ အမှတ်(၂)ရပ်ကွက်ရှိ ဦးအဲလ်ဝေး၏ နေအိမ် မီးဖိုဆောင်ပေါ်သို့ မြေပြိုခြင်းနှင့်အတူ ကျောက်တုံးကြီးတစ်တုံးပြိုကျလာသဖြင့် မီးဖိုဆောင်ပျက်စီးခဲ့သည်။

ထို့ပြင် မီးဖိုဆောင်အတွင်း အိပ်နေသည့် ဦးအဲလ်ဝေး၏ သားနှစ်ဦးမှာ အချိန်မီပြောင်းရွှေ့ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း မီးဖိုဆောင်နှင့် ဝက်တစ်ကောင် မြေအောက်တွင်ပိမိသွားကြောင်း သိရသည်။

အလားတူ သံတောင်ကြီးမြို့ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်များအတွင်း မြေပြိုမှုများဖြစ်ပွားသဖြင့် ယနေ့နံနက်တွင် အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊မီးသတ်တပ်ဖွဲ့နှင့် အမှတ်(၂)ရပ်ကွက်ပြည်သူများ သွားရောက်ကာ ပြိုကျနေသောမြေများကို သွားရောက်ဖယ်ရှားရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျောက်မဲ၌ စကားများရန်ဖြစ်ရာမှ မီးရှို့၍ ကေတီဗွီဆိုင် မီးလောင်မှုဖြစ်

**သီပေါ ဇူလိုင် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့နယ် မန္တလေး- သီပေါ - လားရှိုး- မူဆယ်ပြည်ထောင်စုလမ်းမကြီးဘေးရှိ ပန်ပေါင်းကျေးရွာ ဝမ့်ဝမ့်ကေတီဗွီဆိုင်တွင် ယနေ့နံနက် ၆ နာရီ ၁၀ မိနစ်က မီးလောင်မှုကြောင့် ကျောက်မဲခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် သန္ဓေအရန်မီးသတ် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၆ နာရီ ၄၅ မိနစ်၌ လုံးဝမီးငြိမ်းသွားသည်။

အဆိုပါ ကေတီဗွီလုပ်ငန်းကို ကိုကျော်စွာနှင့် ကိုသန့်စင်တို့က ရှယ်ယာအစုစပ်ဖြင့် လုပ်ကိုင်ကြပြီး တစ်ယောက်တစ်ခွန်းစကားများ ရန်ဖြစ်ကြရာ ကိုကျော်စွာက ကေတီဗွီအခန်းတွင်းရှိ ထိုင်ခုံဆိုဖာများအပေါ် ဓာတ်ဆီလောင်းမီးရှို့သဖြင့် မီးလောင်ကျွမ်းကာအာစီနှစ်ထပ်တစ်လုံးနှင့် ဆိုင်အတွင်းရှိ ပစ္စည်းများ မီးလောင်ဆုံးရှုံးသွားသည်။


မီးလောင်မှုဖြစ်သည့် ကေတီဗွီဆိုင်အား မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ကြစဉ်။

မီးရှို့သူ ကိုကျော်စွာမှာထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ကျောက်မဲမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မင်းဘူးမြို့တွင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လုယက်မှုကျူးလွန်သူအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

**မင်းဘူး ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ဇူလိုင် ၇ ရက်မွန်းလွဲ ၂နာရီခွဲတွင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လုယက်မှုကျူးလွန်သူအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း မင်းဘူးမြို့မရဲစခန်းမှ သိရသည်။

မကွေးမြို့ ရေအားလျှပ်စစ်ဝင်းနေ ဦးရန်ပိုင်စိုး (၄၁ နှစ်) မောင်းနှင်ပြီး နောက်မှ ဒေါ်ခင်မိုးလှိုင် (၄၅ နှစ်)တို့သည် ဆိုင်ကယ်ဖြင့် မင်းဘူးဘက်မှ မကွေးဘက်သို့လာရာ မင်းဘူး- မင်းလှ- မကွေးကားလမ်းဆုံ အရောက်တွင် ၎င်းတို့အနောက်မှ ဆိုင်ကယ်စီးလာသော အမျိုးသားတစ်ဦးက ဒေါ်ခင်မိုးလှိုင်၏ လက်ကိုင်ပိုက်ဆံအိတ်ကို ဆွဲလုရာ ပါသွားခြင်းမရှိဘဲ ၎င်းအမျိုးသားမှာ ဆိုင်ကယ် မောင်းနှင်ထွက်ပြေးသွားကြောင်း သိရသည်။

မင်းဘူးမြို့နယ် ကျွဲသိုးမြောင်ကျေးရွာအနီး မင်းဘူး- မင်းလှ- မကွေးကားလမ်းဆုံအလုခံရသောနေရာတွင် စောင့်ဆိုင်းနေစဉ် ခဏအကြာပိုက်ဆံအိတ်လုရန် ကြိုးစား၍ ထွက်ပြေးသွားသော အမျိုးသားမှာ ပြန်လည်ရောက်ရှိလာသည်ကိုတွေ့ရ၍ အနီးအနားရှိ ပြည်သူများနှင့် လိုက်လံဖမ်းဆီးရာ မင်းဘူးမြို့အမှတ်(၁၀)ရပ်ကွက် သိမ်ကုန်းရပ် မီးသင်္ဂြိုဟ်စက်သို့ သွားသောလမ်းပေါ်တွင် ဝိုင်းဝန်းဖမ်းဆီးရမိခဲ့ပြီး ထွက်ပြေးသွားသူမှာ မင်းဘူးမြို့အမှတ်(၁) ရပ်ကွက်နေသူ မြင့်နိုင် (၂၃ နှစ်) ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ မြင့်နိုင်အား မင်းဘူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ခိုးမှုကျူးလွန်သူများအား ဖမ်းဆီးရမိ


ချစ်ကိုကို(ခ)စည်သူလွင်၊ သီဟ(ခ)နားကွင်းနှင့် အောင်ကိုဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစု အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဇွန်လနောက်ဆုံးပတ်က ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်အတွင်း ခိုးမှုများကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ချစ်ကိုကို(ခ) စည်သူလွင်အား ၎င်းကိုင်ဆောင်ထားသော Honor ဖုန်းတစ်လုံးနှင့် ပတ်သက်၍ စစ်မေးရာ ဇွန်လပိုင်းအတွင်း ကျော်စိုး သီဟ(ခ)နားကွင်းနှင့်အတူ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၆၈)ရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးမှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

၎င်းတို့နှစ်ဦးသည် အောင်ကိုဦးနှင့်အတူ မေလအတွင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၅၆)ရပ်ကွက်နှင့် (၆၅)ရပ်ကွက်အတွင်းရှိ နေအိမ်သုံးလုံးအတွင်းမှ Redmi ဖုန်းနှစ်လုံးနှင့် Honor ဖုန်းတစ်လုံး၊ ဇွန်လပိုင်းအတွင်း (၆၉)ရပ်ကွက်ရှိ နေအိမ်နှစ်လုံးတွင်းမှ Vivoဖုန်းတစ်လုံးနှင့် Mi ဖုန်းတစ်လုံး၊ (၆၀)ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ Huawei ဖုန်းတစ်လုံး၊ (၅၆)ရပ်ကွက်ရှိ နေအိမ်နှစ်လုံးအတွင်းမှ Samsung ဖုန်းတစ်လုံးနှင့် Coolpad ဖုန်းတစ်လုံး၊ (၂၁) ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှHuawei ဖုန်းတစ်လုံး၊ (၅၃)ရပ်ကွက်ရှိ နေအိမ်သုံးလုံးအတွင်းမှ Redmi ဖုန်းသုံးလုံး၊ (၅၅)ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ Vivo ဖုန်းတစ်လုံးနှင့် ဇွန်လနောက်ဆုံးပတ်အတွင်းက (၅၈) ရပ်ကွက်ရှိ ဖိနပ်ချုပ်နေသော နေအိမ်တစ်လုံးအတွင်းမှ Honor ဖုန်းတစ်လုံး၊ Samsung ဖုန်းတစ်လုံး၊ Huawei ဖုန်းတစ်လုံး၊Redmi ဖုန်းတစ်လုံး စုစုပေါင်းဖုန်း ၁၈ လုံးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူ ချစ်ကိုကို(ခ)စည်သူလွင်ပါ သုံးဦးအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

**ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသိန်းစိုးနှင့် အဖွဲ့သည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်တွင်း ကုန်တင်ကုန်ချလုပ်သားများနှင့် ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုကျဆင်းရေး၊ မူးယစ်ဆေးဝါး၊ မှုခင်းကျဆင်းရေးနှင့် မှုခင်းအသိပညာတိုးပွားရေးတို့ကို ဇူလိုင် ၈ ရက်တွင် အသိပညာပေးဟောပြောစဉ်။** မင်းခေတ်



# ရေကြည်မြို့နယ်၌ ဆင်စွယ်များသိမ်းဆည်းရမိ

**ရေကြည် ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငွေးတောက်ကျေးရွာအုပ်စု မြောက်စမ်းရွာနှင့် တောင်းစမ်းကျေးရွာချင်းဆက် လမ်းဘေးဆီးပင်အောက်တွင် ဇူလိုင် ၇ ရက် ၈ နာရီခွဲက ဆင်စွယ်နှစ်ချောင်းတွေ့ရှိကြောင်း ကုန်းပြင်နယ်မြေရဲစခန်းမှ သိရသည်။

ကုန်းပြင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၇ ရက် ၈နာရီခွဲက မြောက်စမ်းရွာနှင့် တောင်စမ်းကျေးရွာချင်းဆက်လမ်းဘေး ဆီးပင်အောက်တွင် အထုပ်တစ်ထုပ်အား မသင်္ကာဖွယ်တွေ့ရှိကြောင်း ဖုန်းဆက်အကြောင်းကြားသဖြင့် နယ်မြေစခန်းမှူး (ကုန်းပြင်) ရဲအုပ် သန်းလွင် ဦးစီးပြီး ရဲတပ်သားများ၊ သစ်တော ဦးစီးဌာနမှ တောအုပ် ဦးဂျူလိုင်ဇင်ပါနှစ်ဦး၊ ငွေးတောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ထွန်း၊ ရပ်မိ/ရပ်ဖ ဦးတင်စိုး၊ ဦးရဲမင်းပိုင်တို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အလျား ၁၄ လက်မ၊ လုံးပတ် ၅ လက်မ (ခေါင်းပိတ် ၄ လက်မ၊ ခေါင်းပေါက် ၁၀ လက်မခန့်) ဆင်စွယ်နှစ်ချောင်းကို တွေ့ရှိခဲ့သဖြင့် သိမ်းဆည်းခဲ့ပြီး ရေကြည်မြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆန်းတင့် (ရေကြည်)**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၈**

မြဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီခွဲတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေ ဒေါ်ခိုင်မိုး၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၆ ပြား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၀)ရန်ကုန်(မြောက်)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၂)ရပ်ကွက်နေ တင်ဝင်းနိုင် ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ညနေ ၄ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင် - ချင်းရွှေဟော်ကားလမ်းမပေါ်ရှိ ရော်ဘာကုန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် ကျိန်ဝေနိမ့် မောင်းနှင်ပြီး ရင်ထိုက်ယွဲ့လိုက်ပါလာသည့် တိုယိုတာ အယ်လ်ဖက်စ်အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၃၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၄ ကီလို၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၆ နာရီခွဲက မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ်မိုးလုံးကျေးရွာအနီး မဘိမ်း-ငါးအိုးကားလမ်းတွင် အမျိုးသားနှစ်ဦး စီးနင်းလာသော ဆိုင်ကယ်အားစစ်ဆေးရန် တားဆီးစဉ် လမ်းဘေးတောအတွင်းသို့ မောင်းနှင်ထွက်ပြေးသွားပြီး ဆိုင်ကယ်ကိုလမ်းဘေးရှိ သစ်ပင်အောက်၌တွေ့ရှိ၍ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဇူလိုင် ၇ ရက် နံနက် ၁၁ နာရီတွင် တာချီလိတ်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံကျေးရွာအုပ်စု ဖာတမာကုန်းကျေးရွာနေ လော်ဒါး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ပြား၊ ဘိန်းစိမ်း ၆၀ ဂရမ်နှင့် တူမီးသေနတ် နှစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မြန်မာ့ရုပ်မြင်သံကြား

၉-၇-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - အာဆီယံထဲကမြို့ပြ (ယာဉ်စည်းကမ်း)
- ၇း၄၀ - "ဒေါနတောင်တန်းပေါ်က မုလအိစံတော်ရှင် စေတီတော်"
- ၈း၃၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၄)**
- ၉း၁၅ - ရာဇဝင်ထဲကသမိုင်းအနုပညာ "ရတနာပုံနန်းမြို့မတည်မီက တည်းကတည်ရှိခဲ့သောဘုရားများ" (မဟာသကျသီဟ ဘုရား)
- ၁၀း၃၅ - "မြန်မာ့အမွေအနှစ်ပုဂံမြေက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ပြီ"
- ၁၀း၄၅ - "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက်ကဏ္ဍအသီးသီးမှဆောင်ရွက်ချက်များ"(၁၀၇)
- ၁၁း၀၀ - ဥပဒေရေးရာအဖြာဖြာ "အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအကြောင်း သိကောင်းစရာ"
- ၁၄း၁၅ - မူးယစ်အန္တရာယ်

**ညပိုင်း**

- ၁၆း၃၅ - ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(ချင်း-ချိုး၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဝ)
- ၁၇း၀၅ - **"လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ"**
- ၁၇း၃၀ - မြန်မာ့ငွေကြေး ဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၄၅ - "မြန်မာ့အမွေအနှစ်ပုဂံမြေက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ပြီ"
- ၁၉း၁၅ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၁)**
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၂)**
- ၂၀း၃၅ - ပညာရေးစကားဝိုင်း "၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မည့် စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာ" (အပိုင်း-၁)



# အိန္ဒိယနိုင်ငံ အဝေးပြေးလမ်းမတွင် ခရီးသည်တင်ဘတ်စကားတိမ်းမှောက်မှုကြောင့် လူ ၂၉ ဦးသေဆုံး

**နယူးဒေလီ ဇူလိုင် ၈**

အိန္ဒိယနိုင်ငံ အဝေးပြေးလမ်းတွင် ဇူလိုင် ၈ ရက်က ခရီးသည်တင်ဘတ်စကား တိမ်းမှောက်ခဲ့ရာ လူပေါင်း ၂၉ ဦး သေဆုံးခဲ့ကြောင်း သိရ သည်။

အဆိုပါအဝေးပြေးလမ်းမကြီးမှာ လမ်းလုံခြုံစိတ်ချရမှု အားနည်းသဖြင့် သေမင်းဆီသို့ သွားရာလမ်းဟုလည်း ခေါ်ဝေါ်ကြသည်။ အဆိုပါ ခရီးသည်တင်ဘတ်စကားမှ ယာဉ်မောင်းမှာ မိုးရွာထဲတွင်မောင်းနှင်စဉ် အိပ်ငိုက်သည်ဟု သံသယရှိပြီး နယူးဒေလီနှင့် အာဂရာမြို့ကို ဆက်သွယ်ထားသည့် ယမုံနာအဝေးပြေးကားလမ်းတွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ လူ ၁၈ ဦး ဒဏ်ရာရရှိခဲ့ပြီး အချို့မှာစိုးရိမ်ရသည့်အခြေအနေရှိကြောင်း သိရသည်။

အိန္ဒိယတွင် တစ်နှစ်လျှင် လူပေါင်း ၁၅၀၀၀၀ ခန့်မှာ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးရပြီး အဆိုပါလမ်းများမှာ အဝေးပြေးယာဉ်မောင်းများအတွက် လုံခြုံစိတ်ချရမှု မရှိသည့် ပုံစံများဖြင့်တည်ဆောက်ထားခြင်းနှင့် ယာဉ်မောင်းများမှ အမြန်မောင်းနှင်ကြခြင်းကြောင့် မတော်တဆမှုများဖြစ် ပွားရခြင်းဖြစ်ကြောင်း သိရသည်။ ယမုံနာအဝေးပြေးကားလမ်းမှာ အိန္ဒိယ၏ အရှည်ဆုံးကားလမ်းများမှ တစ်ခုဖြစ်ပြီး ၂၀၁၂ ခုနှစ် မှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကားလမ်းဖွင့်လှစ်ပြီးချိန်မှစ၍ လူပေါင်း ၉၀၀ခန့် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်ဟု အိန္ဒိယအာဏာပိုင်များက ပြောသည်။ ထို့ကြောင့်လည်း အိန္ဒိယမီဒီယာများက အဆိုပါလမ်းကို "သေမင်းဆီသို့သွားရာလမ်း"ဟု အမည်ပေးထားကြသည်။

ယခုတိမ်းမှောက်သွားသည့် ဘတ်စကားမှာ လူပေါင်း ၅၀ခန့်ကိုတင်ဆောင်လာပြီး လက်ခနောင်းမြို့မှထွက်ခွာလာကာ ဒေလီမြို့သို့ ဦးတည်သွားနေခြင်းဖြစ်ပြီး အာဂရာမြို့အပြင်ဘက် ၂၀ ကီလိုမီတာခန့်တွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ပြည်နယ်ဝန်ကြီးချုပ် ယိုဂီအဒီရန်နက်က ကားမှောက်ရခြင်းအတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ညွှန်ကြားထားပြီး သေဆုံးသူတစ်ဦးချင်းစီအတွက် ၎င်းတို့၏မိသားစုများကို အမေရိကန်ဒေါ်လာ ၇၂၉၉ လျော်ကြေးပေးဆောင်ရန် ညွှန်ကြားထားသည်။

**အေအက်ဖ်ပီ**



တိမ်းမှောက်သွားသည့် ခရီးသည်တင်ဘတ်စကားကို တွေ့ရစဉ်။

# တင်ပို့ကုန်ဆိုင်ရာ စည်းမျဉ်းကန့်သတ်ချက်များကို ရုပ်သိမ်းပေးရန် တောင်ကိုရီးယားသမ္မတ တိုက်တွန်း

**ဆိုးလ် ဇူလိုင် ၈**

တောင်ကိုရီးယားနိုင်ငံကို ရည်ရွယ်လျက် နည်းပညာမြင့် ကုန်ပစ္စည်းများအပေါ် တင်ပို့ကုန်ဆိုင်ရာထိန်းချုပ်ရေး လုပ်ဆောင်နေမှုများကို စွန့်လွှတ်ရန် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းက ဂျပန်နိုင်ငံကို တိုက်တွန်းလိုက်ကြောင်း သိရသည်။

ဂျပန်အစိုးရအနေဖြင့် တင်ပို့ကုန်များအပေါ် ပိုမိုစည်းကမ်းတင်းကျပ်စွာ ထိန်းချုပ်လာမှုများကို ရုပ်သိမ်းရန်နှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် တောင်းဆိုမည်ဖြစ်ကြောင်း မွန်ဂျယ်အင်းက ဇူလိုင် ၈ ရက်တွင် သမ္မတရုံး၌ ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ရွေးချယ်စရာမရှိကြောင်း၊ သို့ရာတွင် ဂျပန်၏ လုပ်ဆောင်ချက်ကြောင့် တောင်ကိုရီးယား ကုမ္ပဏီများအပေါ် ဆိုးကျိုးသက်ရောက်လာပါက တုံ့ပြန်ရလိမ့်မည်ဖြစ်ကြောင်း သမ္မတ မွန်ဂျယ်အင်းက သတိပေးလိုက်သည်။



တောင်ကိုရီးယားနိုင်ငံ အိမ်ပြာတော်၌ သမ္မတမွန်ဂျယ်အင်းနှင့် အဆင့်မြင့်အရာရှိကြီးများ ၂၀၁၉ ဇူလိုင် ၈ ရက်က အစည်းအဝေးပြုလုပ်နေကြစဉ်။

ပြီးခဲ့သည့် ကြာသပတေးနေ့က ဂျပန်အစိုးရသည် တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ အော်ဂဲနစ် LED Displayများနှင့် အခြားနည်းပညာမြင့်ထုတ်ကုန်များတွင် အသုံးပြုသည့် တင်ပို့ကုန်ပစ္စည်းများအပေါ် ပိုမိုစည်းကမ်းတင်းကျပ်ခဲ့သည်။ ဂျပန်၏ ထိုသို့ လုပ်ဆောင်မှုသည် ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားကွင်းဆက်ကို ခြိမ်းခြောက်လာနေကြောင်းနှင့် လွတ်လပ်စွာကုန်သွယ်ခွင့် စည်းမျဉ်းများကို လိုက်နာစောင့်ထိန်းသင့်ကြောင်း ဂျပန်နိုင်ငံကို တိုက်တွန်းခဲ့သည်။

နိုင်ငံရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် လွတ်လပ်စွာကုန်သွယ်မှုအပေါ် စည်းမျဉ်းကန့်သတ်လာသည့်အတွက် နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်လုံးက စိုးရိမ်ပူပန်လျက်ရှိကြောင်း ၎င်းက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ သမ္မတ မွန်ဂျယ်အင်းသည် လာမည့် ဇူလိုင် ၁၀ ရက်တွင် တောင်ကိုရီးယားကုမ္ပဏီများမှ အကြီးအကဲများနှင့် တွေ့ဆုံကာ မည်သို့တုံ့ပြန်မည်ကို ဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ရွှေ့ပြောင်းအခြေချနေထိုင်သူ ၆၅ ဦး မော်လ်တာနိုင်ငံတွင် ခြေချခွင့်ရ

**ဗလက်ဒါ ဇူလိုင် ၈**

ဂျာမနီနိုင်ငံမှ အန်ဂျီအိုအဖွဲ့အစည်းပိုင် အလန်ကာဒီအမည်ရှိ သင်္ဘောဖြင့် တင်ဆောင်လာသော ရွှေ့ပြောင်းအခြေချနေထိုင်သူ ၆၅ ဦးအား မော်လ်တာ ကင်းလှည့်တပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပြီး ဇူလိုင် ၇ ရက် ညနေပိုင်းတွင် မော်လ်တာနိုင်ငံ၌ ခြေချခွင့်ရသွားပြီဖြစ်ကြောင်း သိရသည်။

ဂျာမနီအလံလွှင့်ထူထားသော အလန်ကာဒီသင်္ဘောသည် အီတလီနိုင်ငံပိုင် ရေပိုင်နက်တွင်ရောက်ရှိခဲ့ပြီး အီတလီအစိုးရထံ ကမ်းကပ်ခွင့်တောင်းခံခဲ့သော်လည်း အီတလီအစိုးရကလက်မခံဘဲ ငြင်းဆန်ပြီးနောက် မော်လ်တာနိုင်ငံသို့ ဦးတည်ခုတ်မောင်းလာခဲ့သည်။

သင်္ဘောပေါ်မှ ကယ်ဆယ်ခဲ့သည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် နေရာချထားပေးခြင်းခံရမည်ဟုလည်း ကြေညာချက်တွင် ပါရှိသည်။

ဆီးအိုင်းအဖွဲ့၏ အစီရင်ခံစာအရ ရွှေ့ပြောင်းအခြေချနေထိုင်သူသုံးဦးမှာ ဆေးကုသမှုခံယူရန်လိုအပ်နေပြီး အပူဒဏ်ခံစားခဲ့ရ၍ ကျန်းမာရေးဆိုးရွားနေခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



မော်လ်တာနိုင်ငံ ဗလေ့ာရီနာမြို့သို့ ဝင်ရောက်ကြမည့် ရွှေ့ပြောင်းနေထိုင်သူများကို ၂၀၁၉ ဇူလိုင် ၇ ရက်က တွေ့ရစဉ်။

## အင်ဒိုနီးရှား၌ ပြင်းအား ၇ ဒသမ ၀ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

**ဂျကာတာ ဇူလိုင် ၈**

အင်ဒိုနီးရှားနိုင်ငံ အရှေ့မြောက်ပိုင်း မာလူကူပြည်နယ်တွင် ဇူလိုင် ၇ ရက်က ပြင်းအား ၇ ဒသမ ၀ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခဲ့သည်။ ထိုသို့လှုပ်ခဲ့ပြီးနောက် ဆူနာမီ သတိပေးမှုများလည်း ထုတ်ပြန်ခဲ့ကြောင်း မိုးလေဝသနှင့် ဘူမိရူပဗေဒ အေဂျင်စီက ပြောသည်။

ည ၁၀ နာရီ ၈ မိနစ်တွင် ငလျင်လှုပ်ခဲ့ခြင်းဖြစ်ပြီး ငလျင်၏ဗဟိုချက်မသည် တာနိတ်ကျွန်းအနောက်တောင်ပိုင်း ၁၃၆ ကီလိုမီတာခန့်ဖြစ်ကာ အနက်မှာ ၄၉ ကီလိုမီတာရှိသည်ဟု အေဂျင်စီမှအရာရှိတစ်ဦးဖြစ်သူ ဘာယူပရာနာတာက ပြောသည်။

အစောပိုင်းက ဆူနာမီသတိပေးမှုများ ထုတ်ပြန်ခဲ့သော်လည်း ယခုအခါ ရုပ်သိမ်းလိုက်ပြီဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်မှာလည်း သိသိသာသာမြင့်တက်လာခြင်း မရှိကြောင်း ၎င်းက ဆင်ဟွာသို့ တယ်လီဖုန်းမှတစ်ဆင့် ပြောကြားခဲ့သည်။ ငလျင်ကြီးလှုပ်ပြီးနောက် နောက်ဆက်တွဲငလျင်ငယ်လေးများလည်း လှုပ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ငလျင်ဒဏ်ကိုအပြင်းအထန်ခံစားခဲ့ရသည့်နေရာများမှာ ဆူလာဝေဆီမြောက်ပိုင်းအနီးရှိ မာနာဒိုမြို့နှင့် ဘိုင်တောင်မြို့တို့ တွင်ဖြစ်ကြောင်း သိရသည်။

ယခုအချိန်ထိ အပျက်အစီးစာရင်းနှင့် ဒဏ်ရာရရှိသူများစာရင်း၊ ဆိုးဆိုးရွားရွား ပျက်စီးမှုများမရရှိသေးကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ငလျင်မကြာခဏလှုပ်လေ့ရှိသည်။ **ဆင်ဟွာ**

## အတိုက်အခံပါတီနှင့် ပြန်လည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဗင်နီဇွဲလားအစိုးရပြော

**ကရာကတ် ဇူလိုင် ၈**

ဗင်နီဇွဲလားအစိုးရနှင့် အတိုက်အခံပါတီတို့၏ ပြန်လည်တွေ့ဆုံဆွေးနွေးပွဲကို ကာရစ်ဘီယံကျွန်းနိုင်ငံဖြစ်သည့် ဘာဘေးဒိုစ်တွင် ယခုရက်ပိုင်းအတွင်း ပြုလုပ်မည်ဖြစ်ကြောင်း ဗင်နီဇွဲလား သတင်းနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဂျော့ရိုဒရီဂွက်က ဇူလိုင် ၇ ရက် ညနေပိုင်းတွင် လူမှုကွန်ရက်စာမျက်နှာ၌ ဖော်ပြခဲ့သည်။

တွေ့ဆုံဆွေးနွေးမှုအတွင်း ဗင်နီဇွဲလားအစိုးရနှင့် အတိုက်အခံပါတီတို့အကြား နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းများကိုဖြေလျှော့ကာ သဘောတူညီမှုရရှိစေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီသည့်နည်းလမ်းရှာဖွေရန် နော်ဝေနိုင်ငံက ကြားဝင် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အစိုးရအနေဖြင့် အတိုက်အခံပါတီနှင့် အမှန်တကယ် တွေ့ဆုံဆွေးနွေးလိုကြောင်း၊ တွေ့ဆုံညှိနှိုင်းမှုအတွင်း ရလဒ်ကောင်းများထွက်ပေါ်နိုင်မည်ဟု မျှော်လင့်ကြောင်း ဂျော့ရိုဒရီဂွက်က ပြောသည်။

အတိုက်အခံခေါင်းဆောင် အောက်လွှတ်တော် ဥက္ကဋ္ဌ ဂျူအန်ဂွိုက်ဒိုကလည်း အစိုးရနှင့် ညှိနှိုင်းဆွေးနွေးမည့်အကြောင်း ဇူလိုင် ၇ ရက် အစောပိုင်းတွင် လူမှုကွန်ရက်၌ ဖော်ပြထားသည်။ ဗင်နီဇွဲလားနိုင်ငံသည် စီးပွားရေးကျပ်တည်းမှုနှင့်ရင်ဆိုင်နေရပြီး အစိုးရနှင့် အတိုက်အခံပါတီအကြား တွေ့ဆုံဆွေးနွေးမှုကို ယခုနှစ်မေလတွင် နော်ဝေ၌ နှစ်ကြိမ်ပြုလုပ်ခဲ့သော်လည်း နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းနိုင်မည့် သဘောတူညီမှုမရရှိခဲ့ကြောင်း သိရသည်။

ဗင်နီဇွဲလားနိုင်ငံ၏ အောက်လွှတ်တော်ဥက္ကဋ္ဌ ဂျူအန်ဂွိုက်ဒိုကို ဝိုင်းဝန်းထောက်ခံကြရန်နှင့် လက်ရှိသမ္မတ နီကိုးလပ်စ်မာဒူရိုကို စွန့်ခွာကြရန် အနောက်နိုင်ငံများကို အမေရိကန်က တိုက်တွန်းလျက်ရှိသည်။ နိုင်ငံပေါင်း ၅၀ ကျော်က ဂွိုက်ဒိုကို ထောက်ခံလျက်ရှိပြီး ရုရှားနှင့်တရုတ်က မာဒူရိုကို ဆက်လက်ထောက်ခံပေးထားသည်။ **ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## အီရန်ယူရေနီယံ သန့်စင်ထုတ်လုပ်မှု ကန့်သတ်ပမာဏကို ကျော်လွန်

**တီဟီရန် ဇူလိုင် ၈**

အီရန်၏ ယူရေနီယံသန့်စင်ထုတ်လုပ်မှုမှာ ဇူလိုင် ၈ ရက်တွင် ၄ ဒသမ ၅ ရာခိုင်နှုန်းကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

၂၀၁၅ နျူကလီးယားသဘောတူစာချုပ်ပါ ကတိကဝတ်ကို ကျော်လွန်ကာ ယူရေနီယံအမြောက်အမြား သန့်စင်ထုတ်လုပ်လိုက်ခြင်းဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘီရု ကမယ်လ်ဗန်ဒီက ISNA သတင်းအေဂျင်စီတွင် ဖော်ပြခဲ့သည်။

အီရန်က ကန့်သတ်ချက်ကို ကျော်လွန်လျက် ထုတ်လုပ်လိုက်သည့် ပမာဏသည် နိုင်ငံအတွက် လိုအပ်သည့် ဓာတ်ပေါင်းဖို လောင်စာလိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းနိုင်ကြောင်း ကမယ်လ်ဗန်ဒီက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## နိုင်ဂျီးရီးယား၌ ပြန်ပေးဆွဲခံရသူ ၁၁ ဦးကို ကယ်ဆယ်

**အဘူဂျာ ဇူလိုင် ၈**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းပြည်နယ် ဇမ်ဖာရာ၌ လက်နက်ကိုင်အုပ်စုတစ်စုက ပြန်ပေးဆွဲသွားခဲ့သူ ၁၁ ဦး ပြန်လည်လွတ်မြောက်လာပြီး ၎င်းတို့၏ မိသားစုများနှင့် ပြန်လည်ဆုံစည်းခဲ့ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့အာဏာပိုင်များက ဇူလိုင် ၈ ရက်တွင် အတည်ပြုခဲ့သည်။

ကလေးငယ်သုံးဦး၊ အမျိုးသမီးသုံးဦးနှင့် အမျိုးသားငါးဦးအပါအဝင် ပြန်ပေးဆွဲခံရသူများကို ဇူလိုင် ၇ ရက်တွင် ဇမ်ဖာရာအုပ်ချုပ်ရေးမှူး ဘယ်လိုမာတာဝေါ်လီထံသို့ ပြန်လွှဲပြောင်းပေးခဲ့ကြောင်းသိရသည်။

၎င်းတို့ကို ရှင်ကာဖီနှင့် ဇမ်ဖာရာရှိ မာရူဒေသအစိုးရအဖွဲ့ ဧရိယာတို့တွင် လက်နက်ကိုင်အုပ်စုတစ်စုက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဒေသရဲတပ်ဖွဲ့အကြီးအကဲ အပ်စမန် နာဂိုဂိုက ပြောကြားခဲ့သည်။

ပြန်ပေးဆွဲခံရသူများကို နှစ်လကျော်ကြာအောင် အကျဉ်းချထားခဲ့ကြောင်းနှင့် ဇူလိုင် ၆ ရက်က ကယ်ဆယ်ရေးဆောင်ရွက်မှုအပြီးတွင် ရဲတပ်ဖွဲ့က ၎င်းတို့ကို လွတ်မြောက်အောင် ကြိုးပမ်းခဲ့ကြောင်း နာဂိုဂိုက ပြောသည်။

ပြန်ပေးဆွဲခံရသူများကို ၎င်းတို့၏ မိသားစုများနှင့် ပြန်လည်မပေါင်းစည်းမီ အစိုးရဆေးရုံသို့ ဦးစွာခေါ်ဆောင်သွားခဲ့ကြောင်း အုပ်ချုပ်ရေးအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကုန်သွယ်ရေးစစ်ပွဲမှာ ဘယ်သူတွေအကျိုးအမြတ်ရှိနေသလဲ

*ကလျာမိုးမြင့်*




အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်

အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ဖြစ်ပွားနေတဲ့ ကုန်သွယ်ရေးစစ်ပွဲမှာ အောင်နိုင်သူတွေအဖြစ် ပေါ်ထွက်လာတဲ့နိုင်ငံအချို့ရှိနေပြီး အဲဒီနိုင်ငံတွေကတော့ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ ဘင်္ဂလားဒေ့ရှ်နဲ့ တောင်ကိုရီးယားနိုင်ငံတွေဖြစ်တယ်လို့ သတင်းမီဒီယာတွေက ဖော်ပြပါတယ်။

### မြားဦးလှည့်

အမေရိကန်နိုင်ငံသား စားသုံးသူတွေအနေနဲ့ တရုတ်နိုင်ငံက ကုန်ပစ္စည်းတွေကို ဝယ်ယူမှုနည်းပါးပေမယ့် ၎င်းတို့ဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့အခွန်တိုးမြှင့်ကောက်ခံမှုကို ရှောင်လွှဲနိုင်ဖို့အတွက် တခြားသော အာဆီယံနိုင်ငံတွေက ထုတ်လုပ်သူတွေဆီကို မြားဦးလှည့်လာကြပြီး အမေရိကန်က ထုတ်လုပ်သူတွေကို သိပ်ပြီး အားမထားတော့ပါဘူး။

### အဖြေမရှာနိုင်

ဝါရှင်တန်နဲ့ ပေကျင်းတို့အကြား မရေမရာနဲ့ အဖြေမရှာနိုင်ဖြစ်နေတဲ့ ကုန်သွယ်ရေးညှိနှိုင်းမှုတွေဟာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကာလတစ်လျှောက် ပေါ်ထွက်လာခဲ့ရာက မေလအထိ ဆက်လိုက်လာခဲ့ပါတယ်။ အခုနှစ်ရဲ့ ပထမငါးလအတွင်း အမေရိကန်ပြည်ထောင်စုဟာ တရုတ်နိုင်ငံက ကုန်စည်တွေရဲ့ ၁၂ ရာခိုင်နှုန်းသာ ပြည်တွင်းကို တင်သွင်းမှုရှိခဲ့ပြီး လွန်ခဲ့တဲ့တစ်နှစ်အဲဒီအချိန်ကထက် ပိုနည်းပါးခဲ့ပါတယ်။

ဒီအချိန်မှာ ဗီယက်နမ်ကနေ တင်သွင်းကုန်တွေဝင်လာမှု ကတော့ ၃၆ ရာခိုင်နှုန်းအထက်ရှိနေပြီး တရုတ်(တိုင်ပေ)ကနေ တင်သွင်းမှု ၁၄ ရာခိုင်နှုန်းအထိ တိုးလာခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ တင်သွင်းမှု ၁၄ ရာခိုင်နှုန်းနဲ့ တောင်ကိုရီးယားကနေ တင်သွင်းမှုကတော့ ၁၂ ရာခိုင်နှုန်းဖြစ်ပါတယ်။

### ပိုပြီးဈေးနှုန်းကြီးမြင့်စေ

တရုတ်တင်သွင်းကုန်တွေအပေါ် သမ္မတထရမ့်က အခွန်တိုးကောက်လိုက်တဲ့အတွက်ကြောင့် တရုတ်နိုင်ငံမှာ ထုတ်လုပ်တဲ့ ဘေ့စ်ဘောဦးထုပ်၊ ခရီးဆောင်အိတ်၊ မော်တော်ဆိုင်ကယ်နဲ့ လက်ဆွဲအိတ်တွေကို ဝယ်ယူရတဲ့ အမေရိကန်က တင်သွင်းသူတွေကို ပိုပြီး ဈေးနှုန်းကြီးမြင့်စေပါတယ်။

အခွန်တိုးကောက်မှုက ပန်းကန်ဆေးစက် အစိတ်အပိုင်းတွေ၊ အဝတ်လျှော်စက်၊ လေမှုတ်စက်နဲ့ ရေသန့်စက်တွေအပါအဝင် စက်ပိုင်းဆိုင်ရာနဲ့ စက်မှုလုပ်ငန်းသုံးကုန်ပစ္စည်းအမျိုးမျိုး အပေါ်မှာလည်း သက်ရောက်မှုရှိခဲ့ပါတယ်။

ညှိနှိုင်းဆွေးနွေးမှုတွေ လမ်းကြောင်းပေါ်ပြန်ရောက်သွားပြီဖြစ်ပြီး ဂျပန်မှာကျင်းပတဲ့ ဂျီ-၂၀ ကွန်ဖရင့်မှာ တရုတ်သမ္မတ ရှီနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် နောက်ထပ်အခွန်တွေ တိုးကောက်မယ့် အစီအစဉ်ကို ခဏဆိုင်းထားတယ်လို့ ထရမ့်က ပြီးခဲ့တဲ့ရက်သတ္တပတ်မှာ ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် ထရမ့်အစိုးရအဖွဲ့က တရုတ်ကုန်စည်တွေရဲ့တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံခန့်ကို ၁၀ ရာခိုင်နှုန်း အခွန်ကောက်ခံနေရာကနေ ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်လိုက်တဲ့ မေလအတွင်းမှာ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်တွေ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်ခဲ့ရပါတယ်။

### ကျိန်းသေတွက်ဆထား

ဒါ့အပြင် ကျန်တဲ့တရုတ်တင်ပို့ကုန်တွေဖြစ်တဲ့ စမတ်ဖုန်းတွေ၊ ကစားစရာအရုပ်တွေနဲ့ ခြေအိတ်တွေအပေါ်မှာပါ အခွန်ထပ်မံတိုးမြှင့်မယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်။ တရုတ်တင်ပို့ကုန်တွေအပေါ် အခွန်တွေတိုးကောက်တာက စီးပွားရေးလုပ်ငန်းတွေကို ထိခိုက်စေတဲ့အတွက် တရုတ်နိုင်ငံက တစ်ခုခုသဘောတူညီမှုပေးမှာပဲလို့ သမ္မတထရမ့်က ကျိန်းသေတွက်ဆထားဟန်ရှိပါတယ်။

ဒါပေမယ့် ကုမ္ပဏီတွေအနေနဲ့ထုတ်လုပ်မှုကို တရုတ် နိုင်ငံပြင်ပဆီပြောင်းမလား ဒါမှမဟုတ် အမေရိကန်ဆီကုန်စည်တွေ သင်္ဘောနဲ့ မပို့ဆောင်မီ အသေးစားထုတ်လုပ်မှုအတွက် ပုံမှန်လမ်းကြောင်းအတိုင်းပဲ ကုန်စည်တွေ ထုတ်လုပ်သွားမလားဆိုတာကို ရေရေရာရာမရှိလှပါဘူး။

ဗီယက်နမ် အကောက်ခွန်ဌာနကတော့ တရုတ်နိုင်ငံမှာ မူလထုတ်လုပ်ထားတဲ့ ကုန်ပစ္စည်းတွေကို made in vietnam (ဗီယက်နမ်တွင်လုပ်သည်) ဆိုပြီး လေဘယ်တံဆိပ်ပြန်ကပ်ပြီး စီးပွားရေးလုပ်ငန်းတွေက အမေရိကန်ရဲ့အခွန်တိုးကောက်မှုကို ရှောင်ရှားဖို့ ကြိုးစားတာကို စပြီးနှိမ်နင်းသွားမှာဖြစ်တယ်လို့ ဆိုထားပါတယ်။

တူညီတဲ့ ကုန်ပစ္စည်းတစ်ခုကို တူညီတဲ့ အရည်အသွေးအတိုင်း ဈေးချိုချိုနဲ့ ထုတ်လုပ်ပေးနိုင်တဲ့ ရောင်းချသူတွေကို တရုတ်နိုင်ငံပြင်ပမှာ တွေ့ရဖို့ က အမြဲတမ်းမလွယ်ကူနိုင်ပါဘူး။

ပြီးတော့ ဒါက လပေါင်းများစွာ အချိန်ယူရမယ့် ဖြစ်စဉ်တစ်ခုပါ။ နှစ်ချီကြာချင်လည်းကြာနိုင်တယ်။ အဲဒီအစား တင်သွင်းသူဟာ သမ္မတထရမ့်က အခွန်တိုးမြှင့်ကောက်ခံမှုကို အနေးနဲ့အမြန် ဖယ်ရှားပေးမှာကို လောင်းကြေးထပ်ရင်း ကုန်ကျစရိတ်ငြိမ်းအောင်လုပ်ဖို့ ဆုံးဖြတ်ချင် ဆုံးဖြတ်သွားနိုင်ပါတယ်။

မစ်ဇူရီမှာအခြေစိုက်ထားတဲ့ ကက်ပ်အမေရိကကုမ္ပဏီဟာ ၎င်းရဲ့ဘေ့စ်ဘော ဦးထုပ်တွေကို တရုတ်နိုင်ငံကနေ မှာယူတင်သွင်းနေပါတယ်။ ဒါတွေကို အမေရိကန်မှာ တန်ဆာဆင်မွမ်းမံပါတယ်။ အခု ဒီကုမ္ပဏီက အခွန်စည်းကြပ်တာတွေကို ရှောင်ရှားချင်တဲ့အတွက် ဘင်္ဂလားဒေ့ရှ်မှာ ထုတ်လုပ်သူအသစ်ရှာဖို့ ကြိုးစားနေပါတယ်။

ဒါပေမယ့် လောလောဆယ်မှာတော့ ကုန်ပစ္စည်းကို အရည်အသွေးစမ်းသပ်မှုလုပ်နေတဲ့အတွက် တင်သွင်းမှုစုစုပေါင်းရဲ့ ၂၀ ရာခိုင်နှုန်းလောက်ကိုသာ အော်ဒါမှာယူမှာဖြစ်တယ်လို့ ဆိုပါတယ်။ သင့်ရဲ့လက်ချောင်းတွေကို ဖျစ်ညှစ်ထားပြီး ထုတ်လုပ်မှုကို ပိတ်ပင်ထားလို့မရနိုင်ဘူး။ ဒါက တိကျတဲ့ ဖြစ်စဉ်တစ်ခုပဲလို့ ကုမ္ပဏီစီအီးအို ဖီလ်ပေ့ချ်က ပြောပါတယ်။

မေလအတွင်းမှာတုန်းက အမေရိကန်ကုန်သည်ကြီးများအသင်းနဲ့ ရှန်ဟိုင်းရှိ ၎င်းရဲ့ မိတ်ဖက်တွေ စစ်တမ်းကောက်ယူခဲ့တဲ့ ကုမ္ပဏီ ၄၀ ခန့်က ၎င်းတို့ဟာ အခွန်တိုးကောက်မှုတွေကြောင့် တရုတ်နိုင်ငံပြင်ပမှာ ထုတ်လုပ်ရေးလုပ်ငန်းတွေကို ပြန်ပြီးနေရာချဖို့ စဉ်းစားနေတယ်လို့ ဆိုပါတယ်။ အဲဒီအထဲကမှ ထုတ်လုပ်ရေးရဲ့ လေးပုံတစ်ပုံကို အရှေ့တောင်အာရှဆီ ရွှေ့ပြောင်းမယ်လို့ စဉ်းစားထားပြီး ၆ ရာခိုင်နှုန်းကတော့ အမေရိကန်ဆီ နေရာပြန်ချဖို့တွေးတောထားတယ်လို့ သိရပါတယ်။

တရုတ်(တိုင်ပေ)နဲ့ တောင်ကိုရီးယားနိုင်ငံတွေက နည်းပညာမြင့်ထုတ်ကုန်ဖြစ်တဲ့ တစ်ပိုင်းလျှပ်ကူးပစ္စည်းကို ပိုပြီးအာရုံကျနေချိန်မှာ ဗီယက်နမ်နဲ့ ဘင်္ဂလားဒေ့ရှ်တို့က အဝတ်အထည်နဲ့ ရှူးဖိနပ်တွေလုပ်ဖို့ မျက်စိကျလောက်တဲ့ နေရာဖြစ်ဖို့ ကြိုးစားနေပါတယ်။ ။

**ကိုးကား-ချန်နယ်နယူးအေးရှား**

> "စားသုံးသူတွေအနေနဲ့ တရုတ်နိုင်ငံက ကုန်ပစ္စည်းတွေကို ဝယ်ယူမှုနည်းပါးပေမယ့် ၎င်းတို့ဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့အခွန်တိုးမြှင့်ကောက်ခံမှုကို ရှောင်လွှဲနိုင်ဖို့အတွက် တခြားသော အာဆီယံနိုင်ငံတွေက ထုတ်လုပ်သူတွေဆီကို မြားဦးလှည့်လာကြ"

# ဆောမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံးသစ်ဖွင့်ပွဲ ကျင်းပ

**ဆော ဇူလိုင် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါ ရုံးသစ်အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရုံးအဆောက်အအုံသစ်ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ရုံးသစ်ဖွင့်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့်တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ရုံးအဆောက်အအုံသစ်ကို မူလခွင့်ပြုရန်ပုံငွေကျပ် ၈၅ ဒသမ ၄၈၆ သန်းဖြင့် အလျား ၆၄ ပေ၊ အနံ ၄၈ ပေ၊ အမြင့် ၁၂ ပေ ၆လက်မရှိ အာစီတစ်ထပ် အဆောက်အအုံကို ဒေါင်းဖန်ဝါဝင်းကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မင်းဌေး(ခရိုင်ကျေးလက်)**

# မြစိမ်းရောင်ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**လားရှိုး ဇူလိုင် ၈**

၂၀၁၈-၂၀၁၉ ခုဘဏ္ဍာနှစ် မြစိမ်းရောင်နှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၆ ရက်က ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နောင်မွန်ကျေးရွာ ကုသလရာမကျောင်းတိုက်၌ ကျင်းပသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မြစိမ်းရောင်နှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခြင်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများက ဟန်နားကျေးရွာအုပ်စု နားလိုင်ကျေးရွာကို ငွေကျပ်သိန်း ၃၀၀၊ ခေးနင်းကျေးရွာအုပ်စု၊ ကုန်းမုံ နှင့် ခါးရိုးကျေးရွာကို ကျပ်သိန်း ၃၀၀၊ ဟန်နားကျေးရွာအုပ်စု ဟန်နားကျေးရွာကို ကျပ်သိန်း ၁၀၀ ပေးအပ်ကြရာ ကျေးရွာကိုယ်စား ကျေးရွာရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အတွင်းရေးမှူးတို့က လက်ခံရယူကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကုသလရာမကျောင်းတိုက်၌ ကံ့ကော်ပင်စိုက်ပျိုးပေးကြပြီး လားရှိုးမြို့နယ် နောင်ဖော့ကျေးရွာ၌ ငမြောင်တောင်ပိုးနှိမ်နင်းရေး ကောင်းကင်ဆေးဖျန်းစက်ကောင်းကင် ဒရုန်းဖြင့် ပိုးသတ်ဆေးဖျန်းနေမှုကို တက်ရောက်ရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးတင်ဦးကြိုင်က ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်၍ ရှင်းလင်းပြီး ဒေသခံတောင်သူများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ပိုးသတ်ဆေးဖျန်းပုံး၊ ဝတ်စုံနှင့် ပိုးသတ်ဆေးများတို့ကို ပေးအပ်ကြခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် လားရှိုးမြို့ ဓမ္မရတနာနမ့်စမ်ကျောင်း တိုက်သို့ ရောက်ရှိပြီး ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကတ္တရာတန် ၆၀ နှင့် ရှမ်းပြည်နယ်၏ ထောက်ပံ့ရန်ပုံငွေဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နယ် မန်အိုင်ကျေးရွာအုပ်စု နမ့်စံကျေးရွာချင်းဆက် လမ်း(၂/၄)မိုင် ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ပြီးစီးသွားသည့်လမ်းများကို ကွင်းဆင်းကြည့်ရှုကာ ရေကန်လမ်းတံတား တိုးချဲ့တည်ဆောက်နေမှုနှင့် ရေကန်တောင်လမ်း မြို့ပတ်လမ်းမှ မန္တလေးလမ်းအထိ ကတ္တရာလမ်းချဲ့နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကြံခင်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ စိုက်ပျိုးထည့်သွင်းခြင်းနှင့် ထွန်ယက်ခြင်း သရုပ်ပြပွဲကျင်းပ

**ပုသိမ် ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မြေဆီလွှာများ ခါတ်ခွဲစမ်းသပ်လေ့လာခြင်း၊ စံပြကွက်များ ဖော်ထုတ်ခြင်း၊ အထွက်တိုး မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေခြင်း၊ လယ်ယာဝန်ဆောင်မှုစင်တာများ တည်ထောင်ခြင်း၊ လက်မှုလက်ယာမှ စနစ်ကျစက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်းနှင့် စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဆောင်ရွက်လျက်ရှိကာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို တစိုက်မတ်မတ် ဆောင်ရွက်လျက်သည်။

ယမန်နေ့က ဟသ်ာတခရိုင် ကြံခင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာအုပ်စုမှ တောင်သူဦးကျော်စိုး၏လယ်မြေ ခြောက်ဧကတွင် ၂၀၁၉ခုနှစ် မိုးစပါးရာသီမြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စိုက်ပျိုးထည့်သွင်းခြင်းနှင့် ထွန်ယက်မြေမြှုပ်ခြင်းကွင်းသရုပ်ပြပွဲကို ကျင်းပရာ သရုပ်ပြပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနများနှင့် ဒေသခံ တောင်သူများ တက်ရောက်သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့်တာဝန်ရှိသူများ သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း လက်တွေ့သရုပ်ပြမှုကို ကြည့်ရှုစဉ်။

သရုပ်ပြပွဲတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးထည့်သွင်းခြင်းနှင့် ထွန်စက်များဖြင့် ထွန်ယက်မြေမြှုပ်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ပြီး ယာယီရှင်းလင်းဆောင်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့တို့သည် ဒေသခံ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ သစ်စိမ်းမြေဩဇာသုံးစွဲခြင်းနှင့် ရရှိသောအကျိုးကျေးဇူးများဆိုင်ရာ ကိစ္စရပ်များနှင့် ထုံးထည့်သွင်းခြင်းဖြင့် ရရှိသောအကျိုးကျေးဇူးများကို ဒေသခံ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ဒေသခံတောင်သူများက စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်များနှင့် သွင်းအားစုထည့်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆည်နှင့် သစ်တောကြိုးဝိုင်းတို့တွင် ရေဝေရေလဲစိုက်ခင်း ဧက ၁၈၀ စိုက်ပျိုးပြီးစီး

**မုံရွာ ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆည်ရေဝေရေလဲ ဧရိယာတစ်ခုနှင့် သစ်တောကြိုးဝိုင်းဧရိယာနှစ်ခုတို့တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ရေဝေရေလဲစိုက်ခင်း ဧက ၁၈၀ ကို စိုက်ပျိုးပြီးဖြစ်ကြောင်း တိုင်းဒေသကြီးသစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့အောင်၏ ပြောကြားချက်အရ သိရသည်။

"ရေဝေရေလွှဲစိုက်ခင်းတွေက ဆည်၊ မြစ်၊ ချောင်း တွေထဲ သဲနုန်းပို့ချမှုကို ကာကွယ်နိုင်ဖို့အတွက် စိုက်တာ။ ခုတ်ယူသုံးစွဲဖို့ စိုက်တာမဟုတ်ဘူး။ အဲဒီနေရာတွေမှာ ယူကလစ်လိုသစ်ပင် အမျိုးအစားကို စိုက်လို့မရဘူး။ မြေအောက်ရေကို ထိန်းသိမ်းတဲ့ မြေဆီလွှာကိုထိန်းသိမ်းနိုင်ပြီး အရွက်အသေးလေးတွေထွက်တဲ့ သစ်အမျိုးအစားတွေကို စိုက်ရတာဖြစ်တယ်။ ကျွန်းလိုအပင်ကြီးမျိုးတွေကို မစိုက်ဘူး။ ကျွန်းက အရွက်ကြီးတဲ့အတွက် မြေဆီလွှာကို မထိန်းသိမ်းနိုင်ဘူး။ အရွက်ကြီးတော့ မြေပြင်ပေါ်ကို ရေကျတာများတယ်။ ကျွန်းစိုက်ခင်းအောက်တွေမှာ ပေါင်းပင်တွေမရှိဘူး။ ဒါကြောင့် ရေဝေရေလွှဲစိုက်ခင်းတွေမှာ ကျွန်းပင်လိုသစ်အမျိုးအစားတွေ မစိုက်ဘူး"ဟု တိုင်းဒေသကြီး သစ်တောဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အတွင်း အပင် ၄၀၀၀၀ စိုက်ပျိုးမည့် ရေဝေရေလဲ စိုက်ခင်းဧက ၂၀၀ စိုက်ပျိုးနိုင်ရေးလျာထားလျက်ရှိရာဇွန်လကုန်အထိ ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားဆည် ရေဝေရေလဲဧရိယာအတွင်း ဧက ၁၀၀ ကိုလည်းကောင်း၊ ကောလင်းမြို့နယ် သော်ကြိုးဝိုင်း ရေဝေရေလဲ ဧရိယာအတွင်း ဧက ၃၀ ကိုလည်းကောင်း၊ ဝန်းသိုမြို့နယ် ဟသ်ာကြိုးဝိုင်း ရေဝေရေလဲဧရိယာအတွင်း ဧက ၅၀ ကိုလည်းကောင်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)၌ သင်တန်းဖွင့်ပွဲကျင်းပ

**ဘားအံ ဇူလိုင် ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် Bridge Asia Japan ( BAJ ) တို့ ပူးပေါင်း၍ ဆောက်လုပ်ရေးသင်တန်း အမှတ်စဉ်(၁၀)၊ လျှပ်စစ်သင်တန်း အမှတ်စဉ် (၁၀)၊ မော်တော်ယာဉ်/စက်ပြင်သင်တန်း အမှတ်စဉ်(၉)နှင့် ဂဟေသင်တန်းအမှတ်စဉ်(၈) သင်တန်းများ ဖွင့်ပွဲကို ယနေ့နံနက်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ) သင်တန်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းထိုက်က သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကာ ဘီအေဂျေဘားအံက အစီအစဉ်မန်နေဂျာ Mr. Hiroshi Sudo က သင်တန်းကျောင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကျောင်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပုံမှန်ပညာရေးကို သင်ကြားခွင့်မရခဲ့သည့် ဒေသခံလူငယ်များကို အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးပြီး ဆက်စပ်သည့် အလုပ်အကိုင်များရရှိ လုပ်ကိုင်နိုင်စေရန်နှင့် သင်ကြားပေးသည့်ပညာရပ်ကို အသုံးပြု၍ ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပြီး ဒေသတွင်း စီးပွားရေးနှင့်နည်းပညာတိုးတက်ရေးကို ရည်ရွယ်ကြောင်း၊ ယနေ့ထိ သင်တန်းသားစုစုပေါင်း ၇၇၂ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး အလုပ်အကိုင်ရရှိမှု ၈၂ ရာခိုင်နှုန်းခန့် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် သင်တန်းများတွင် ဆောက်လုပ်ရေး ၂၀၊ လျှပ်စစ် ၂၀၊ ဂဟေ ၂၀ နှင့် မော်တော်ယာဉ်/စက်ပြင် ၃၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တ ၂၂ ပတ် ကြာမြင့်မည်ဖြစ်ကာ ကျွမ်းကျင်မှုရရှိစေရန်အတွက် စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိပြီး နေထိုင်စားသောက်စရိတ်နှင့် သင်ထောက်ကူ အခမဲ့သင်တန်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

# တနိုင်းမြို့နယ်၌ ဥပဒေအထောက်အကူပေးရေးအဖွဲ့ ယာယီရုံးခန်းဖွင့်

**တနိုင်း ဇူလိုင် ၈**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ဥပဒေအထောက်အကူပေးရေးအဖွဲ့ ယာယီရုံးခန်းဖွင့်ပွဲကို ယနေ့နံနက်က ပုန်ခုန်းရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ဆောင်မှုရုံး၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလင်းလင်းဦးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ (မြို့နယ်အုပ်ချုပ်ရေးမှူး) ဦးကျော်လွင်တို့က အမှာစကားပြောကြားသည်။ မြို့နယ်ဥပဒေ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်အောင်က ဥပဒေအဖွဲ့အစည်းအကြောင်းပြောကြားရာတွင် မြို့နယ်ဥပဒေအထောက်အကူပေးရေးအဖွဲ့ကို ရှေ့နေ ငါးဦးဖြင့် ၁၇-၁၂-၂၀၁၈ ရက်မှ စတင်ဖွဲ့စည်း တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ အဖွဲ့အနေဖြင့် အခမဲ့ လိုက်ပါဆောင်ရွက်နေဆဲအမှုရှိကြောင်း ဥပဒေဆိုင်ရာအထောက်အကူအဖွဲ့သို့ လူမျိုးမရွေး၊ ဘာသာမရွေး အကူအညီတောင်းခံခွင့်ရှိကြောင်း၊ ရာဇဝတ်မှုခင်းကိစ္စများတွင် ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ရေးအတွက် ရှေ့နေငှားရမ်းရန် ငွေကြေးမပြည့်စုံကြောင်း၊ ဤဥပဒေအရ သတ်မှတ်ခြင်းခံရသူများကို အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်းက ဥပဒေအထောက်အကူပေးရေးအဖွဲ့က တရားဥပဒေစိုးမိုးရေးကို တစ်ဖက်တစ်လမ်းကနေ ပါဝင်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုလက်ရှိအဖွဲ့ကို ဝမ်းမြောက်စွာကြိုဆိုကြောင်း ပြောကြားသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က မြို့နယ်ဥပဒေအထောက်အကူပြုရေးရုံးအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် မြို့နယ်တရားသူကြီး ဦးကျော်မြတ်သူတို့က ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်( ပြန်/ဆက် )**



ဥပဒေအထောက်အကူပေးရေးအဖွဲ့ ယာယီရုံးခန်းဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပစဉ်။

# အကြည်ကတင်းကျေးရွာ အိမ်တိုင်ရာရောက်ရေရရှိရေးလုပ်ငန်းပြီးစီး

**ဆော ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် အညာကတင်းကျေးရွာအုပ်စု အကြည်ကတင်းကျေးရွာ၌ လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယမန်နေ့က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ စီမံကိန်းဒါရိုက်တာ ဦးကျော်စွာအောင်တို့နှင့်အတူ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မှတာဝန်ရှိသူများက အကြည်ကတင်းကျေးရွာလူထု ဗဟိုပြုစီမံကိန်းဖြင့် အိမ်တိုင်ရာရောက်ရေရှိရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးကာ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရာမှာ စာသင်ကျောင်း၊ ဆေးပေးခန်း၊ မသန်စွမ်းသူများနှင့် ဆင်းရဲနွမ်းပါးသူများအပါအဝင် လူ့အခွင့်အရေးအဖြစ်ခံယူပြီး မည်သူမျှမကျန် ခဲ့ အောင် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းကို အလျား ၁၈ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၉ ပေရှိ ဂါလန်၁၆၀၀၀ ဆံ့ ရေအုတ်ကန် တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း ၂၀၃၉၇ ပေ သွယ်တန်းခြင်း လုပ်ငန်းကို စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် ၂၀၃ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၄ သိန်းဖြင့် လူထုဗဟိုပြုစီမံကိန်းဝန်ထမ်းများက ကြီးကြပ်ကာ ရွာသူ ရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။



အိမ်တိုင်ရာရောက် ရေရရှိနေမှုကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

**စိုးမိုးကျော်**

# မိုးကြိုချည်မျှင်ရှည်ဝါ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲကျင်းပ

**ပျော်ဘွယ် ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ ဒေသနှင့်ကိုက်ညီမည့် မိုးကြိုချည်မျှင်ရှည်ဝါမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲကို ဇူလိုင်လ ပထမပတ်က ဒဟတ်ကုန်း ကျေးရွာအုပ်စု ကွင်းအမှတ် (၃၇၈) တောင်သူဦးဝင်းညွန့် ပိုင်ဆိုင်သည့် လယ်မြေအတွင်း ကျင်းပရာ အနီးဝန်းကျင်ကျေးရွာများမှ တောင်သူများ တက်ရောက်လေ့လာကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက တက်ရောက်လာသည့် တောင်သူများအနေဖြင့် မိမိဒေသနှင့်ကိုက်ညီမည့် ချည်မျှင်ရှည်ဝါမျိုးများကို ရွေးချယ်တတ်စေရေး ဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းညွန့်က ယခုသရုပ်ပြကွင်းအတွင်းတွင် ရွှေတောင်-၈၊ ရွှေတောင်-၁၀၊ ငွေချည်-၆၊ ငွေချည်-၉၊ ငွေချည်-၁၁ ဟူ၍ မျိုးငါးမျိုးကို ယှဉ်ပြိုင်စမ်းသပ် စိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ တက်ရောက်လာသည့် တောင်သူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သည့် ဝါမျိုးများကို ရွေးချယ်စိုက်ပျိုးတတ်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူများက မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထား သရုပ်ပြကွင်းအတွင်း လေ့လာကြည့်ရှုကြကာ မိမိတို့ကြိုက်နှစ်သက်သည့် ဝါမျိုးများကို မဲစနစ်ဖြင့် ရွေးချယ်ကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းကြည်၊ ရမည်းသင်းခရိုင် လယ်ယာမြေ စီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းခိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**




# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၈-၇-၂၀၁၉

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၇၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၇၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၅/၉၁၅ ကျပ် | ၉၃၅/၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၅/၉၂၅ ကျပ် | ၉၅၀/၉၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၁၀ ကျပ် | ၈၄၀/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ ကျပ် | ၉၅၀/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၆ ・ ၉ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၂ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၈ ・ ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၈ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၀・ ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၃ ・ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၉ ・ ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ ・ ၆၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၃ ・ ၉၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၉၆၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကော့နှပ် ဦးနာအောက်ဘုရားသို့

မောင်သာ(ရှေးဟောင်းသုတေသန)

ဒဂုံတက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနမှ ကျောင်းသားကျောင်းသူအချို့နှင့်အတူ ဂဝံယဉ်ကျေးမှုနယ်မြေ မွန်ပြည်နယ်ရှိ ရှေးဟောင်းဒေသများသို့ လေ့လာရေးခရီးထွက်ခဲ့စဉ် ဘားအံမြို့နယ် ကော့နှပ်ကျေးရွာသို့ ရောက်ရှိခဲ့သည်။ ယင်းရွာတွင် အင်္ဂလိပ်တို့နှင့်ယှဉ်ပြိုင်ကာ စီးပွားရေးလုပ်ခဲ့သည့် မွန်တိုင်းရင်းသား ဦးနာအောက် တည်ထားခဲ့သည့် ကျောင်းတိုက်များနှင့် ဦးနာအောက်၏ ဘဝအစိတ်အပိုင်းအချို့ကို လေ့လာခွင့်ရရှိခဲ့သည်။

**ဘားအံနှင့် ကော့နှပ်**

ကော့နှပ်ရွာတည်ရှိသည့် ကရင်ပြည်နယ်မြို့တော် ဘားအံမြို့နယ်သည် ရှေးအခါက သံလွင်မြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည့် ရွာငယ်တစ်ခုဖြစ်ကာ လွန်ခဲ့သည့် နှစ် ၁၀၀ ကျော်က အိမ်ခြေ ၂၀၀ ဝန်းကျင်ခန့်သာ ရှိခဲ့ပြီး ကရင်၊ ရှမ်း၊ တောင်သူ တိုင်းရင်းသားများနှင့် ထိုင်းလူမျိုးများ နေထိုင်ခဲ့ကြ သည်။ ရွာတည်ထားသည့် သံလွင်မြစ်ကမ်းစွယ်မှကျောက်စွန်းကို အစွဲပြုလျက် ကျေးရွာအမည်ကို ရှမ်းဘာသာစကားဖြင့် ဖားအမ်းဟု ခေါ်ဆိုခဲ့ရာမှ ကာလကြာမြင့်လာချိန်တွင် ဖားအမ်းမှ ဖားအံ၊ ဘားအံဟု ပြောင်းလဲခဲ့သည်။

ဘားအံသည် တစ်စတစ်စ လူနေအိမ်ခြေ များလာခဲ့ပြီးနောက် ၁၈၅၅ ခုနှစ်တွင် ဇာသပြင်တိုက်နယ်အုပ်ချုပ်မှုအောက်၌ တိုက်နယ်အဆင့်ကျေးရွာ ဖြစ်လာခဲ့သည်။ ၁၈၆၆ ခုနှစ် တွင် ဘားကပ်ကို မြို့အဖြစ်သတ်မှတ်ခဲ့ပြီးနောက် ဘားအံသည် ဘားကပ်၏အုပ်ချုပ်မှုအောက်သို့ ရောက်ရှိခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် လက်ထောက်မြို့ပိုင်အုပ်ချုပ်သည့်မြို့ဖြစ်ခဲ့သည်။ ၁၉၅၄ ခုနှစ် ဇွန်လ ၁ ရက်တွင် ဘားအံသည် ကရင်ပြည်နယ်၏မြို့တော် ဖြစ်လာခဲ့သည်။

ယခုအခါတွင် ဘားအံမြို့နယ်သည် အရှေ့မှအနောက်သို့ ၄၁ မိုင်နှင့် တောင်မှမြောက်သို့ ၇၆ မိုင် ရှည်လျားကာ အရှေ့ဘက်တွင် လှိုင်းဘွဲ့မြို့နယ်၊ အနောက်ဘက်တွင် ဘီးလင်းမြို့နယ်နှင့် ပေါင်မြို့နယ်၊ တောင်ဘက်တွင် မော်လမြိုင်မြို့နယ်၊ မြောက်ဘက်တွင် ဘီးလင်းမြို့နယ်၊ ဖာပွန်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိဆက်နေသည်။

**ကော့နှပ်ရွာနှင့် ဦးနာအောက်**

၁၉ ရာစုတွင် ထင်ရှားခဲ့သည့် မွန်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင် ဦးနာအောက်(မြန်မာသက္ကရာဇ် ၁၁၉၄-၁၂၇၅) ကို ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ခရဲကျေးရွာ၌ မြန်မာသက္ကရာဇ် ၁၁၉၄ ခုနှစ် ကဆုန်လဆုတ် ၃ ရက်(ခရစ်နှစ် ၁၈၃၂ ခုနှစ် မေလ ၁၇ ရက်)ကြာသပတေးနေ့တွင် အလွန်ဆင်းရဲသည့် မိဘများမှ ပေါက်ဖွားခဲ့ရာ မွေးချင်းငါးဦးအနက် စတုတ္ထမြောက်သားဖြစ်သည်။

မိဘနှစ်ပါးကွယ်လွန်ပြီးနောက် မောင်နာအောက်သည် သံဃာပိုင်ရွာရှိ အစ်မကြီး ဒေါ်ထောဝေ့(မိထဝ်ဂွံ)ထံတွင် လယ်ယာလုပ်သားအဖြစ် လုပ်ကိုင်ခဲ့စဉ် မိရွှေမှုန်နှင့် အိမ်ထောင်ကျခဲ့သည်။ သို့သော် မိရွှေမှုန်သည် မောင်နာအောက်နှင့် ကြာကြာမပေါင်းသင်းလိုက်ရဘဲ ကွယ်လွန်ခဲ့ပြီးနောက် မောင်နာအောက်သည် ကော့နှပ်ရွာရှိ သူဌေး ဦးထော်အာထံတွင် အလုပ်လုပ်ခဲ့သည်။ မောင်နာအောက်သည် သူဌေး ဦးထော်အာ၏ ချမ်းသာကြွယ်ဝမှုကို အတုယူကာ ဦးထော်အာကဲ့သို့ အလုပ်ကိုကြိုးစားရန်၊ အလုပ်လုပ်ရာတွင် ရဲရဲဝံ့ဝံ့ လုပ်ကိုင်ရန်၊ ရိုးသားရန်နှင့် မိမိကိုယ်မိမိဝေဖန်ရန် ဆုံးဖြတ်ခဲ့သည်။

ကိုနာအောက်သည် ဦးထော်အာထံတွင် အလုပ်လုပ်နေစဉ် မိရွှေမှုန်၏ညီမ မိရွှေအုပ်နှင့် လက်ထပ်ခဲ့သော်လည်း ကြာရှည်စွာ မပေါင်းသင်းလိုက်ရဘဲ မိရွှေအုပ် ကွယ်လွန်ခဲ့သည်။ သူဌေးဦးထော်အာသည် ကိုနာအောက်ကို အလုပ်သမားခေါင်းဆောင်အဖြစ်ခန့်၍ ကြိုးဝိုင်းသစ်တောသို့ စေလွှတ်ကာ လူယုံတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်စေခဲ့သည်။

ကိုနာအောက်သည် ပစ္စည်းဥစ္စာ အတန်အသင့် စုဆောင်းမိချိန်တွင် တတိယမြောက်ဇနီး မိဂျာဥနှင့် လက်ထပ်ခဲ့ပြီး ဦးထော်အာထံမှ လုပ်ငန်းခွဲကာ မိမိကိုယ်ပိုင်သစ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ယင်းအချိန်တွင် တနင်္သာရီဒေသကို အင်္ဂလိပ်တို့က သိမ်းပိုက်ထားပြီး မြန်မာနိုင်ငံအထက်ပိုင်းတွင် မငြိမ်မသက်ဖြစ်နေခဲ့ရာ ကယားစော်ဘွားများသည် ကိုနာအောက်ကို ယင်းတို့ပိုင်ဆိုင်သည့် လွယ်ကော်၊ မယ်ဖ၊ မယ်ခဲ၊ သဖန်းချောင်းသစ်တောများ၌ သစ်ထုတ်ခွင့်ပြုခဲ့သည်။

ကိုနာအောက်သည် မိမိထုတ်ခဲ့သည့်သစ်များကို ရတနာသုံးပါး၊ ပိဋကတ်သုံးပုံ၊ ဘုံသုံးပါးကို ရည်စူးလျက် ၃၃၃ တံဆိပ်ခတ်နှိပ်ရောင်းချခဲ့သည်။ ထိုစဉ်က ကော့နှပ်ရွာအရောက် သစ်တစ်လုံးထုတ်လုပ်စရိတ်သည် ငွေဒင်္ဂါး ၂၀ ဖြစ်ကာ မော်လမြိုင်မြို့တွင် သစ်တစ်လုံးကို ငွေဒင်္ဂါး ၉၀ မှ ၁၀၀ အထိ ရောင်းချရသဖြင့် ကိုနာအောက်သည် ကျပ်ငွေ ၁၀ သိန်းအထိ စုဆောင်းနိုင်ခဲ့သည်။ ကိုနာအောက်သည် ဆင်းရဲသားဘဝမှ လူချမ်းသာတစ်ဦးဖြစ်လာချိန်တွင် အလုပ်သမားများအကြားတွင်



ဦးနာအောက်၏အလှူ စေတီနှင့် သာသနိကအဆောက်အအုံများ

အနဲ့အံက်(ဘကြီးအောက်)ဟု ထင်ရှားခဲ့သည်။

ဦးနာအောက် သစ်လုပ်ငန်းလုပ်ကိုင်ခဲ့သည့် ကော့နှပ်ရွာသည် မွန်အမည်ဖြစ်ပြီး ကော့နှတ် ဟုလည်း ရေးကြသည်။ မွန်ဝေါဟာရ ကံဟနှာတ်မှ ဆင်းသက်လာသည့် စကားလုံးဖြစ်ကာ ကံသည် ကုန်းမြင့်မြေနေရာ၊ ဟနှာတ်သည် ပက်ခွံ့ဟု အဓိပ္ပါယ်ရှိသည်။ ကော့နှပ်ရွာတည်ထားခဲ့သည့် နေရာကို တစ်ချိန်က ရေများလွှမ်းမိုးထားခဲ့သည်။ ရေများအကြား၌ ပေါ်ထွန်းခဲ့သော ပက်ခွံ့အရွယ်ရှိသည့် ကုန်းမြင့်ငယ်၌ တည်ထောင်ခဲ့သည့် ရွာသည် ကော့နှပ်(ပက်ခွံ့ကုန်း)ဟု အမည်တွင်ခဲ့သည်။

> **“ရေဝတီသင်္ဘောကုမ္ပဏီသည် ဦးနာအောက်၏သင်္ဘောများ မဆိုက်ကပ်နိုင်စေရန် ဆိပ်ကမ်းများကို ဝယ်ယူခဲ့သဖြင့် ဦးနာအောက်၏သင်္ဘောများသည် ဆိုက်ကပ်ရန် ဆိပ်ကမ်းမရှိတော့ဘဲ အခက်အခဲတွေ့ခဲ့ရသည်။ သို့သော် ဦးနာအောက်သည် သူဌေးကြီးဦးရွှေလေး အကြံပြုသည့်အတိုင်း မြစ်ချောင်းအားလုံးကို အခွန်ဆောင်လိုက်သောကြောင့် ရေဝတီကုမ္ပဏီပိုင် သင်္ဘောများသည် မြစ်ချောင်းများတွင် ပြေးဆွဲနိုင်ခြင်းမရှိတော့ချေ။ ထို့ကြောင့် ရေဝတီကုမ္ပဏီက ဆိပ်ကမ်းများကိုပိုင်၍ ဦးနာအောက်က မြစ်ချောင်းများကို ပိုင်ဆိုင်ခဲ့ကာ တရားရုံးတွင် အမှုရင်ဆိုင်ခဲ့ကြရသည်။ ”**

ဦးနာအောက်သည် ကော့နှပ်ရွာရှိ ဘုရားငုတ်တိုစေတီတွင် အဓိဋ္ဌာန်ဝင်ကာ ဆုတောင်းခဲ့ပြီး ကြီးပွားချမ်းသာလာချိန်တွင် မိမိအလုပ်လုပ်သည့် သစ်တောကြိုးဝိုင်းမှ ကော့နှပ်သို့ မကြာမကြာ ပြန်လာလေ့ရှိခဲ့သည်။ ဦးနာအောက်သည် မိမိအဓိဋ္ဌာန်ပြည့်ခဲ့သည့် စေတီငယ်ကို စေတီတော်ကြီးအဖြစ် ပြန်လည်တည်ထားခဲ့ပြီးနောက် ဇနီး ဒေါ်ဂျာဥ ကွယ်လွန်ခဲ့သည်။ ထိုအချိန်တွင် အသက် ၄၀ ကျော်သာ ရှိသေးသည့် ဦးနာအောက်သည် သံလွင်မြစ်အရှေ့ဘက်ခြမ်းရှိ ထိုင်းနိုင်ငံပိုင် မယ်ဟောင်ဆွန်သစ်တောမှ သစ်များကို အခွန်ဆောင်၍ ထုတ်ယူခဲ့ရာ အမြတ်အစွန်းများစွာရရှိခဲ့သည်။

သစ်ထုတ်လုပ်ငန်းတွင် စီးပွားဖြစ်ထွန်းခဲ့ပြီး ကော့နှပ်ရွာသို့ ဦးနာအောက် ပြန်လည်ရောက်ရှိချိန်တွင် ရွာသူရွာသားများသည် ချစ်တီးများ၏ အကြွေးဒဏ်ပိနေပုံကို မြင်တွေ့ခဲ့ရပြီး ချစ်တီးများနှင့်အပြိုင် ငွေတိုးချခြင်းနှင့် စပါးရောင်းဝယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ကော့နှပ်ရွာရှိ ဦးနာအောက်စေတီတော်ကို မတည်မီက စေတီတော်ဝင်း၏ အရှေ့မြောက်ထောင့်တွင် ဟောင်းနွမ်းနေသည့် ရုပ်ပွားတော်လေးဆူရှိခဲ့သည်။ ယင်းရုပ်ပွားတော်များကို ဖူးမြော်၍ စေတီတော်တစ်ဆူတည်ထားရန် ဆုတောင်းခဲ့သည့် လယ်သူမ မမိဗျူသည် ဦးနာအောက်၏ စတုတ္ထဇနီး ဖြစ်လာခဲ့ပြီးနောက် ယင်းနေရာတွင် ဆုတောင်းပြည့်စေတီကို တည်ထားခဲ့သည်။

**ဦးနာအောက်နှင့် သင်္ဘောလုပ်ငန်း**

စပါးရောင်းဝယ်မှုလုပ်ငန်း အောင်မြင်ခဲ့သည့် ဦးနာအောက်သည် မိမိဝယ်ယူထားသည့် စပါးများကို မော်လမြိုင်မြို့သို့ အောင်ခေမာနှင့် အောင်ပန်းအမည်ရှိ တစ်ထပ်သင်္ဘောများဖြင့်ဆွဲယူသည့် လှေကြီးများဖြင့် ပို့ဆောင်ခဲ့သည်။ ဦးနာအောက်သည် ယင်းအချိန်မှစ၍ ရေလမ်းခရီးတွင် သင်္ဘောပြေးဆွဲသည့်လုပ်ငန်း လုပ်ကိုင်ရန် စိတ်ကူးရခဲ့ဟန်ရှိကာ ၁၉၁၀ ပြည့်နှစ်တွင် Burmese Steam Navigation and Trading Company ကို တည်ထောင်ခဲ့သည်။

ဦးနာအောက်သည် အင်္ဂလန်နိုင်ငံ Mc Kie & Baxter ကုမ္ပဏီထံမှ မီးသင်္ဘောကိုးစီးနှင့် စက်ပစ္စည်းများကို ဝယ်ယူရန် ကော့နှပ်ရွာမှ သူဌေးကြီး ဦးရွှေလေးကို စကော့တလန်ပြည်နယ် ဂလာစဂိုမြို့သို့ စေလွှတ်ခဲ့သည်။ (ဦးရွှေလေးသည် ပိဋကတ်တော် ကျမ်းစာများကို လယ်တီဆရာမြို့နှင့်အတူ ဘာသာပြန်ခဲ့သူဖြစ်သည်။) ဦးနာအောက် ပိုင်ဆိုင်ခဲ့သည့် မီးသင်္ဘောများသည် အောင်စကြာ၊ အောင်မင်္ဂလာ၊ အောင်တပ်၊ အောင်သိန်း၊ အောင်ဒီပါ၊ အောင်သီတာနှင့် အောင်မင်္ဂလာအမည်ရှိ နှစ်ထပ်သင်္ဘောများနှင့် အောင်ဇေယျနှင့် အောင်နိဗ္ဗာန် အမည်ရှိ တစ်ထပ်သင်္ဘောများဖြစ်ကြသည်။ နောင်အခါ၌ တစ်ထပ်သင်္ဘောများကို အောင်ခေမာနှင့် အောင်ပန်းဟု အမည်ပြောင်းခဲ့သည်။

ထိုစဉ်က နှစ်ထပ် မီးသင်္ဘောတစ်စီးလျှင် ကျပ် ၆၀၀၀၀ နှင့် တစ်ထပ် မီးသင်္ဘောတစ်စီးလျှင် ကျပ် ၃၅၀၀၀ ကျသင့်ခဲ့သည်။ ဦးနာအောက်သည် မိမိပိုင်သင်္ဘောများကို လွန်းတင်နိုင်ရန် မုတ္တမမြို့ ဆီဆုံရပ်၌ သင်္ဘောကျင်းတစ်ခုကို တည်ဆောက်ခဲ့သည်။ ဦးနာအောက်ပိုင်သည့် သင်္ဘောများ၏ ကိုယ်ထည်နှင့်အမိုးကို ငှက်ပျောညွန့်အရောင်သုတ်ထား၍ ခေါင်းတိုင်ကို အညိုရောင်သုတ်ပြီး အဖြူလိုင်းဖြင့် ပတ်ခဲ့သည်။

ဦးနာအောက်သည် ဗြိတိသျှပိုင် Irrawaddy Floatilla ကုမ္ပဏီက ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် သံလွင်မြစ်အောက်ပိုင်း အတ္ထရံမြစ်နှင့် ဂျိုင်းမြစ်တို့တွင် သူ၏မီးသင်္ဘောများကို ပြေးဆွဲခဲ့သည်။ သင်္ဘောခကို ရေဝတီသင်္ဘောကုမ္ပဏီက ကောက်ခံသည့် နှုန်းထားအောက် လျှော့ယူကာ ရဟန်း၊ သာမဏေ၊ သီလရှင်၊ သက်ကြီးရွယ်အိုများနှင့် ကလေးများကို အခမဲ့ စီးနင်းခွင့်ပြုခဲ့သည်။

ထိုစဉ်က ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လက်ဝါးကြီးအုပ်ထားသော အင်္ဂလိပ်ပိုင် ရေဝတီကုမ္ပဏီသည် မိမိ၏စီးပွားရေးလုပ်ငန်းအတွင်းသို့ ဝင်ရောက်လာသော မွန်တိုင်းရင်းသား ဦးနာအောက်၏ သင်္ဘောများကို မလိုလားခဲ့ချေ။ ထို့ကြောင့် ဦးနာအောက် သင်္ဘောက သင်္ဘောခ တစ်ကျပ်ယူသည့် ခရီးကို ရေဝတီကုမ္ပဏီက တစ်ဝက်လျှော့ကာ ပြား ၅၀ သာ ယူခဲ့သည်။ ဦးနာအောက်က ၂၅ ပြားနှုန်း လျှော့လိုက်ချိန်တွင် ရေဝတီက ၁၀ ပြားသာယူ၍ နောက်ဆုံးတွင် ခရီးသည်များကို အခမဲ့ စီးနင်းခွင့်ပြုသည်အထိ ဦးနာအောက်နှင့် အင်္ဂလိပ်ပိုင် ရေဝတီကုမ္ပဏီတို့အကြား စီးပွားရေးတိုက်ပွဲ ဆင်နွှဲခဲ့ကြသည်။

ရေဝတီသင်္ဘောကုမ္ပဏီသည် ဦးနာအောက်၏သင်္ဘောများ မဆိုက်ကပ်နိုင်စေရန် ဆိပ်ကမ်းများကို ဝယ်ယူခဲ့သဖြင့် ဦးနာအောက်၏သင်္ဘောများသည် ဆိုက်ကပ်ရန် ဆိပ်ကမ်းမရှိတော့ဘဲ အခက်အခဲတွေ့ခဲ့ရသည်။ သို့သော် ဦးနာအောက်သည် သူဌေးကြီးဦးရွှေလေး အကြံပြုသည့်အတိုင်း မြစ်ချောင်းအားလုံးကို အခွန်ဆောင်လိုက်သောကြောင့် ရေဝတီကုမ္ပဏီပိုင် သင်္ဘောများသည် မြစ်ချောင်းများတွင် ပြေးဆွဲနိုင်ခြင်းမရှိတော့ချေ။

ထို့ကြောင့် ရေဝတီကုမ္ပဏီက ဆိပ်ကမ်းများကို ပိုင်၍ ဦးနာအောက်က မြစ်ချောင်းများကို ပိုင်ဆိုင်ခဲ့ကာ တရားရုံးတွင် အမှုရင်ဆိုင်ခဲ့ကြရသည်။ တရားရုံးက ရေဝတီသင်္ဘောသည် ဆိပ်ကမ်းမှ ခရီးစဉ်တစ်ခုခုအတွက် ဦးနာအောက်သင်္ဘောထက် အချိန်စောစွာထွက်ရန်၊ ဦးနာအောက်သင်္ဘောထက် ဦးစွာဆိုက်ရောက်ရန် ဆုံးဖြတ်ခဲ့သည်။

ဦးနာအောက်သည် အင်အားကြီးသော ဗြိတိသျှကုမ္ပဏီကို နှစ်ပေါင်းများစွာ ပြိုင်ဆိုင်ခဲ့ပြီးနောက် ဆက်လက် ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့ဘဲ သူ၏လုပ်ငန်းကို စွန့်လွှတ်ခဲ့ရပေသည်။ သို့သော် ဦးနာအောက် ရည်ရွယ်ခဲ့သည့်အတိုင်း မြန်မာနိုင်ငံသားများသည်လည်း ကိုယ်ပိုင်လုပ်ငန်းများ တည်ထောင် လုပ်ကိုင်နိုင်စွမ်းရှိကြောင်း ကမ္ဘာကသိအောင် ပြသနိုင်ခဲ့သည်။

**ဦးနာအောက်ကျောင်းကြီး**

ဦးနာအောက် ကွယ်လွန်ပြီးချိန်တွင် ဦးနာအောက်ဆောက်လုပ်လှူဒါန်းခဲ့သည့် သာသနိက အဆောက်အအုံများ ကျန်ရှိခဲ့သည့်အနက် ကော့နှပ်ရွာရှိ ကျောင်းတိုက်များလည်း ပါဝင်ခဲ့ရာ မြန်မာနိုင်ငံသားများသာမက ပြည်ပခရီးသွားများပါ သွားရောက်ကြည့်ရှုကြရသည့် ရှေးဟောင်းအဆောက်အအုံများ ဖြစ်လာခဲ့သည်။ ယင်းကျောင်းတိုက်များသည် ယခု ကော့နှပ် ပရိယတ္တိ စာသင်တိုက်အတွင်း၌ တစ်စုတစ်ဝေးတည်း တည်ရှိနေကြသည်။ ယင်းနေရာကို ကော့နှပ် ဦးနာအောက်ဘုရားဟု ခေါ်ဆိုကြသည်။

ဦးနာအောက်သည် ကော့နှပ်ရွာ၌ ပရိယတ္တိစာသင်တိုက်ဖွင့်လှစ်ရန် မန္တလေး မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ ပရိယတ္တိစာပေများ သင်ယူနေသည့် မွန်ဆရာတော် ဦးပညာဓမ္မကို မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် ကော့နှပ်သို့ ပင့်ဆောင်ခဲ့သည်။ ထို့အတူ ဇာသပြင်ကျောင်းမှ စာသင်သား ရဟန်းသံဃာ အပါး ၆၀ ကို ကော့နှပ်သို့ပင့်ဆောင်၍ ကော့နှပ်စာသင်တိုက်ကို မြန်မာသက္ကရာဇ် ၁၂၄၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ဦးပညာဓမ္မကို ဦးထော်အာ-ဒေါ်ခမနား၊ ဦးထွန်းကျော်-ဒေါ်မိထော်၊ ဦးနာအောက်-ဒေါ်ဗျူတို့က ပစ္စည်းလေးပါး ထောက်ပံ့ခဲ့ကြကာ ကော့နှပ်စာသင်တိုက်တွင် ပရိယတ္တိစာပေများကို မြန်မာဘာသာ၊ မွန်ဘာသာတို့ဖြင့် ပို့ချခဲ့သည်။

ဦးနာအောက်သည် ကော့နှပ်ကျောင်းဝင်းအတွင်း၌ ဆရာတော် ဦးပညာဓမ္မ တည်ဆောက်လိုသည့် ပြာသာဒ် ဘုံ ၁၂ ဆင့် ပါရှိသော နှစ်ကျိပ်ရှစ်ဆူဝတ်တန်ဆောင်း ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းတိုက်ဆောက်ရာတွင် မန္တလေးမှပညာရှင်များကို ခေါ်ယူဆောက်လုပ်စေခဲ့ကာ အတွင်းပိုင်းနံရံများ၌ ဂေါတမဘုရားရှင် ပဋိသန္ဓေယူခန်းမှစ၍ ပရိနိဗ္ဗာန်စံတော်မူခန်း၊ ဓာတ်တော်မွေတော် ဝေခန်းအထိ ဇာတ်ကွက်များကို ပန်းပုရုပ်များဖြင့် တန်ဆာဆင်ခဲ့ရာ ယနေ့တိုင် မြင်တွေ့ကြရပေသည်။ ထူးခြားသော ပန်းပုလက်ရာများအဖြစ် မနူဟာမင်း၊ အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းတို့၏ အတ္ထုပ္ပတ္တိများကိုလည်း ထုလုပ်ထားကာ မြန်မာသက္ကရာဇ် ၁၂၄၆ ခုနှစ်တွင် ရေစက်ချလှူဒါန်းခဲ့သည်။

ထို့နောက် ဘုံ ၁၂ ဆင့် ဒီပင်္ကရာဝတ်တန်ဆောင်းကို ထပ်မံတည်ဆောက်ခဲ့ကာ တန်ဆောင်းအတွင်း၌ ပင်စည်တစ်ခုတည်းမှ ရရှိသည့် ကျွန်းသားဖြင့် ဉာဏ်တော် ပေ ၂၀ မြင့်သည့် ရုပ်တော်မူ ဆင်းတုတော် နှစ်ဆူကို ထုလုပ်ပူဇော်ထားရှိခဲ့သည်။ တန်ဆောင်းအတွင်းနံရံကို ဇာတ်နိပါတ်တော် ရုပ်လုံးရုပ်ကြွ ပန်းပုလက်ရာများဖြင့် တန်ဆာဆင်ခဲ့သည်။ ကျောင်းတော်ကြီး အပြင်နံရံ၌ မဟောသဓာဇာတ်တော် ပန်းချီကားကို ထားရှိကာ ၁၂၆၅ ခုနှစ်တွင် ရေစက်ချလှူဒါန်းခဲ့သည်။

ဦးနာအောက်သည် ၁၂၆၇ ခုနှစ်တွင် မဟာဝိဇယသိမ်တော်ကြီးကို ကျွန်းသားများဖြင့် တည်ဆောက်လှူဒါန်းခဲ့သည်။ ဇနီး ဒေါ်ဂျာဥနှင့်အတူ ရေစက်ချလှူဒါန်းခဲ့သော စေတီကို ထပ်မံတည်ဆောက်၍ ဆုတောင်းပြည့်စေတီအနီးတွင် ဝတ်တန်ဆောင်းတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းပြီး တန်ဆောင်း၏ အတွင်းပိုင်းအမိုး နံရံတွင် ဦးနာအောက်၏ကောင်းမှု ကုသိုလ်ဖြစ်သော အဆောက်အအုံများကို ပန်းချီရေးဆွဲမှတ်တမ်းတင်ခဲ့သည်။ ဦးနာအောက် နေထိုင်ခဲ့သည့် တိုင်တစ်လုံး သစ်သားအိမ်ကြီးမှာမူ ဓာတ်ပုံကိုသာ မြင်တွေ့ရတော့သည်။ ဦးနာအောက်ကျောင်းတိုက်သို့ လိုက်လံပို့ဆောင်ပေးခဲ့သည့် ကမာဝက်ကျေးရွာမှ ဦးခိုင်ထွန်း၏ ပြောကြားချက်အရ ဦးနာအောက်၏ သစ်သားအိမ်ကြီးကို ၁၉၈၈ ခုနှစ်ဝန်းကျင်က ဖျက်သိမ်းခဲ့သည်ဟု ဆိုသည်။

ဦးနာအောက်သည် အသက် ၈၁ နှစ်အရွယ် မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ် နယုန်လဆုတ် ၁၂ ရက်(ခရစ်နှစ် ၁၉၁၃ ခုနှစ် ဇွန် ၁၃ ရက်)တွင် ကွယ်လွန်ခဲ့သည်။ ဦးနာအောက်၏ ရုပ်ထုပုံကို ကော့နှပ်ပရိယတ္တိစာသင်တိုက် ဝင်းအတွင်း၌ ၁၉၂၇ ခုနှစ် အောက်တိုဘာလက စိုက်ထူခဲ့ပြီး မြန်မာ-မွန်နှစ်ဘာသာဖြင့် ကမ္ပည်းစာ ရေးထိုးခဲ့သည်။

ဗြိတိသျှတို့နှင့် စီးပွားယှဉ်ပြိုင်ခဲ့သည့် ဦးနာအောက်သည် မွန်တိုင်းရင်းသားများ၏ဂုဏ်ဆောင် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးအဖြစ် မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားခဲ့သည်။ ယခုအခါတွင် ဦးနာအောက် ကွယ်လွန်ခဲ့သည်မှာ နှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သော်လည်း ဦးနာအောက် တည်ဆောက်ခဲ့သည့် အဆောက်အအုံများသည် မှတ်တမ်းအထောက်အထားများအဖြစ် ကျန်ရှိနေပေသည်။ ။

**ကိုးကား**

**(၁) ဦးနာအောက် အတ္ထုပ္ပတ္တိ(ဦးကလျာဏ)**

**(၂) ဘားအံမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)**

# မြစ်ကမ်းပါးပြိုကျမည်ကိုစိုးရိမ်၍ ကြိုတင်ပြောင်းရွှေ့ရသော အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်

**စလင်း ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း မြစ်ကမ်းပါးပြိုကျမည်ကို စိုးရိမ်၍ ကြိုတင်ပြောင်းရွှေ့ရသော အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည့် အခမ်းအနားကို စလင်းမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှိ ပတ္တမြားခန်းမ၌ ယနေ့နံနက်က ကျင်းပသည်။

ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်က ဇူလိုင် ၃ ရက်တွင် မြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းပါးနှင့် နီးကပ်ပြီး ပေအနည်းငယ်သာ ကွာဝေးသဖြင့် မြစ်ကမ်းပါးပြိုကျမည်ကို စိုးရိမ်၍ ကြိုတင်ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများအား ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားကာ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။ ဇီးဖြူပင်အုပ်စု ကြူတောကျေးရွာ (တ) မှ အိမ်ခြေ ၃၇ အိမ်၊ လူဦးရေ ၁၇၇ ဦး၊ ကျွန်းကလေးကျေးရွာမှ အိမ်ခြေ နှစ်အိမ်၊ လူဦးရေ ၁၃ ဦးနှင့် ကျောက်ရဲကျွန်းကျေးရွာအုပ်စု ကျောက်ရဲကျွန်းကျေးရွာမှ အိမ်ခြေ ၁၀၊ လူဦးရေ ၃၃ ဦးတို့အား အိမ်ဆောက်ပစ္စည်းဖိုး တစ်အိမ်လျှင် ငွေကျပ် ၁၀၀၀၀၀၊ ဆန်ရိက္ခာဖိုး လူတစ်ဦးလျှင်ငွေကျပ် ၂၁၀၀နှင့် အိမ်သုံးပစ္စည်းထောက်ပံ့မှု တစ်အိမ်လျှင် ကိုးမျိုးတို့ကို တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနကိုယ်စား မြို့နယ်အဆင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ပြောင်းရွှေ့ရသော အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# ပေါင်းတည်မြို့နယ်အတွင်းရှိ ကျေးရွာ ရှစ်ရွာ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် စတင်အကောင်အထည်ဖော်

**ပေါင်းတည် ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်အတွင်းရှိ ဝက်မြေလူး၊ အင်းကြီး၊ ပေါက်တန်း၊ မြို့တွင်း၊ ကြူတောကန်၊ ပေါက်အိုင်ကြီး၊ ထန်းသုံးခွ၊ ကြွယ်လုလင်လေး ကျေးရွာရှစ်ရွာတွင် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ကျေးလက်နေပြည်သူများ ပလတ်စတစ်သုံးစွဲမှုကိုလျှော့ချပြီး ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများကို ပြန်လည်သုံးစွဲစေတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အမှိုက်များအား ခွဲခြားစွန့်ပစ်တတ်စေရန်၊ စွန့်ပစ်အမှိုက်များကို ပြန်လည်တီထွင်သန့်စင်အသုံးပြုသည့် စနစ်ကြောင့် သဘာဝသယံဇာတ အရင်းအမြစ်ထုတ်ယူသုံးစွဲမှု လျော့နည်းစေရန်၊ အဖွဲ့အစည်းဖြင့်ပူးပေါင်း ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်နှင့် ခြင်ပေါက်ပွားမှုနှုန်းလျော့နည်းလာစေရန် ရည်ရွယ်၍လုပ်ဆောင်နေလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းက ပြောသည်။



ကျေးရွာသန့်ရှင်းရေးအတွက် ကျေးရွာနေပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ဆက်လက်၍ ကျေးရွာသူ ကျေးရွာသားများ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု စနစ်အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာပြီး လက်တွေ့လိုက်နာကျင့်သုံးတတ်စေရန် ကျေးရွာ စွန့်ပစ်အမှိုက်ကော်မတီဖွဲ့စည်းခြင်း၊ အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ စွန့်ပစ်အမှိုက်နှင့် ပတ်သက်သည့်လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပညာပေးဗီနိုင်းပိုစတာများကို ကျေးရွာအတွင်းရှိ ကျောင်းများ၊ လမ်းများတွင် စိုက်ထူထားရှိခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ယနေ့နံနက်က ဝက်မြေလူးကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။

ယခုလို ပြုလုပ်ပေးသည့်အတွက် ကျေးရွာသူ ကျေးရွာသားများ၏ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများကို စနစ်တကျပြုလုပ်တတ်လာပြီး မိုးရာသီကာလတွင်လည်း ရေမြောင်းများရေစီးရေလာကောင်းမွန်စေရေး၊ ခြင်ပေါက်ပွားမှုလျော့ပါးရေးနှင့် ကျေးရွာသန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သန့်ရှင်းရေးပြုလုပ်သွားမည်ဖြစ်ကြောင်း ဝက်မြေလူးကျေးရွာ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒေါ်လှိုင်ဝင်းမော်က ပြောသည်။

**ငြိမ်းသူ**

# ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး

**ငါးသိုင်းချောင်း ဇူလိုင် ၈**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ရာသီတုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ငါးသိုင်းချောင်းမြို့ ရွှေဘိုရပ်ကွက် ဘုရားကြီးကျောင်းတိုက် တန်ဆောင်း အတွင်း၌ ကျင်းပသည်။ ဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးမှူး ဒေါ်ဆုမြတ်နိုင်က ရာသီတုပ်ကွေးရောဂါလက္ခဏာများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနရှိ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ယုသန္တာထွန်းနှင့် ဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး နှင့် ရာသီတုပ်ကွေး ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# သက်ငယ်မုဒိမ်းကင်းစင်ရေး အသိပညာပေး

**ရှမ်းရွာသစ် ဇူလိုင် ၈**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ အသိပညာဗဟုသုတရရှိစေရေး၊ စာသင်ကျောင်းမှ အခြေပြုကာ သက်ငယ်မုဒိမ်းမှုကင်းစင်ရေးနှင့် နေ့ထူးနေ့မြတ်များ အကြောင်းသိရှိစေရန် ရည်ရွယ်၍ နယ်လှည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်က ကျော်သလေးခိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အသိပညာပေးဟောပြောပွဲလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်ငယ်မုဒိမ်းမှုကင်းစင်ရေးအားလုံး ပူးပေါင်းပါဝင်ပေး ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် သက်ငယ်မုဒိမ်းသည် အခြေအနေ၊ အချိန်အခါနေရာမရွေးဖြစ်ပွားနိုင်သည့်အတွက် မိဘများကလည်း အလေးထားသင့်ကြောင်း၊ ကျောင်းတက်ကျောင်းဆင်းချိန်များတွင်လည်း မိမိကလေးများအား ဂရုစိုက်ကာ စောင့်ရှောက်ပေးရန် လိုအပ်ကြောင်း၊ ကျောင်းသူများအား အဖော်မဲ့သွားလာခြင်းများ ရှောင်ကြဉ်ကြရန်နှင့် ပြစ်မှုပြစ်ဒဏ်များ စသည်ဖြင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာမခံပေးသည့် အချက်အလက်များနှင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေး

**ငပုတော ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စည်ပင်သာယာရေးကော်မတီနှင့် ဈေးကော်မတီတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် အိမ်သုံးပစ္စည်းတွင် အာမခံပေးသည့် အချက်အလက်များနှင့် ကိုက်ညီမှုရှိမရှိကို ယနေ့နံနက်က မြို့မဈေးအတွင်း သွားရောက်စစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် အိမ်သုံးပစ္စည်း တံဆိပ်အမှတ်အသား၌ ဖော်ပြပါရှိသော အချက်အလက် အသားတင်အလေးချိန် ပမာဏ လျော့နည်းမှု ရှိမရှိကို သိရှိစေရန်အတွက် ဖူဂျီနှင့် အိုကီဆပ်ပြာ နှစ်မျိုးကို စစ်ဆေးခဲ့ကြောင်း၊ ယခုလို ကွင်းဆင်းစစ်ဆေးရခြင်းမှာ ၂၀၁၉ ခုနှစ်၊ စားသုံးသူကာကွယ်ရေး ဥပဒေအခန်း ၁၁၊ ပုဒ်မ ၂၃ ပါ ကုန်စည်နှင့်စပ်လျဉ်း၍ အိမ်သုံးကုန်ပစ္စည်းတွင် အာမခံပေးသည့် အချက်အလက်များ ကိုက်ညီစေရေးအတွက် ကွင်းဆင်းစစ်ဆေးရခြင်းဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ စစ်ဆေးရေးအရာရှိ ဒေါ်မြင့်မြင့်စန်းက ပြောသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း ဖွင့်လှစ်

**ညောင်ရွှေ ဇူလိုင် ၈**

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း၌ ကျင်းပသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၆၈ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၈ ရက်မှ ဩဂုတ် ၂ ရက်အထိဖြစ်ကြောင်း၊ ညောင်ရွှေနှင့် အင်းလေးဒေသအတွင်း ဟိုတယ် ၁၀၄ လုံးရှိပြီး အခန်းပေါင်း ၃၃၈၁ ခန်းရှိသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**




# မူးယစ်ဆေးဝါး... 

**တနင်္သာရီ ဇူလိုင် ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရဲတပ်ဖွဲ့၊ ခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် တနင်္သာရီမြို့နယ် ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ယမန်နေ့က တနင်္သာရီမြို့နယ် အ.ထ.က-တကူ ကျောင်း၌ မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး ကျော်မျိုးမြင့်၊ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ရဲခေါင်မြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အထက-တကူကျောင်းအုပ်ဆရာကြီး ဦးအောင်မင်းစိန်နှင့် ဆရာ ဆရာမများ၊ တကူ တိုက်နယ်စံပြဆေးရုံ တာဝန်ခံဒေါက်တာ ဖြိုးမြင့်ကြည်နှင့် သူနာပြုဆရာမများ၊ တကူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ငွေနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ တကူကျေးရွာ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း အသင်းဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အထက-တကူကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး ဒေါက်တာဖြိုးမြင့်ကြည်က မူးယစ်ဆေးဝါးဆိုးကျိုးနှင့် ကျန်းမာရေးဆက်စပ်မှုများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးက မှုခင်းဖြစ်ပွားမှု အခြေအနေနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးကိုလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီးက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ မိသားစုဆိုးကျိုးများ၊ မူးယစ်ဆေးဝါး ဥပဒေများ အကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများကိုလည်း ပြည်သူများက ပူးပေါင်းပါဝင်စုံစမ်း ဖော်ထုတ်ပေးစေလိုကြောင်း ပရိုဂျက်တာဖြင့် ပညာပေးဆွေးနွေးခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ဉယျာဉ်မှူးများမွေးဖွားပေးရာ ရန်ကုန်ပညာရေးတက္ကသိုလ်

● သတင်းဆောင်းပါး - ရီရီမြင့်၊ ဉမ္မာသန့်၊ ဓာတ်ပုံ- ရဲထွဋ်

ရန်ကုန်ပညာရေးတက္ကသိုလ်သမိုင်းတွင် ၁၉၆၄ ခုနှစ် အောက်တိုဘာလမှစ၍ တက္ကသိုလ်နှင့် ကောလိပ်များကို ပြန်လည်ဖွဲ့စည်းပြီး Institute of Education ဟု သတ်မှတ်ပေးခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်ကို Yangon Institute of Education မှ Yangon University of Education ဟု ပြောင်းလဲခေါ်ဆိုခဲ့ကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်ဝင်ခွင့်နှင့်ပတ်သက်၍ ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာပြုံးပြုံးအောင်က “မြန်မာတစ်နိုင်ငံလုံး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးက ၂၀၁၈-၂၀၁၉ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့ ကျောင်းသားတွေကိုလက်ခံပြီး ဝင်ခွင့်ပြုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အားလုံး လျှောက်လို့ရမှာပါ။ လက်ခံမယ့် ကျောင်းသားကျောင်းသူ ဦးရေ အရေအတွက်ကို ၄၀၀ သတ်မှတ်ထားပါတယ်။ ၄၀၀ သတ်မှတ်တဲ့နေရာမှာ ကျောင်းသားနဲ့ ကျောင်းသူဦးရေ ၅၀ ရာခိုင်နှုန်းစီ သတ်မှတ်ပါတယ်။ ဘာသာတွဲ အနေနဲ့ကြည့်မယ်ဆိုရင် သိပ္ပံဘာသာတွဲအတွက် လူဦးရေ ၂၀၀ ဖြစ်ပြီး ကျောင်းသား ဦးရေ ၁၀၀ ၊ ကျောင်းသူဦးရေ ၁၀၀ စီ သတ်မှတ်ထားပါတယ်။ နောက် ဝိပ္ပံဘာသာတွဲက လူဦးရေ ၁၀၀ ဖြစ်ပြီး ကျောင်းသား ကျောင်းသူဦးရေကိုလည်း ၅၀ စီ သတ်မှတ်ထားပါတယ်။ ဝိဇ္ဇာဘာသာရပ်ကိုလည်း လူဦးရေ ၁၀၀ သတ်မှတ်ပြီး ကျောင်းသား ကျောင်းသူဦးရေ အချိုးကတော့ ၅၀ ရာခိုင်နှုန်းစီ သတ်မှတ်ပါတယ်။ နယ်စပ်ဒေသမှာ နေထိုင်ကြတဲ့ ကျောင်းသား ကျောင်းသူတွေအတွက်ကို သိပ္ပံဘာသာတွဲ လက်ခံမယ့် လူဦးရေ ၂၀၀ ရဲ့၅ ရာခိုင်နှုန်း၊ ဝိပ္ပံဆိုရင် လူဦးရေ ၁၀၀ ရဲ့၅ ရာခိုင်နှုန်း၊ ဝိဇ္ဇာဆိုရင် လူဦးရေ ၁၀၀ ရဲ့၅ ရာခိုင်နှုန်းပါ။ စုစုပေါင်းပြန်တွက်မယ်ဆိုရင်လည်း စုစုပေါင်း ကျောင်းသားဦးရေရဲ့ ၅ ရာခိုင်နှုန်းကို လက်ခံပေးသွားမှာ ဖြစ်ပါတယ်”ဟု ရှင်းပြသည်။

### တက္ကသိုလ် ဝင်ခွင့်စာအိတ်ထုတ်ယူ

၂၀၁၉-၂၀၂၀ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားမည့်သူများသည် တက္ကသိုလ်ဝင်ခွင့်စာအိတ်ကို မိမိဖြေဆိုတက်ရောက်ခဲ့သည့် အခြေခံပညာအထက်တန်းကျောင်းများတွင် ထုတ်ယူရမည်ဖြစ်သည်။ ရန်ကုန်ပညာရေးတက္ကသိုလ်သည် သီးခြားဝင်ခွင့်ရွေးချယ်မည့်တက္ကသိုလ်များတွင် ပါဝင်သည့်အတွက် တက္ကသိုလ်ဝင်ခွင့်အိတ်မျက်နှာဖုံးတွင် ရန်ကုန်ပညာရေးတက္ကသိုလ်ကို အမှန်ခြစ်(✔)ပြရွေးချယ်ပြီး အတွင်းဘက်တွင် မိမိဦးစားပေး(၁)ကို ရန်ကုန်ပညာရေးတက္ကသိုလ်ဟု ဖြည့်စွက်ပြီးနောက် နံပါတ်စဉ်(၂၂)အထိ မိမိတက်ရောက်လိုသည့် အခြားတက္ကသိုလ်များကို ဦးစားပေးအလိုက် မပျက်မကွက် ပြည့်စုံစွာဖြည့်စွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

### သတ်မှတ်ရက် ကျော်လွန်လျှောက်ထားလာခြင်း လက်ခံစဉ်းစားမည်မဟုတ်

တက္ကသိုလ်ဝင်ခွင့်အိတ်ကို မှန်ကန်ပြည့်စုံစွာဖြည့်စွက်၍ ရန်ကုန်ပညာရေးတက္ကသိုလ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ သတ်မှတ်ရက်အတွင်း အချိန်မီလျှောက်ထားရမည်ဖြစ်သည်။ သတ်မှတ်ရက် ကျော်လွန်လျှောက်ထားလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း သိရသည်။

ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဝင်ခွင့်လျှောက်ထားသူများသည် အင်တာဗျူးဖြေဆိုရန်မလိုအပ်ကြောင်း၊ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူသည် စုစုပေါင်းရမှတ် ၄၅၅ မှတ်နှင့် အထက်၊ ဝိဇ္ဇာ+သိပ္ပံ(ဝိပ္ပံ) ဘာသာတွဲဖြင့် အောင်မြင်သူသည် စုစုပေါင်းရမှတ် ၄၂၅ မှတ် အထက်၊ ဝိဇ္ဇာဘာသာတွဲဖြင့် အောင်မြင်သူသည် စုစုပေါင်းရမှတ် ၄၁၀ နှင့် အထက်ရရှိသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

### အမှတ်အနည်းအများအလိုက် စိစစ်ရွေးချယ်သွားမည်

ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား (နိုင်၊ ပြု၊ ညှိ)



ဒုတိယ ပါမောက္ခချုပ်(စီမံ)
ဒေါက်တာပြုံးပြုံးအောင်



ဒုတိယ ပါမောက္ခချုပ်(သင်တန်း)
ဒေါက်တာကေသွယ်လှိုင်

အပြည့်အစုံဖော်ပြပြီး မိတ္တူကိုပါ ပူးတွဲလျှောက်ထားရမည်ဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ထောက်ခံစာကို မပျက်မကွက်ပူးတွဲတင်ပြရမည်ဖြစ်သည်။ ဝင်ခွင့်လျှောက်ထားသည့် ကျောင်းသား ကျောင်းသူများ၏ ဘာသာတွဲအလိုက် လက်ခံနိုင်သည့်ဦးရေကို အမှတ်အနည်းအများအလိုက် စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့တွင် လျှောက်ထားသည့် ဦးရေ တူညီမှုမရှိသဖြင့် ရမှတ်အနည်းငယ်ကွာခြားမည်ဖြစ်ကြောင်း သိရသည်။

“နေ့သင်တန်းတွေအနေနဲ့ ဘွဲ့ကြိုသင်တန်း BEd က (၅)နှစ်သင်တန်းဖြစ်ပါတယ်။ ဘွဲ့လွန်သင်တန်းတွေက MEd(Qualify), MEd နဲ့ PhD သင်တန်းတွေဖြစ်ပါတယ်။




BEd သင်တန်းမှာ (Qualify)ရရှိသူတွေသည် လုပ်ငန်းခွင်အတွေ့အကြုံ တစ်နှစ်ရှိပြီး MEd ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပါက MEd (၂)နှစ်သင်တန်းကို တက်ရောက်နိုင်ပါတယ်။ အကယ်၍ BEd သင်တန်းမှာ (Qualify) မရရှိသူတွေသည် လုပ်ငန်းခွင်အတွေ့အကြုံ(၅)နှစ်ရှိပါက ဝင်ခွင့်စာမေးပွဲဖြေဆို၍ အောင်မြင်ပါက MEd (Qualify) တစ်နှစ်သင်တန်းကို တက်ရောက်နိုင်ပါတယ်။ MEd(Qualify) သင်တန်းအောင်မြင်ပြီးပါက MEd ကို ဆက်လက်တက်ရောက်နိုင်ပါတယ်။

### ဆရာ၊ ဆရာမအရေအတွက် လိုအပ်ချက်အရ တက်ရောက်စေ

“ပါရဂူဘွဲ့ PhD(Education) သင်တန်းကို MEd ဘွဲ့ရသူများဝင်ခွင့်ဖြေဆိုအောင်မြင်ပါက တက်ရောက်နိုင်ပါတယ်။ နောက်သင်တန်းတစ်ခုက In-service, လုပ်ငန်းခွင်တွင်း ဆရာ၊ ဆရာမတွေ အရည်အသွေးမြှင့်တင်ဖို့အတွက် BEd စာပေးစာယူ (၂)နှစ်သင်တန်း ဖြစ်ပါတယ်။ သင်တန်းတက်ရောက်ရမယ့် Face to Face က တစ်နှစ်ကို နှစ်ကြိမ် အောက်တိုဘာလမှာ တစ်ကြိမ်၊ ဧပြီ နဲ့ မေမှာ တစ်ကြိမ် တက်ရောက်ရပါတယ်။ တစ်ကြိမ်ကို သင်တန်း ၁၄ ရက်နဲ့ စုစုပေါင်း ၂၈ ရက် တက်ရောက်ရပါတယ်။ အောက်မြန်မာပြည်မှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဆရာ၊ ဆရာမအရေအတွက် လိုအပ်ချက်အရ တစ်နှစ်လျှင် သင်တန်းသားဦးရေ ၁၅၀၀ ခန့်တက်ရောက်စေပါတယ်”ဟု ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်တန်း)ဒေါက်တာကေသွယ်လှိုင်က ပြောသည်။

ဆက်လက်ပြီး ၎င်းက “နောက်သင်တန်းတွေကတော့ HRD (Human Resource Development) လူ့စွမ်းအားအရင်းအမြစ်က ဖွင့်လှစ်တဲ့ ဘွဲ့လွန်သင်တန်းတွေ ဖြစ်ပါတယ်။ PGDMA (Post Graduate Diploma in Multi-media Arts) (၁)နှစ် သင်တန်းပါ။ သင်တန်းသားဦးရေက အခြေခံပညာဦးစီးဌာနအောက်မြန်မာပြည်ရှိ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေရဲ့ လိုအပ်ချက်ဦးရေအရ တစ်နှစ်ကို သင်တန်းသားဦးရေ ၂၀၀ ဝန်းကျင်ရှိပါတယ်။ ဝင်ခွင့်ဖြေဆိုရပါတယ်။ ICT နဲ့ ပညာရေးဘာသာရပ်တွေ တက်ရောက်ရတာဖြစ်ပြီး သင်တန်းပြီးဆုံးပါက လိုအပ်ချက်အရ အဆိုပြုထားတဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ကွန်ပျူတာလုပ်ဆောင်ရေးမှူးတွေအဖြစ် တာဝန်ချထားပေးပါတယ်။

“နောက်သင်တန်းက Dip(ECCD)ပါ။ (၁)နှစ်သင်တန်းပါ။ ဘွဲ့ရသူတွေ ဝင်ခွင့်ဖြေဆိုပြီး အောင်မြင်သူတွေ တက်ရောက်ရပါတယ်။ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးမှုအတွက် Dip သင်တန်းပါ။ စိတ်ဝင်စားသူ များပြားပါတယ်။ မူကြိုသင်တန်းဖွင့်လှစ်တဲ့ မူကြိုဆရာ၊ ဆရာမတွေ၊ ဆရာဝန်တွေပါ တက်ရောက်ကြပါတယ်။ သင်ရိုးညွှန်းတမ်းကို UK နဲ့ ရေးဆွဲထားတာဖြစ်ပါတယ်။

### နိုင်ငံတကာနှင့်ချိတ်ဆက်ပြီး သုတေသနတွေဆောင်ရွက်

“နောက်သင်တန်းတွေက English နဲ့ပတ်သက်ပြီး Dip(ELTM) နဲ့ MA(TEFL) တို့ဖြစ်ပါတယ်။ အင်္ဂလိပ်စာဘာသာရပ်ဘွဲ့ရတွေ တက်ရောက်ရတဲ့သင်တန်းပါ။ Dip က (၁)နှစ် သင်တန်းဖြစ်ပြီး Master က (၂)နှစ်သင်တန်းပါ။ ဝင်ခွင့်ဖြေဆိုပြီး အောင်မြင်သူတွေ တက်ရောက်ရတာဖြစ်ပါတယ်။ နိုင်ငံတော်က ပညာသင်ဆုကို ဘွဲ့ကြို၊ ဘွဲ့လွန်တန်းတွေအတွက် ပေးပါတယ်။ တချို့ကျောင်းသားတွေက Online ကြည့်ပြီး Scholarship ပညာသင်ဆုလျှောက်ပါတယ်။ တက်ရောက်ခွင့်ရသူတွေ ရှိပါတယ်။ ဘွဲ့လွန် MEd, PhD သင်တန်းတွေအတွက် တက်ရောက်နေသူတွေ နိုင်ငံအများအပြားမှာရှိပါတယ်။ ဩစတြေးလျ၊ ဂျပန်၊ ဟန်ဂေရီ၊ တရုတ် အစရှိသဖြင့် ပညာသင် တက်ရောက်နေကြပါတယ်။ ရန်ကုန်ပညာရေးတက္ကသိုလ်က နိုင်ငံတကာနှင့်ချိတ်ဆက်ပြီး သုတေသနတွေ၊ Student Exchange တွေ၊ Faculty Exchange ဆောင်ရွက်မှုတွေရှိပါတယ်” ဟု ဆိုသည်။

ရန်ကုန်ပညာရေးတက္ကသိုလ် အဆောင်နေထိုင်ခွင့်နှင့် စပ်လျဉ်း၍ ဒေါက်တာပြုံးပြုံးအောင်က “ရန်ကုန်ပညာရေးတက္ကသိုလ်ကို ဝင်ခွင့်ရရှိသူတွေသည် ကျောင်းဝင်ခွင့်လျှောက်လွှာတင်ပြီးတာနဲ့ အဆောင်နေထိုင်လိုပါက အဆောင်နေထိုင်ခွင့်လျှောက်လွှာတင်သွင်းနိုင်ပါတယ်။ အဆောင်နေထိုင်ခွင့်အတွက် စရိတ်ပေးဆောင်ဖို့မလိုပါဘူး။ နေထိုင်စားသောက်စရိတ်ကို ကျောင်းသား ကျောင်းသူတစ်ဦးကို တစ်လ သုံးသောင်းကျပ်နှုန်းနဲ့ နိုင်ငံတော်က ချီးမြှင့်ပေးပါတယ်။ BEd ဘွဲ့ရ ပြီးရင် အခြေခံပညာအထက်တန်းကျောင်းတွေမှာ အထက်တန်းပြ ရာထူးခန့်အပ် တာဝန်ပေးပါတယ်”ဟု ပြောသည်။

### ပညာရေးတိုးတက်မှု အရေးကြီးတဲ့ကဏ္ဍက ပါဝင်

“နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ ပညာရေးတိုးတက်မှုဟာ အလွန်အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်လျက်ရှိတဲ့အတွက် အခုလို အခြေခံပညာဆရာ ဆရာမတွေ မွေးထုတ်ပေးတဲ့ တစ်နည်းအားဖြင့် ဉယျာဉ်မှူးတွေ မွေးထုတ်ပေးတဲ့ ရန်ကုန်ပညာရေးတက္ကသိုလ်ရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်”ဟု ဒေါက်တာပြုံးပြုံးအောင်က မျိုးဆက်သစ်ဆရာ ဆရာမများအား မှာကြားသည့်စကားကလည်း ရန်ကုန်ပညာရေးတက္ကသိုလ်၏ပုံရိပ်ကို ထင်ဟပ်စေပါသည်။ ။

> “ရန်ကုန်ပညာရေး တက္ကသိုလ်တွင် ဝင်ခွင့် လျှောက်ထားသူများသည် အင်တာဗျူး ဖြေဆိုရန် မလိုအပ်ကြောင်း၊ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံ ဘာသာတွဲဖြင့် အောင်မြင်သူသည် စုစုပေါင်းရမှတ် ၄၅၅ မှတ်နှင့် အထက်၊ ဝိဇ္ဇာ+သိပ္ပံ(ဝိပ္ပံ) ဘာသာတွဲဖြင့် အောင်မြင်သူသည် စုစုပေါင်းရမှတ် ၄၂၅ မှတ်အထက်၊ ဝိဇ္ဇာဘာသာတွဲဖြင့် အောင်မြင်သူသည် စုစုပေါင်းရမှတ် ၄၁၀ နှင့် အထက်ရရှိသူများ လျှောက်ထားနိုင်”

# မြိတ်မြို့နယ် ပရည်တောင်- ဝန်ပို့ကားလမ်းပေါ်မှ ပရည်ချောင်းတံတား ၂၀၂၀ ၌ အပြီးတည်ဆောက်မည်

**ရန်ကုန် ဇူလိုင် ၈**

ပရည်ချောင်းကျေးလက်တံတားသည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ပရည်တောင်-ဝန်ပို့ ကျေးလက်လမ်းပေါ်မှ တံတားဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ တာဝန်ပေးချက်အရ တံတား အထူးအဖွဲ့(၉)မှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။



တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ဝင် လုပ်သားများ ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို တွေ့ရစဉ်။

တံတားအရှည်မှာ ပေ ၉၀၀၊ တံတားအကျယ်မှာ ၁၅ပေ ၈ လက်မ၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေ ၉ လက်မ တစ်လမ်းသွား၊ တံတားအောက်ရေလမ်းကင်းလွတ်အကျယ် ၄၈ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၀ ဒသမ ၆၆ မီတာ၊ တံတားအမျိုးအစားမှာ ၆ဒသမ ၈ မီတာအချင်းရှိ ဘိုးပိုင်အုတ်မြစ်၊ တံတားကိုယ်ထည် သံကူကွန်ကရစ်၊ တံတားတန်ဖိုးမှာ ငွေကျပ်သန်း ၂၀၇၀ ဖြစ်ပြီး ၃၀-၉-၂၀၂၀ ခုနှစ်အတွင်း ပြီးစီးမည်ဟု သိရသည်။

တံတားကြီးပြီးသွားလျှင် ဒေသတွင်းမှ ကျေးလက်ပြည်သူများ မြိတ်၊ ထားဝယ်၊ ကော့သောင်းမြို့များသို့ တံတားကြီးပေါ်မှဖြစ်၍ အလွယ်တကူ သွားနိုင်တော့မည်ဖြစ်သောကြောင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဖွံ့ဖြိုးလာတော့မည်ဖြစ်သည်။

**ခရမ်း-စိုးမြင့်**

# အိမ်ခြေ ၁၂၀၀ ခန့်အတွက် နေ့စဉ်သောက်သုံးရေပေးဝေနိုင်မည့် စက်ရေတွင်း တူးဖော်အောင်မြင်

**မိတ္ထီလာ ဇူလိုင် ၈**

မိတ္ထီလာမြို့နယ် အောင်ဆန်းရပ်ကွက်ရှိ အိမ်ခြေ ၁၂၀၀ ခန့်အား နေ့စဉ်သောက်သုံးရေပေးဝေနိုင်ရေးအတွက် တူးဖော်သည့် ရှစ်လက်မ စက်ရေတွင်းတူးဖော်အောင်မြင်၍ ၁၄ ရက်ခန့်အကြာတွင် ယင်းစက်ရေတွင်းသောက်သုံးရေစတင်ဖြန့်ဝေပေးနိုင်မည်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်တင်က ပြောသည်။

"အရင်က အောင်ဆန်းရပ်ကွက်မှာရှိတဲ့ အိမ်ခြေ ၈၀၀ ခန့်ကိုပဲ တွင်းတိမ်စက်ရေတွင်းတွေကနေ သောက်သုံးရေဖြန့်ဝေပေးနေတာ။ အလှည့်ကျစနစ်နဲ့ပေးရတာဖြစ်တာရော၊ လက်ရှိပေးနေတဲ့ တွင်းတိမ်စက်ရေတွင်းတွေက နွေရာသီကာလရောက်ရင် ရေထွက်မှုလျော့နည်းသွားတာမျိုးတွေရောရှိတာကြောင့် လက်ရှိအနက်ပေ ၅၇၀ ရှိ ရှစ်လက်မစက်ရေတွင်းကို တူးဖော်ခဲ့တာဖြစ်ပါတယ်။ အခုလို တစ်နာရီ ရေဂါလန်တစ်သောင်းခန့်ထွက်ရှိတဲ့ ရှစ်လက်မစက်ရေတွင်းတူးဖော်အောင်မြင်ပြီးနောက် ၁၄ ရက်ခန့်ကြာရင် အရင်ဖြန့်ဝေပေးနေတဲ့အိမ်ခြေ ၈၀၀ ခန့်အပါအဝင် အောင်ဆန်းရပ်ကွက်မှာရှိတဲ့ အိမ်ခြေ ၁၂၀၀ ခန့်ကို နေ့စဉ် သောက်သုံးရေဖြန့်ဝေပေးနိုင်တော့မှာဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ပြောသည်။ အဆိုပါအနက်ပေ ၅၇၀ ရှစ်လက်မစက် ရေတွင်းတူးဖော်နိုင်ရေးအတွက် ရေရရှိနိုင်မည့်မြေနေရာရွေးချယ်မှုများကို ခေတ်မီမြေစမ်းသပ်ရှာဖွေသည့် နည်းပညာများဖြင့် အသုံးပြုရှာဖွေခဲ့ပြီး ယင်းသောက်သုံးရေဖြန့်ဝေနိုင်ရေးလုပ်ငန်းအတွက် စုစုပေါင်း ငွေကျပ် ၃၂၅ သိန်းခန့်ဖြင့် ရက်ပေါင်း ၆၀ ကြာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**



မိတ္ထီလာမြို့စက်ရေတွင်း အောင်မြင်စွာ တူးဖော်နိုင်မှုကို တွေ့ရစဉ်။

# ဘဏ္ဍာရေးစည်းမျဉ်းများ၊ ငွေစာရင်းပြုစုထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကျွမ်းကျင်မှုသင်တန်းဖွင့်

**ဟားခါး ဇူလိုင် ၈**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများက ရန်ပုံငွေကြီးကြပ်သူ အရာရှိများ၊ ငွေထုတ်သူအရာရှိများနှင့် ငွေစာရင်းလုပ်ကိုင်ဆောင်ရွက်နေကြသည့် ဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှုရှိစေရေး၊ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဘဏ္ဍာရေးနှင့် ငွေစာရင်း ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက အမှာစကားပြောကြားသည်။



သင်တန်းဖွင့်ပွဲ၌ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတိုးဝင်း အမှာစကား ပြောကြားစဉ်။

သင်တန်းတွင် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်နယ်စာရင်း စစ်ချုပ်၊ ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ အခြေခံစာရင်းပြုစုနည်းများ၊ ငွေစာရင်း ထိန်းသိမ်းနည်းများအပါအဝင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ လက်တွေ့ဆောင်ရွက်နေသည်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ချင်းပြည်နယ်အတွင်း ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့ရုံးများမှ အရာထမ်း၊ အမှုထမ်းပေါင်း ၇၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

# အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲများ ကျင်းပ

**နေပြည်တော်**

(၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် နန်းသြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇူလိုင် ၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် နန်းသြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက အမှာစကားပြောကြားခဲ့ပြီး ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြစန်းရီက အာဇာနည်ခေါင်းဆောင်ကြီးကိုးဦး၏ ကိုယ်ရေးအကျဉ်းနှင့် အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်ကို ပြန်လည်ရှင်းပြပေးခဲ့သည်။ ထို့နောက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပြန်/ဆက်ဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**မိတ္ထီလာ**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အဆင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် (၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး ၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲကို ဇူလိုင် ၈ ရက်က အထက ၁ ခန်းမ၌ ကျင်းပသည်။

အဆိုပါ (၇၂) နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီ ပြိုင်ပွဲကို အခြေခံပညာအထက်တန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာမူလတန်းအဆင့် သတ်မှတ်ကျင်းပရာ စာစီစာကုံးပြိုင်ပွဲ၌ အထက်တန်းအဆင့် ၁၇ ဦး ၊ အလယ်တန်းအဆင့် ၂၀ ၊ မူလတန်းဆင့် ၁၄ ဦး ၊ ကဗျာပြိုင်ပွဲ၌ အထက်တန်းအဆင့် ၁၂ ဦး ၊ အလယ်တန်းအဆင့် ၁၃ ဦး ၊ မူလတန်းအဆင့် ကိုးဦး၊ ပန်းချီပြိုင်ပွဲ၌ အထက်တန်းအဆင့် ခုနစ်ဦး၊ အလယ်တန်းအဆင့် ၁၁ဦး၊ မူလတန်းအဆင့် ၁၁ ဦး ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

**ကြာအင်းဆိပ်ကြီး**

ကြာအင်းဆိပ်ကြီးမြို့ စာပေချစ်မြတ်နိုးသူများမှ ဦးဆောင်ကျင်းပသော အာဇာနည်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇူလိုင် ၇ ရက်က ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ မောင်စိန်ဝင်း(ပုတီးကုန်း)က စာပေစကား စာပေမြားခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးဘုန်း(ခတု)က ကဗျာလုလုစာလုလုခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။ ယင်းစာပေဟောပြောပွဲကို ကျောင်းသား ကျောင်းသူများ၊ စာပေချစ်မြတ်နိုးသူများ လာရောက် နားထောင်ကြပြီး ဒုတိယနေ့အဖြစ် ဇူလိုင် ၈ ရက်က ဆရာ မောင်သာချိုက ပါတော်မူနိုင်ငံခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာညီမင်းညိုက ရသနိုင်ငံသစ်ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။

**မျိုးမင်းဦး (ပြန်/ဆက်)**

**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၇ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးလှမျိုးထွန်းက အာဇာနည်နေ့အခမ်းအနားကို အနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြိုလှုပ်ရှားမှုများဖြစ်သည့် ဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများကို ပြန်/ဆက်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့်အတွေ့အကြုံများ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်ဆွေးနွေးသုံးသပ်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ဆပ်ကော်မတီအလိုက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းရေး၊ အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပရေး၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ ဂါရဝပြုရေးနှင့် ဆပ်ကော်မတီများမှ တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

**နောင်ချို**

အာဇာနည်ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးကြိုးပမ်းမှုများကို တန်ဖိုးထားနားလည်နိုင်စေရေး၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ လုပ်ဆောင်ချက်များအပေါ် လူငယ်၊ လူရွယ်များ အားကျအတုယူနိုင်ရေးတို့အတွက် ရည်ရွယ်၍ (၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကို ဇူလိုင် ၈ ရက်က နောင်ချိုမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းထွေးက အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးကိုယ်စား အလယ်တန်းပြဆရာမ ဒေါ်ချိုမြင့်ဌေးကကျေးဇူးတင်စကားပြောကြားခဲ့ပြီး ပြသထားသော နံရံကပ်စာစောင်များအား ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ်၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ ရန်ပုံငွေ ပေးအပ်လှူဒါန်း

**မော်လမြိုင် ဇူလိုင် ၈**

မွန်ပြည်နယ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ရန်ပုံငွေမှ ဘဏ်တိုးရငွေများဖြင့် ပြည်နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာအုပ်များဝယ်ယူရန်နှင့် ပရိဘောဂများ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ရန်ပုံငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်က ကျင်းပသည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက ပြည်နယ်အတွင်းရှိ ပြည်သူများ စာအုပ်စာပေများကို လက်လှမ်းမီစွာ စာပေဖတ်ရှုနိုင်အောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ပြည်နယ်တွင် ၃၁၇ တိုက်ဖွင့်လှစ်ခဲ့ရာ ၇၄ တိုက်သာ ကျန်ရှိကြောင်း၊ ကျန်ရှိသည့် စာကြည့်တိုက် ၇၄ တိုက်ကို ရေရှည်တည်တံ့ရန်နှင့် စာအုပ်စာစောင်၊ ပရိဘောဂများ ဖြည့်ဆည်းပေးနိုင်ရန် ပြည်နယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရန်ပုံငွေကြီးကြပ်ရေးကော်မတီရန်ပုံငွေ၏ ဘဏ်တိုးရငွေမှ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ငွေပဒေသာပင်၏ အရင်းမပျောက်ရန်ပုံငွေကို လှူဒါန်းပေးသည့်စေတနာရှင်များအား ကျေးဇူးတင်ရှိကြောင်း ပြောသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်းဒေးရှင်း(မွန်ပြည်နယ်) ကော်မတီဝင် ဦးစံငွေက စာအုပ်များလှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး ချောင်းဆုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်များမှ ရှင်သန်နေသော ရပ်ကွက်၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၁၁ တိုက်ကို စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရန်ပုံငွေ ကြီးကြပ်ရေးကော်မတီသို့ စုန်ရေဆောက်လုပ်ရေးကုမ္ပဏီက လှူဒါန်းငွေကျပ် ငါးသိန်း၊ ရာမညဥ သျှောင်ဆောက်လုပ်ရေးကုမ္ပဏီက လှူဒါန်းငွေကျပ် နှစ်သိန်း၊ ပြည်နယ် ဟိုတယ်လုပ်ငန်းရှင်များက လှူဒါန်းငွေကျပ်တစ်သိန်းကို ပြည်နယ်လူမှုရေးဝန်ကြီးအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရန်ပုံငွေကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ပြည်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်မှူးဒေါ်နီနီချိုက မော်လမြိုင်ခရိုင်အတွင်းရှိ ရှင်သန်နေသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၄၀ အတွက် တစ်တိုက်လျှင် ငွေကျပ် ၈၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၄ သိန်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါလွင်ထံသို့ ပေးအပ်လှူဒါန်းသည်။ **ခရိုင်(ပြန်/ဆက်)**



စာကြည့်တိုက်များသို့ ရန်ပုံငွေပေးအပ်လှူဒါန်းပွဲ၌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း အမှာစကားပြောကြားစဉ်။

# ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ကော့မှူး ဇူလိုင် ၈**

မြို့နယ်အဆင့် ကျောင်းကျန်းမာရေးနှင့် ရာသီတုပ်ကွေးရောဂါ H1N1 ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာသန်းဌေးက H1N1 ရောဂါသည် မိမိ၏ကိုယ်ခံအားစနစ်ပေါ်တွင် အရေးပါကြောင်း၊ ကိုယ်ခံအားကောင်းမွန်စေရန် အာဟာရပြည့်ဝစွာ စားသောက်နေထိုင်ရန်လိုကြောင်း၊ ကာကွယ်ဆေးထိုးမှ ဖြစ်မည်ဆိုသည် အယူအဆအား စွဲမြဲနေရန်မလိုကြောင်း H1N1 ရောဂါနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောပြသည်။ **ကျော်သူရ (ကော့မှူး)**

# နမ့်ဆန်၌ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဖွင့်

**နမ့်ဆန် ဇူလိုင် ၈**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် အာရမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ နမ့်ဆန်ညီနောင်ဖောင်ဒေးရှင်းမှ ဒုတိယအကြိမ်မြောက် အခြေခံအင်္ဂလိပ်စကားပြောသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းတွင် ဟူးခင်ကျေးရွာ၊ မန်မိုင်မိန်းကွမ်းကျေးရွာ၊ ထမ်းမဆိုင်ကျေးရွာ၊ မန်စပ်ကျေးရွာနှင့် အာရမ်းကျေးရွာမှ အင်္ဂလိပ်စာဝါသနာပါသည့် လူငယ် ၄၅ ဦးခန့် တက်ရောက်လျက်ရှိပြီး သင်တန်းသားများ နေထိုင်စားသောက်မှုနှင့် တည်းခိုမည့်နေရာများကိုလည်း နမ့်ဆန်ညီနောင်ဖောင်ဒေးရှင်း ဦးစီးဆရာတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး တစ်လကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မိုး ( ပြန်/ဆက်)**

# ယာဉ်အန္တရာယ်နှင့် မူခင်းကျဆင်းရေး ရှောင်တခင်စစ်ဆေး

**ကျောင်းကုန်း ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် မင်းလမ်းနှင့် ဆေးရုံလမ်းထောင့်တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် မှုခင်းကျဆင်းရေးအတွက် ယမန်နေ့က ရှောင်တခင်စစ်ဆေး ဖမ်းဆီးခဲ့သည်။

ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ် ဆောင်းပြီးမောင်းနှင်ကြရန်၊ "လူ့အသက်တွေ ကယ်ကြဖို့ အရှိန်လျှော့ပြီးမောင်းကြစို့"၊ "မူးလျှင် မမောင်းနှင့်၊ မောင်းလျှင်မမူးနှင့်"၊ "အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနေစဉ် ဖုန်းသုံးစွဲမှုရှောင်ရှားစို့" စသည့် အသိပညာပေး လက်ကမ်းစာစောင်များကို မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မောင်မောင်သန်းနှင့် တပ်ဖွဲ့ဝင်များက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူနှင့် နှစ်ဦးထက်ပိုမိုစီးနင်းသူတို့အားလည်း ဖမ်းဆီးကာ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး

သက်ငယ်မုဒိမ်းမှုသည် ထောင်ဒဏ်နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုဖြစ်သည်

အခြေအနေ အချိန်အခါ နေရာမရွေး သက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်



သက်ငယ်မုဒိမ်းမှုဆိုသည်မှာ အသက် (၁၆) နှစ်အောက် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ မုဒိမ်းမှုကျူးလွန်ခြင်း ကိုဆိုသည်

## ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်

### ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ဆောင်ရွက်ရန်

-နေရာမရွေး၊ အချိန်မရွေး၌ မည်သူမဆိုမှ ကလေးသူငယ်များအပေါ် မုဒိမ်းမှု ကျူးလွန်နိုင်ကြောင်း အသိပညာပေးရန်၊

-မိဘ၊ အုပ်ထိန်းသူများနှင့် ရပ်ရွာလူထုအား ကလေးသူငယ်များအပေါ် သက်ငယ်မုဒိမ်းမှု ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးရန်၊

### ရပ်ရွာလူထုမှ ဆောင်ရွက်ရန်

-မိမိနှင့် နီးစပ်ရာ ကလေးသူငယ်များကို မည်သို့ သွားလာနေထိုင်ရမည်၊ မည်သို့ အကူအညီတောင်းရမည်၊ မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို သင်ကြားထားသင့်ပါသည်။

- ကလေးသူငယ်နှင့် ပတ်သက်၍ မသင်္ကာဖွယ်တွေ့ရှိပါက မေးမြန်းခြင်း၊ လိုက်လံကြည့်ရှုခြင်း ပြုလုပ်ပါ။



## ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်

### အုပ်ထိန်းသူများမှ ဆောင်ရွက်ရန်

-ကလေးသူငယ်အား တစ်ယောက်တည်း၊ အဖော်မပါဘဲ အပြင်သို့ မလွှတ်ရပါ။

-မိမိကလေးကို အကြောင်းကြောင်းကြောင့် ထားရစ်ခဲ့ရန် လိုအပ်ပါက ရပ်ရွာနှင့် ယုံကြည်စိတ်ချရသူများထံ အသိပေးအပ်နှံပါ။

-ကလေးအား မိမိ၏အိမ်လိပ်စာ၊ မိဘအား ဆက်သွယ်ရန် ဖုန်းနံပါတ်များအား အလွတ်ရရှိရေး သင်ကြားထားပါ။

-ကလေးသူငယ်၏ ထိတွေ့ကိုင်တွယ်ရန် မသင့်လျော်သည့် ပါးစပ်၊ရင်ဘတ်၊ လိင်အင်္ဂါ၊ စအို၊ တင်ပါးစသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများအား တစ်စုံတစ်ဦးမှ ကိုင်တွယ်ပါကငြင်းဆန်တတ်အောင် သင်ကြားပေးပါ။

-ကလေး၏ ထူးခြားမှုကို အမြဲသတိပြုပြီး ဂရုတစိုက် မေးမြန်းပါ။

### ကလေးသူငယ်များမှ ဆောင်ရွက်ရန်

-ကလေးသူငယ်၏ထိတွေ့ကိုင်တွယ်ရန်မသင့်လျော်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းအား တစ်စုံတစ်ဦးမှ ကိုင်တွယ်ခြင်း၊ မလျော်မကန်ပြုမူခြင်းဆောင်ရွက်လာပါက ငြင်းဆန်ရန်၊ အော်ဟစ် အကူအညီတောင်းရန်၊ ထွက်ပြေးရန်နှင့် ယုံကြည်ရသူ တစ်ဦးဦးအား ပြောပြတိုင်ကြားရန်။




## ဖြစ်ပွားသည်ကို သံသယရှိ/သိရှိပါက/လက်ခံရရှိပါက/ မျက်မြင်တွေ့ရှိပါက

အမြန်ဆုံးတိုင်ကြားနိုင်ရေးကိုဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်-

- ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး/ အဖွဲ့အစည်းများထံ အကြောင်းကြားရန်၊
- ရဲစခန်းသို့ ချက်ချင်းတိုင်ကြားရန်၊
- အစိုးရကျန်းမာရေးဌာန/ဆေးရုံသို့ သွားရန်၊
- သက်ဆိုင်ရာ ရဲစခန်းသို့ သက်သေခံပစ္စည်းဟု ယူဆရသည့် အရာမှန်သမျှကို မူလအတိုင်း တစ်ပါတည်းယူဆောင်လာရန်၊
- လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်သွယ်ရန်။




- ကျူးလွန်ခံရသည်ဟုသံသယရှိသော ကလေးငယ်အား ပစ်ပယ်မထားဘဲလုံခြုံဘေးကင်းရာထားရှိပို့ဆောင်ပေးပါ။
- ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေးမှုများ လိုအပ်ပါသည်။
- ကျူးလွန်ခံရသူကို အပြစ်တင်ခြင်း မပြုရ။
- ကျူးလွန်ခံရသူ၏ ဆန္ဒမပါဘဲ အတင်းအကျပ် လက်ထပ်ထိမ်းမြားပေးခြင်း မပြုရ။

# မလှိုင်မြို့နယ် ကျေးရွာအချို့တွင် မိုးမရွာသေးသဖြင့် နွားစာရှားပါးသည့် အခက်အခဲကြုံတွေ့နေ

**မလှိုင် ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း နှောကန် တိုက်နယ် နှောကန်ကျေးရွာနှင့် ကျေးရွာအချို့တွင် မိုးရွာသွန်းမှု မရှိခြင်းနှင့် စားကျက်မြေများ ရှားပါးလာခြင်းတို့ကြောင့် နွားစာ အခက်အခဲ ကြုံတွေ့နေရကြောင်း ဒေသခံ တောင်သူများထံမှ သိရသည်။

ယခုနှစ် ဇွန်လအတွင်းမှစ၍ နွားစာအခက်အခဲများ ကြုံတွေ့လာရခြင်းဖြစ်ပြီး အစောပိုင်းအချိန်များက ထန်းသီးများ အစားထိုးကျွေး၍ အဆင်ပြေခဲ့သော်လည်း ယခုအခါ ထန်းသီးများပါ ရှားလာသဖြင့် နွားစာအခက်အခဲကို ပို၍ကြုံတွေ့လာရကြောင်း၊ ငွေတတ်နိုင်သူများမှာ မြင်းခြံမြို့နှင့် အခြားမြို့များသို့ သွားရောက်၍ နွားစာဝယ်ယူကျွေးနေရပြီး မတတ်နိုင်သူများမှာမူ မိတ္ထီလာနှင့် မလှိုင်မြို့ကြားသို့ သုံးဘီးများ၊ ဆိုင်ကယ်များ၊ နွားလှည်းများဖြင့် သွားရောက်၍ မြက်ပင်များနုတ်ယူခြင်းနှင့် စိမ်းစိုသော သစ်ရွက်သစ်ကိုင်းများကို ရှာဖွေပြီး ခုတ်ကျွေးခြင်းတို့ ပြုလုပ်နေရကြောင်း၊ မြို့နယ်အတွင်း၌ နွားအုပ်များကို ကျောင်းစရာ စားကျက်မြေနေရာမရှိအောင် ရှားပါးနေကြောင်း နှောကန်ကျေးရွာမှ တောင်သူတစ်ဦးဖြစ်သူ ကိုမျိုးနိုင်က ပြောကြားသည်။



အခြားဒေသများမှ နွားစာများရှာဖွေ၍ ဆိုင်ကယ်ဖြင့်သယ်လာသော တောင်သူများ

လက်ဆွဲ့ကျေးရွာနေ တောင်သူ ဦးအောင်မြင့်နိုင်ကလည်း "ကျွန်တော်တို့ရွာမှာ လယ်ထဲယာထဲမှာ နွားစာ ရိတ်လို့ မရတော့လို့ ခရီးဝေးကွာတဲ့ မယ်ညိုတောင်ဘက်ကို တစ်ရွာလုံး နီးပါးစုပြီး တစ်ရက်ကို ကားခ ကျပ် ၂၀၀၀၀ ပေးငှားပြီး နွားစာရိတ် ထွက်နေရပါတယ်၊ နွားစာအတွက် တစ်ရွာလုံးထွက်ပြီး ရှာဖွေနေကြရပြီး နောက်ထပ် နှစ်လလောက် မိုးခေါင်ရင်တော့ နွားစာ လုံးဝပျက်နိုင်တဲ့ အခြေအနေမှာ ရှိနေပါတယ်"ဟု ပြောသည်။

မကျည်းပင်ပုကျေးရွာနေ ဦးအေးကျော်ကလည်း မိမိတို့ရွာတွင် မိုးမရွာသွန်းသဖြင့် ခြောက်မိုင်ခန့်ကွာဝေးသော မလှိုင်မြို့သို့ လာရောက်၍ နွားစာလာရောက်ရှာဖွေပြီး နေ့စဉ် သယ်ယူနေရကြောင်း၊ နွားစာအခက်အခဲအတွက် နေ့တိုင်းလိုလိုပင် ယခုလို ဖြေရှင်းနေရကြောင်း ပြောသည်။

အဆိုပါအခက်အခဲနှင့်ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆန်းယုထံ ဆက်သွယ်မေးမြန်းကြည့်ရာ "ရာသီဥတုက ပြောင်းလဲနေတဲ့အတွက် နွားစာအခက်အခဲဖြစ်နိုင်လို့ နေပီယာအမျိုးအစား မြက်ကို နွားစာအတွက် ရွာအချို့မှာ စိုက်ပျိုးနေပြီး တောင်သူတွေကိုလည်း စိုက်ဖို့အတွက် တိုက်တွန်းစည်းရုံးမှုတွေ လုပ်ဆောင်နေပါတယ်။ နေပီယာမြက်ကို တောင်သူတွေစိုက်ပျိုးဖို့ မျိုးကိုလည်း ပုပ္ပားကနေ မှာယူပေးပါတယ်"ဟု ပြောကြားသည်။

ယခုနှစ် မိုးရာသီအတွင်း မလှိုင်မြို့တွင် မိုးရွာသွန်းသော်လည်း နှောကန်တိုက်နယ်အတွင်းရှိ ကျေးရွာအချို့တွင် မိုးရွာသွန်းမှုမရှိသေးသောကြောင့် တောင်သူများမှာ နွားစာအခက်အခဲများ ကြုံတွေ့နေရခြင်းဖြစ်ကာ နွားစာအတွက် နီးစပ်ရာမြို့များသို့ သွားရောက်ဝယ်ယူခြင်း၊ မြက်များ နုတ်ယူသယ်ဆောင်ခြင်းများ ပြုလုပ်နေကြရပြီး တောင်သူများ အနေဖြင့် မိုးရွာရန်သာ မျှော်လင့်နေကြရကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## တံတားဦးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းပြုစုခြင်း ဆင့်ပွားသင်တန်းဖွင့်

**တံတားဦး ဇူလိုင် ၈**

လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်း၌ တိကျပြည့်စုံခိုင်မာသည့် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် လူဦးရေစာရင်း အချက်အလက်များ ကောက်ယူခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို တံတားဦးမြို့ အား/ကာခန်းမ၌ ဇူလိုင် ၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တံတားဦးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းနီနှင့် ကျောက်ဆည်ခရိုင် အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ရှိန်တို့က အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က နိုင်ငံသားတိုင်း ပါဝင်မဲပေးနိုင်ရေးအတွက် လူဦးရေစာရင်း အချက်အလက်များကို တိကျခိုင်မာအောင် စနစ်တကျ ကောက်ယူစေလိုကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုရာတွင် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

မဲပေးပိုင်ခွင့်ရှိသူ ပြည်သူတိုင်း မဲပေးခွင့်ရစေရန်အတွက် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး အဆိုပါသင်တန်းသို့ တံတားဦးမြို့ပေါ် ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု ၆၁ စုမှ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၊ စာရေးဝန်ထမ်းများ၊ ကျေးရွာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် ရာအိမ်မှူးများ စုစုပေါင်း အင်အား ၄၀၀ ခန့် တက်ရောက်ခဲ့သည်။

**ရဲတင့်(ပြန်/ဆက်)**

## အကြားအာရုံ ဝေဒနာရှင်များအား ဘားအံဆေးရုံကြီး၌ အခမဲ့ ဆေးဝါးကုသပေး

**ဘားအံ ဇူလိုင် ၈**

ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာန ဗန်ကောက်မြို့ရှိ Rajavithi ဆေးရုံနှင့် Rural Ear Nose Throat Foundation တို့ ပူးပေါင်းဆောင်ရွက်နေသည့် ရွေ့လျား နားခွဲစိတ်မှု အစီအစဉ်(Ear Surgery Mobile Unit)အရ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းမှ အကြားအာရုံချို့ယွင်းမှုဝေဒနာ ခံစားနေရသူများအား အခမဲ့ စစ်ဆေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းများကို ကရင်ပြည်နယ် ဘားအံမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၌ ဇူလိုင် ၈ ရက်က စတင်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အခမဲ့ဆေးဝါးကုသပေးသည့် အစီအစဉ် ဖွင့်ပွဲတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ရွေ့လျားနားခွဲစိတ်မှု အစီအစဉ်အရ ကရင်ပြည်နယ်အတွင်းမှ နားရောဂါဝေဒနာရှင်များအား ယခုလို အိမ်နီးချင်း ထိုင်းနိုင်ငံမှ နယ်လှည့်ဆေးကုသရေးအဖွဲ့က လာရောက် ကူညီကုသပေးသည့်အတွက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးနှင့်တကွ ထိုင်းနိုင်ငံ နယ်လှည့်ဆေးကုသရေးအဖွဲ့အား ကျေးဇူးတင်ရှိကြောင်း အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်တို့က ထိုင်းသံအမတ်ကြီးနှင့် နယ်လှည့်ဆေးကုသရေးအဖွဲ့ခေါင်းဆောင် ဆရာဝန်ကြီးအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

အဆိုပါ ရွေ့လျား နားခွဲစိတ်မှု အစီအစဉ်အရ ကရင်ပြည်နယ်အတွင်းမှ အကြားအာရုံချို့ယွင်းမှုဝေဒနာ ခံစားနေရသူများအား အခမဲ့ စစ်ဆေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းကို ဇူလိုင် ၈ ရက်မှ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နားရောဂါ ဝေဒနာရှင် မည်သူမဆို အခမဲ့ လာရောက်ပြသကုသမှုခံယူနိုင်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ကလေးသူငယ် အခွင့်အရေးဆိုင်ရာများ အသိပညာပေး

**ရေဖြူ ဇူလိုင် ၈**

ရေဖြူမြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီက ကြီးမှူး၍ ရေဖြူမြို့နယ် ကံပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းလှိုင်က ကလေးများ၏ ရပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း၊ ကံပေါက်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ဝင်းမြင့်စံက ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးမသုံးစွဲရေးနှင့် သက်ငယ်မုဒိမ်းမှု ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနိုင်ထွေးက စားသုံးရန်မသင့်သည့် အစားအစာများအကြောင်းနှင့် အမှိုက်ကင်းစင်ရေးကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ဖြူဖြူရှိန်က အာဇာနည်နေ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြူသီထွဏ်းက ကျောင်းနေအရွယ်ကလေးများအတွက် ကိုယ်လက်လှုပ်ရှား အားကစားလုပ်ခြင်း၏ အရေးပါပုံကိုလည်းကောင်း ပညာပေး ဟောပြောခဲ့ကြသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့၏ စီစဉ်မှုဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး နံရံကပ်စာစောင်များကို ပြသပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးအရာရှိက ကျောင်းအတွက် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အင်ဂျင်စက်ပြင်သင်တန်း ကန့်ကြီးထောင့်မြို့၌ ဖွင့်လှစ်

**ကန့်ကြီးထောင့် ဇူလိုင် ၈**

လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန(ပုသိမ်)တို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဒီဇယ်/ဓာတ်ဆီ အင်ဂျင်စက်ပြင်သင်တန်းကို ဇူလိုင် ၈ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။



သင်တန်းအတွက် သင်ထောက်ကူပစ္စည်း အင်ဂျင်များကို တာဝန်ရှိသူများ ကြည့်ရှုနေစဉ်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောမူက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးနေထက်ရှိန်နှင့် တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးနိုင်ထူးတို့က လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကာ မိသားစုဝင်ငွေတိုးပွားလာရန် ရည်ရွယ်လျက် သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၈ ရက်မှ ဩဂုတ် ၂ ရက်အထိ ဖြစ်ကာ သင်တန်းတွင် အသေးစားစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာနမှ နည်းပြဆရာ နှစ်ဦးက စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းထိုက်**

## ကျိုက်မရော၌ သဘာဝဘေးအန္တရာယ်လျော့ပါးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ကျိုက်မရော ဇူလိုင် ၈**

ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်၍ သဘာဝဘေးလျော့ပါးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၈ ရက်က အောင်သုခရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်တို့နှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက သဘာဝဘေး လျော့ပါးရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများအကြောင်းကို ကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ သိရှိလိုသော မေးမြန်းချက်များကိုလည်း ပြန်လည် ဖြေကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ဒေသခံပြည်သူ ၁၇၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# မိုင်းဖြတ်မြို့နယ်၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် ငမြှောင်တောင်ပိုး စုပေါင်းနှိမ်နင်း

**မိုင်းဖြတ် ဇူလိုင် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် ငမြှောင်တောင်ပိုး ကျရောက်မှုကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ အသိပညာပေးခြင်းနှင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းနှိမ်နင်းခြင်းလုပ်ငန်းကို ဇူလိုင် ၇ ရက်က နမ့်နန်းကျေးရွာအုပ်စု ကချင်စံပြကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

တောင်သူများအား အသိပညာပေးရာတွင် တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ငမြှောင်တောင်ပိုး ကျရောက်ပုံနှင့် ကာကွယ်နှိမ်နင်းနိုင်သည့် နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က မြို့နယ်၏ သီးနှံအထွက်နှုန်းလျော့နည်းမှုကို ကာကွယ်နိုင်ရန် ဖျက်ပိုးကျရောက်မှုများကို ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။



စိုက်ခင်းများအတွင်း ပိုးသတ်ဆေးဖျန်းနေသော စိုက်ပျိုးရေးဝန်ထမ်းများ

ထို့နောက် တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မိုင်းဖြတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထွဋ်လွင်နှင့် ဝန်ထမ်းများ၊ နမ့်နန်းအုပ်စု ကချင်စံပြကျေးရွာမှ ငမြှောင်တောင်ပိုး ကာကွယ် နှိမ်နင်းရေးအဖွဲ့များက ကချင်စံပြကျေးရွာမှ တောင်သူဦးမာလ၏ အစေ့ထုတ်ပြောင်းစိုက်ခင်း သုံးဧက၌ ကျရောက်နေသည့် ငမြှောင်တောင်ပိုးများကို ဥမြုနှင့်လောက်ကောင်များ ရှာဖွေဖျက်ဆီးခြင်းနှင့် ဆေးဖျန်းအဖွဲ့များက ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ယခုနှစ်မိုးရာသီတွင် မိုင်းဖြတ်မြို့နယ်အတွင်းရှိ တောင်သူများသည် မိုးအစေ့ထုတ်ပြောင်း ၁၇၆၅ ဧကကို စိုက်ပျိုးထားကြပြီး တောင်သူအချို့ စိုက်ပျိုးထားသည့် ပြောင်းခင်းများတွင် ငမြှောင်တောင်ပိုးများ ကျရောက်နေသဖြင့် သီးနှံများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက အသိပညာပေးခြင်းများနှင့် ဖျက်ပိုးနှိမ်နင်းခြင်းများကို အချိန်မီ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

# ယင်းမာပင်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ကျေးရွာမူလတန်းကျောင်းသစ်ဖွင့်လှစ်

**ယင်းမာပင် ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ရွှေစုကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းသစ်ဖွင့်ပွဲကို ဇူလိုင် ၇ ရက်က ကျင်းပခဲ့ရာ ကျောင်းမုခ်ဦးဆိုင်းဘုတ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းရီ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် ခရိုင် ပညာရေးမှူး ဒေါက်တာအေးအေးစမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး ကျောင်းကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက ကျောင်းဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းပြောကြားသည်။ "ကျွန်တော်တို့ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကို အခုပညာသင်နှစ်မှာ စပြီး ကျေးရွာပြည်သူများက ဆရာ ဆရာမများ ငှားရမ်းပြီး ဖွင့်လှစ်သင်ကြားတာဖြစ်ပါတယ်၊ ကျောင်းဆောင် အဆောက်အအုံကို ကျွန်တော်တို့ ရွှေစုကျေးရွာဆရာတော်နဲ့ ဆရာတော်များက မတည် လှူဒါန်းပြီး အလှူရှင်များနဲ့ ကျေးရွာမှပြည်သူများရဲ့အလှူငွေများနဲ့ စတင်ထူထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ကျောင်းကော်မတီဥက္ကဋ္ဌက ပြောသည်။

ရွှေစုကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကို မြေအကျယ်အဝန်း ၁ ဒသမ ဝ၈ ဧကပေါ်၌ ဖွင့်လှစ်ထားပြီး အလျား ပေ ၁၂၀၊ အကျယ် ပေ ၃၀ ရှိ စာသင်ဆောင်အဆောက်အအုံတွင် စာသင်ခန်း လေးခန်း၊ ကျောင်းရုံးခန်း တစ်ခန်း ပါဝင်ကာ ပေ ၂၀ ပတ်လည် KG သီးသန့် စာသင်ဆောင်တစ်ဆောင်လည်း ဆောက်လုပ်ထားသည်။ ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၆၆ ဦးရှိပြီး အငှား ဆရာ ဆရာမ ငါးဦးဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်း သန်လျင်၌ ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၈**

သန်လျင်မြို့နယ်အတွင်းမှ ကျေးလက်နေတောင်သူများအနေဖြင့် ခေတ်မီစက်ကိရိယာများကို အသုံးပြု၍ ဈေးကွက်ဝင်စိုက်ပျိုးသီးနှံများ ထုတ်လုပ်နိုင်ရန် ရည်ရွယ်လျက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း(၁/၂၀၁၉)ကို ဇူလိုင် ၈ ရက်က သန်လျင်မြို့ရှိ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၈) ထွန်စက်စခန်း၌ ဖွင့်လှစ်ခဲ့သည်။




သင်တန်းသားများအား စက်ကိရိယာများ လက်တွေ့ပြသ၍ သင်ကြားပို့ချနေစဉ်

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးကျော်ကျော်ဦးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ သန်လျင်မြို့နယ်အတွင်း ကျေးရွာများမှ တောင်သူ ၃၀ တက်ရောက်ပြီး သင်တန်းကာလ နှစ်ပတ်ကြာ စာတွေ့ လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သန်လျင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် တောင်သူများအဆင်ပြေစေရန်အတွက် လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းသည့် နည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသလို ကုမ္ပဏီများနှင့် ချိတ်ဆက်ပေး၍ လယ်ယာသုံးစက်ကိရိယာများကို တောင်သူများ အရစ်ကျဝယ်ယူနိုင်ကြရန်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# မြန်မာနှင့် အိန္ဒိယ ဆရာဝန်များ အစည်းအဝေးကျင်းပ

**မန္တလေး ဇူလိုင် ၈**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)နှင့် အိန္ဒိယဆရာဝန်အသင်း (မဏိပူရပြည်နယ်)တို့ ပူးပေါင်း၍ INDO-Myanmar Doctors' Scientific Meeting ကို ဇူလိုင် ၇ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) ရတနာပုံခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ နာယကဒေါက်တာယုယုမေ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး )ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်နှင့် အသင်းဝင်များ၊ အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာနေဝင်းနှင့် အဖွဲ့ဝင်များ၊ ဆေးတက္ကသိုလ်(မန္တလေး)ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာအေးအေးချစ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများနှင့် အိန္ဒိယဆရာဝန်အသင်း(မဏိပူရပြည်နယ်)မှ အသင်းဥက္ကဋ္ဌဦးဆောင်သည့် အဖွဲ့ဝင် ၂၂ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပါမောက္ခ ဒေါက်တာခင်မောင်မြင့်က အမှာစကားပြောကြားပြီး အိန္ဒိယဆရာဝန်အသင်း (မဏိပူရပြည်နယ်)ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် နှစ်နိုင်ငံမှ ဆရာဝန်များသည် အသင်းများ၏ ဆောင်ရွက်ချက်များ၊ အရှေ့တောင်အာရှဒေသ၏ မိခင်နှင့် ကလေးကျန်းမာရေး၊ သက်ငယ် လိင်ကိစ္စကျူးလွန်မှု ကာကွယ်ရေး၊ ပြည်ပနိုင်ငံများသို့ ဆေးဝါးကုသရန် သွားရောက်ခြင်း၊ နှစ်နိုင်ငံ ဆရာဝန်အသင်းများ ပူးပေါင်း၍ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ စသည်တို့နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**တင်မောင်**

# မင်းဘူး(စကု)မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲ ကျင်းပ

**မင်းဘူး ဇူလိုင် ၈**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မင်းဘူး(စကု) မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ကြီးမှူးပြီး မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၇ ရက်က မင်းဘူး(စကု)မြို့နယ် တဲကုန်းကျေးရွာ၌ ကျင်းပခဲ့ရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးဝင်းဘိုနှင့် တာဝန်ရှိသူများက ပျိုးပင်များကို ကျေးရွာနေပြည်သူများထံ ပေးအပ်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများက သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။ အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် တဲကုန်းကျေးရွာရှိ တစ်အိမ်ထောင်လျှင် ကျွန်းပင် သုံးပင်နှုန်းဖြင့် အိမ်ခြေ ၁၁၀ အတွက် ကျွန်းပျိုးပင် ၃၃၀၊ တစ်အိမ်ထောင်လျှင် သစ်မာပင် ၂၀ ဖြင့် ပျိုးပင် ၂၂၀၀ နှင့် ကျေးရွာရှိ ဘက်စုံသုံးစိုက်ခင်း တစ်ဧကအတွက် သစ်မာပင် ၆၀၀ စုစုပေါင်း ၃၁၃၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ မင်းဘူး(စကု) မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ယခုနှစ် ဇွန်လအတွင်းကလည်း မန်းကျိုးကျေးရွာအုပ်စု ထုံးမကြီးကျေးရွာ၌ အရိပ်ရပင်ပေါင်း ၁၁၁၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# မိတ္ထီလာမြို့နယ်၌ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၈**

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲကို ဇူလိုင် ၈ ရက်က မိတ္ထီလာမြို့ရှိ ခရိုင် ပြန်/ဆက်ရုံးရှေ့ မုခ်ဦး၌ ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မောင်သင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ ပညာရှင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးကျော်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ခင်းကျင်းပြသထားသည့် စာအုပ်စာပေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ခင်အိအိသန်းက "ဒေသခံ စာပေဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူများ အနေနဲ့ စာအုပ်စာပေများ ပိုမိုလေ့လာဖတ်ရှုနိုင်ရေး၊ အသိပညာဗဟုသုတများ ရရှိစေရေးနဲ့ စာအုပ်အမျိုးမျိုးကို တစ်နေရာတည်းမှာ ရွေးချယ်ဝယ်ယူနိုင်ဖို့ စာအုပ်စာပေပြပွဲနဲ့ စာအုပ်ဈေးရောင်းပွဲတော်ကို ကျင်းပခြင်းဖြစ်ပါတယ်၊ ဈေးရောင်းပွဲမှာ ရန်ကုန်မြို့နန်းတော်ဝင်စာပေနဲ့ မမာလာစာပေတိုက်တို့က စာအုပ်များကို ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်တိုင်တိုင် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသရောင်းချသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။



အဆိုပါ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်နှင့်အတူ လာရောက်သော ကျောင်းသား ကျောင်းသူ ကလေးငယ်များအတွက် အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံတူပန်းချီပြိုင်ပွဲ၊ ဟောပြောပွဲနှင့် ဂိမ်းကစားနည်းများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက်နေ ပြည်သူများအား သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မှုခင်းအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၆ ရက်က အဆိုပါရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ဒဂုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဇော်နီချစ်က ရပ်ကွက်နေပြည်သူများအား အသိပညာပေး ဟောပြောနေစဉ်။ (ဝ၆၄)

# ပုသိမ်တက္ကသိုလ်၌ အမျိုးသား အမျိုးသမီး စားပွဲတင်တင်းနစ် ပြိုင်ပွဲကျင်းပ

**ပုသိမ် ဇူလိုင် ၈**

ပုသိမ်တက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး စားပွဲတင်တင်းနစ် ပြိုင်ပွဲကို တက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ အားကစားခန်းမ၌ ဇူလိုင် ၈ ရက်က စတင်ကျင်းပခဲ့သည်။ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲတွင် ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးက အမှာစကားပြောကြားပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့သည်။ ပြိုင်ပွဲကို ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အမျိုးသားအသင်း ရှစ်သင်း၊ အမျိုးသမီးအသင်း သုံးသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ ပြိုင်ပွဲမှ ထူးချွန်သော ကျောင်းသားကျောင်းသူများကို ရွေးချယ်၍ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(၁၂၆)

# ကျွဲနွားများ တရားဝင်တင်ပို့ရောင်းချခွင့်ရရှိစေရန် တရုတ်၊ မြန်မာ နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်နေကြပြီ

**မြန်မာနိုင်ငံ၏ ကျွဲနွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် နိုင်ငံအတွင်းရှိ စီးပွားဖြစ်မွေးမြူရေးခြံများနှင့် တစ်ပိုင်တစ်နိုင်မွေးမြူထားသော ကျွဲနွားရှင်များအား ပြည်တွင်းစားသုံးမှုကို မထိခိုက်စေဘဲ တင်ပို့ခွင့်ပြုမည့် မူဝါဒ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြီး ပြည်ပသို့ တရားဝင်တင်ပို့ရောင်းချခွင့်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစ၍ စမ်းသပ်ကာလ တစ်နှစ်သတ်မှတ်ကာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်၍ ခွင့်ပြုပေးနေကြောင်း သိရသည်။**

ထိုသို့ တင်ပို့ရောင်းချခွင့်ပြုရာတွင် ကျွဲနွားအရင်းအမြစ်များ မပျောက်ပျက်စေရန် ထိန်းသိမ်းခြင်းနှင့် တိုးပွားလာစေရန်အတွက် အသက် ငါးနှစ်အထက် သင်းကွပ်ထားသည့် ကျွဲနွားများကိုသာ ကုမ္ပဏီများအနေဖြင့် တစ်ကြိမ်ရောင်းချခွင့်ကို အကောင် ၁၀၀ သတ်မှတ်ခွင့်ပြုပေးခြင်းဖြစ်ပြီး အဆိုပါ တင်ပို့ရောင်းချရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ယာယီစုဆောင်းရ မှတ်ပုံတင်လျှောက်ထားခြင်း၊ တိရစ္ဆာန်ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ်ရယူရန်နှင့် ကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက်များရယူရန် မူဝါဒသတ်မှတ်ချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။



မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာ မောင်မောင်

ကျွဲနွားများ တင်ပို့ရောင်းချမှုနှင့်ပတ်သက်၍ အသေးစိတ် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိရှိနိုင်ရန် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာမောင်မောင်နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ ။ တရုတ်နိုင်ငံကို ကျွဲ၊ နွားတွေ တင်ပို့ရောင်းချခွင့်ရရှိနိုင်ဖို့ ကုမ္ပဏီတွေအနေနဲ့ လုပ်ဆောင်ရမယ့် လုပ်ငန်းတွေကို သိချင်ပါတယ်ခင်ဗျာ။**

ဖြေ ။ ။ တရုတ်နိုင်ငံကို ကျွဲနွားတွေ တင်ပို့ရောင်းချနိုင်ဖို့အတွက် ကုမ္ပဏီတွေက ပထမဦးဆုံး ကျွဲနွားတွေကို ယာယီစုဆောင်းထားရှိဖို့အတွက် မိမိစုဆောင်းလိုတဲ့မြို့နယ်မှာ ခွင့်ပြုချက်ရယူဖို့လိုအပ်ပါတယ်။ ကျွဲနွား အကောင် ၁၀၀ စုဆောင်းဖို့ မြေအကျယ်အဝန်းက တစ်ဧက ရှိရမယ်၊ အစာရေစာပြည့်စုံရမယ်၊ အဆောက်အဦ ရှိရမယ်။ စုဆောင်းမယ့် မြေနေရာကလည်း လယ်ယာဥပဒေနဲ့ ညီညွတ်တယ်ဆိုရင် ယာယီစုဆောင်းရ မှတ်ပုံတင်ကို ထုတ်ပေးမှာဖြစ်ပါတယ်။ ဒါပြီးရင် ဒီကျွဲနွားတွေမှာ ရောဂါလေးမျိုးဖြစ်တဲ့ ခွာနာလျှာနာရောဂါ၊ ထောင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါနဲ့ လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများထိုးပေးပြီး ကျန်းမာသော ကျွဲနွားများဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးပါတယ်။ ဒီထောက်ခံချက်တွေရမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်ပို့ရောင်းချခွင့်ပြုတာဖြစ်ပါတယ်။ ဒီသတ်မှတ်ချက်တွေက ၂၀၁၇ ခုနှစ် စမ်းသပ်ကာလမှာ တင်ပို့ခွင့်ပြုတဲ့ မူဝါဒတွေဖြစ်ပါတယ်။ ဒီလိုမူဝါဒတွေနဲ့ တင်ပို့ခွင့်ပြုတာက ကျွန်တော်တို့နိုင်ငံတစ်ဖက်တည်းကပဲ တရားဝင်ခွင့်ပြုတဲ့သဘောဖြစ်ပြီး တရုတ်နိုင်ငံဘက်ကတော့ တရားဝင်ဝယ်ယူခြင်းမဟုတ်ပါဘူး။

**မေး ။ ။ လက်ရှိအခြေအနေမှာ တင်ပို့ခွင့်အတွက် ဘယ်လိုမူဝါဒ သတ်မှတ်ချက်တွေ ပြောင်းလဲထုတ်ပြန်ထားပါသလဲ။**

ဖြေ ။ ။ အရင် စမ်းသပ်ကာလမှာတော့ ကျွဲနွားတွေကို ဝယ်စုပြီး တင်ပို့ရောင်းချခွင့်ပြုခဲ့ပေမယ့် အခုပြောင်းလဲသတ်မှတ်ထားတဲ့ မူဝါဒမှာ ကျွဲနွားတွေကို ကိုယ်တိုင်မွေးရမယ်၊ မွေးဖက်ပေးစနစ် စီမံချက်တွေ တင်ပြပြီး စုဆောင်းခွင့်ကို လျှောက်ထားရပါမယ်။ လောလောဆယ်မှာတော့ တစ်ကြိမ်တင်ပို့ရောင်းချခွင့်ပြုမယ့် အကောင်အရေအတွက်ကို သတ်မှတ်ထားခြင်းမရှိသေးပါဘူး။ ပြောင်းလဲထုတ်ပြန်ထားတဲ့ မူဝါဒ ညွှန်ကြားချက်တွေကိုလည်း သက်ဆိုင်ရာကုမ္ပဏီတွေကို အသိပေး အကြောင်းကြားထားပြီးဖြစ်ပါတယ်။ ဒီလို သတ်မှတ်ချက်တွေ ပြောင်းလဲထုတ်ပြန်ရတာကလည်း စမ်းသပ်ကာလအတွင်းမှာ အခက်အခဲတွေ ၊ ဈေးနှိမ်တာတွေ ဖြစ်ပေါ်နေတဲ့အတွက် စမ်းသပ်ကာလတစ်နှစ်ပြည့်ပြီးနောက်မှာ တရုတ်နိုင်ငံရဲ့လိုလားချက်အတိုင်း ပြည့်မီပြီး တရားဝင်တင်ပို့ ရောင်းချနိုင်ဖို့အတွက် နှစ်နိုင်ငံတာဝန်ရှိသူတွေ အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ဘက်ကလည်း သူတို့လိုလားတဲ့ ကျန်းမာရေးကောင်းမွန်တဲ့ ကျွဲနွားတွေ တင်ပို့ရောင်းချနိုင်ဖို့အတွက် လိုအပ်မယ့်အစီအစဉ်တွေကို ချမှတ်တဲ့အနေနဲ့ အခုလို မူဝါဒတွေ ပြောင်းလဲဆောင်ရွက်ထားတဲ့အပြင် ကွတ်ခိုင်မြို့နယ်မှာလည်း တိရစ္ဆာန်စောင့်ကြည့်စစ်ဆေးရေးစင်တာ (Animal Quarantine Station) ကို ၂၀၁၉ ခုနှစ် ဧပြီ ၂၄ ရက်မှာ ဖွင့်လှစ်ပြီး ဇွန် ၁ ရက်မှာစပြီး ရောင်းချမယ့် ကျွဲနွားတွေရဲ့ကျန်းမာရေးကို ထပ်မံစစ်ဆေးမှုတွေကို ပြုလုပ်နေပါပြီ။

**မေး ။ ။ လက်ရှိအခြေအနေအရ မန္တလေးတိုင်းဒေသကြီးမှာ တရုတ်နိုင်ငံကို ကျွဲနွားတင်ပို့နေတဲ့ ကုမ္ပဏီ အရေအတွက်နဲ့ ခွင့်ပြုချက်ဖြင့် တင်ပို့ရောင်းချခဲ့တဲ့ ကျွဲနွားကောင်ရေစာရင်းအခြေအနေရယ်၊ ပြောင်းလဲထုတ်ပြန်လိုက်တဲ့ တင်ပို့ခွင့်ဆိုင်ရာ မူဝါဒနဲ့အညီ လာရောက်လျှောက်ထားမှုအခြေအနေကိုလည်း သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးမှာ ကျွဲနွားတင်ပို့တဲ့ ကုမ္ပဏီပေါင်း ၁၀၀ ကျော်ရှိပါတယ်။ လက်ရှိခွင့်ပြုချက်နဲ့ တင်ပို့ရောင်းချပြီးတဲ့ ကျွဲနွားကောင်ရေစာရင်းကတော့ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁ ရက်ကနေ ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်အထိ ကောင်ရေ ၄၁၆၀၀ ကို တင်ပို့ရောင်းချခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ အခုပြောင်းလဲထုတ်ပြန်ထားတဲ့ မူဝါဒနဲ့အညီ တင်ပို့ရောင်းချခွင့် လာရောက်လျှောက်ထားကြတဲ့ ကုမ္ပဏီတွေစာရင်းက ယနေ့အထိ လုံးဝမရှိသေးပါဘူး။ ယခု တင်ပို့နေကြတဲ့ ကျွဲနွားတွေကလည်း ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ မရှိပေမယ့် အချို့တိုင်းဒေသကြီးတွေမှာ အရင်မူဝါဒအဟောင်းနဲ့ ခွင့်ပြုချက်ရရှိပြီး စုဆောင်းထားကြတဲ့ လက်ကျန်ကျွဲနွားတွေဖြစ်နိုင်ပါတယ်။ ဒီလိုကျွဲနွားတွေကို ပြည်ပကို တင်ပို့ရောင်းချတဲ့အခါမှာလည်း ပြည်တွင်းမှာ လက်ရှိအကောင်ရေစာရင်းနဲ့ စားသုံးမှု ဖူလုံပြီးမှသာ တင်ပို့ရောင်းချခွင့်ပြုမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ဌာနအနေနဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းက ကျွဲနွားကောင်ရေစာရင်းတွေနဲ့ စားသုံးမှုအခြေအနေကို သိရှိစေဖို့ စစ်တမ်းတွေ ကောက်ယူနေပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလက ကောက်ယူထားတဲ့ စစ်တမ်းတွေအရ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ ကျွဲနွားအကောင်ရေ ၁၄ သိန်းကျော် ရှိပါတယ်။ လက်ရှိအခြေအနေမှာလည်း တရားဝင်တင်ပို့ရောင်းချနိုင်အောင် နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုတွေ အကြိမ်ကြိမ် သွားရောက်လုပ်ဆောင်ခဲ့တဲ့နေရာမှာ တစ်ဖက်က လိုလားချက်တော်တော်များများကို သဘောတူညီမှုတွေ ရရှိထားပြီဖြစ်တဲ့အတွက် မကြာခင်မှာ နှစ်နိုင်ငံ သဘောတူစာချုပ် MoU လက်မှတ်ရေးထိုးနိုင်တော့မှာ ဖြစ်ပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ကျေးလက်ဒေသ၌ တစ်ပိုင်တစ်နိုင်မွေးမြူထားသော နွားများကို တွေ့ရစဉ်။

# တပ်ကုန်းမြို့၌ သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်နှိမ်နင်းဆေးဖျန်း

**နေပြည်တော် ဇူလိုင် ၈**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ တပ်ကုန်းမြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လင်းထက်နှင့် အဖွဲ့ဝင်များသည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ခြင်ပေါက်ပွားစေသည့်အန္တရာယ်များမှ ကာကွယ်ရန် ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇူလိုင်လ ပထမရက်သတ္တပတ်အတွင်း ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

ယင်းသို့ဆောင်ရွက်ရာတွင် ဆရာစံရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းခွဲ(၁)၊ ဗိုလ်မင်းရောင်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ မြဝတီရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ အောင်ဇေယျရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာ မူလတန်းကျောင်း၊ ဘုရင့်နောင်ရပ်ကွက်ရှိ ပိန်တောအခြေခံပညာအလယ်တန်းကျောင်းခွဲ၊ အနော်ရထာရပ်ကွက်ရှိ ရွာသစ်အခြေခံပညာ အလယ်တန်းကျောင်း စုစုပေါင်း မြို့ပေါ်ခြောက်ရပ်ကွက်မှ ကျောင်း ၁၀ ကျောင်းရှိ စာသင်ခန်းများ၊ ရေလောင်းအိမ်သာများပါ ဆေးများပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**



# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တောင်ကုတ်မြို့တွင် ၆ ဒသမ ၆၅ လက်မ၊ ကျောက်တော်မြို့တွင် ၅ ဒသမ ၇၁ လက်မ၊ အမ်းမြို့တွင် ၅ ဒသမ ၅၅ လက်မ၊ မြောက်ဦးမြို့တွင် ၅ ဒသမ ၃၅ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၇၁ လက်မ၊ ဥက္ကံမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ မောင်တောမြို့ တောင်ပြု(လေကြောင်းမိုးလေဝသ)နှင့် ရေးမြို့တို့တွင် ၃ ဒသမ ၁၉ လက်မစီ၊ မဒေါက်မြို့တွင် ၃ ဒသမ ၉၅ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ဖြူးမြို့တွင် ၂ ဒသမ ၆၇ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ မတူပီမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၂ ဒသမ ၃၈ လက်မနှင့် တောင်တွင်းကြီးမြို့တွင် ၂ ဒသမ ၃၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉)ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပြန့်ပွားလျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မိမိနိုင်ငံရှိ ဝက်ခြံများကိုလည်းအာဖရိကဝက်အပြင်းဖျားရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်းမရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ကျန်ကျွေးခြင်း မပြုလုပ်ရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရန်၊

(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊ ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ဇ) ပြည်ပမှ တရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဈ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ည) တောဝက်နှင့် အိမ်မွေးဝက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဋ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းကြည် (ရေနံချောင်းမြို့) အသက်(၉၁)နှစ်

ရေနံချောင်းမြို့နေ (ဦးထွန်းလှိုင်-ဒေါ်ခင်ကြီး)တို့၏သမီး၊ (ဦးချို-ဒေါ်ညင်မ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ခိုင်သဇင် ၁လမ်း၊ (၁၉)ရပ်ကွက်၊ အမှတ် ၄၀၈နေ (ဦးလှဖေသန်း)၏ဇနီး၊ ဦးဝင်းမောင်(ဒုရဲမှူး၊ ငြိမ်း)-ဒေါ်နုနုခင်၊ ဦးသံချောင်း-ဒေါ်ခင်အေးမူ(မူ/အုပ်၊ ငြိမ်း)၊ ဦးထင်ကျော်ကျော်(မန်နေဂျာ၊ ပစ္စည်းစီမံ၊ ငြိမ်း)-ဒေါ်ညိုညိုငွေး(မန်နေဂျာ၊ ဘဏ္ဍာရေး၊ ချောက်ရေနံ-ငြိမ်း)၊ဦးသက်ဦး(Consultant , ASIA SCHUH INC)-ဒေါ်သန်းသန်းအေး၊ ဦးမြင့်စိုး(General Sales Manager , Virginia Tobacco Co.,Ltd)-ဒေါ်လှစန်း၊ ဦးတင်ထွန်းအောင်(ဒုတိယညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)-ဒေါ်အေးအေးခိုင်တို့၏ မိခင်၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့)မွန်းလွဲ ၁း၄၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၁၄-၇-၂၀၁၉ရက်(တနင်္ဂနွေ)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းကြည် (ရေနံချောင်းမြို့) အသက်(၉၁)နှစ်

နေပြည်တော်နေ ဗိုလ်ကြီးသန့်ဇော်လှိုင်(မန်နေဂျာ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါက်တာသန်းသန်းစိုး(လ/ထညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ကိုထွန်းထွန်းစိုး(HR Manager ,BJY Co.,Ltd)-မငြိမ်းအိဖြူ(Project Manager,GNM Co.,Ltd)၊ ကိုယုဇင်(ကျန်းမာရေးမှူး)-မသီရိအောင်(ကျန်းမာရေးမှူး၊ ကျွန်းကလေး၊ လှည်းကူး)၊ ကိုသော်လွင်ထက်၊ ကိုဟိန်းနိုင်ထက်၊ ကိုရဲရင့်အောင်၊ မခင်နှင္သာ၊ ကိုဟန်နောင်ထူး၊ မတင်ဇာအောင်၊ မောင်အုပ်စိုးမာန်၊ မောင်သာဦးစျာန်၊မောင်သုတဉာဏ်၊ မောင်ထက်ဦးယံတို့၏အဘွား၊ မောင်စိုင်းဟန်ဘုန်းဇင်၊ မောင်ကောင်းခန့်သာတို့၏ဘွားဘွားကြီးသည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့)မွန်းလွဲ ၁း၄၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၁၄-၇-၂၀၁၉ရက်(တနင်္ဂနွေ)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

**ကျန်ရစ်သူမြေးတစ်စု**

## ဗိုလ်ကြီးညွှန့်မောင် (ငြိမ်း)

ကပစ(၆)

အသက်(၈၀)

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၈)ရပ်ကွက်၊ ကင်းဝန်လမ်း၊ အမှတ်(၃၀၁)နေ (ဦးညီ-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးကံထူး-ဒေါ်သန်းရီ)တို့၏သားသမက်၊ ဒေါ်စန်းမြင့်(ကစလ-ငြိမ်း) ၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးသိန်း၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးလှအေး၊ဒေါ်မြင့်မြင့်ရီ၊ ဗိုလ်ကြီးစိုးကြည်(ငြိမ်း)၊(ဒေါ်လှလှငွေး)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ (ဦးမိုးကျော်သွင်)-ဒေါ်ခင်စန်း ဦး၊ (ဦးဇော်မိုးဦး)-ဒေါ်ချိုချိုမာတို့၏ဖခင်၊ ကိုဟိန်းစံ၊ ကိုဖြိုးစံ၊ ကိုသိန်းနိုင်ဦး၊ မသင်းမြတ်နိုးတို့၏အဘိုးသည် ၈-၇-၂၀၁၉ရက် နံနက် ၁၁း၁၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးအောင်သိန်း

## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်း၊ အမှတ် ၁၀၉နေ (ဦးချစ်ဖူး-ဒေါ်ပန်းမြ)တို့၏သား၊ (ဦးမောင်ကြီး-ဒေါ်အမာ)တို့၏သားသမက်၊ ဒေါ်သန်းသန်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးညွှန့်မြိုင်)-ဒေါ်ခင်သန်း၊ ဦးမြမောင်-ဒေါ်စိန်စိန်မြင့်၊ ဦးရွှေလှ-ဒေါ်ရွှေမိ၊ ဦးသောင်း-ဒေါ်သန်းသန်းငွေးတို့၏ ညီ/မောင်၊ ဦးအာဝါး-ဒေါ်စန်းစန်းမော်၊ ဦးနိုင်ဦး-ဒေါ်အေးအေးစန်း၊ ဦးသန်းဦး-ဒေါ်စန်းမြတို့၏အစ်ကို၊ ဦးသြဘာသဓမ္မာစရိယ(ခေတ္တ-USA)၏ ဖခမည်းတော် ရဟန်းဒါယကာကြီး၊ ကိုဇင်မင်းအောင်-မလင်းလင်းထက်၊ မကြူကြူအောင်၊ ကိုသန့်ဇော်-မဆွေဆွေသန်း၊ ကိုအောင်ကိုလွင်-မသူဇာအောင်(ခ)မိပုံ၊ မောင်ရဲကိုအောင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ တူ၊တူမ ၂၄ယောက်တို့၏ ဦးလေးသည် ၈-၇-၂၀၁၉ ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၂၅ နာရီတွင် ကွယ်ကဘော ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်၏သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားခြင်း

## ဒေါ်စန်းစန်းတင်

အလယ်တန်းပြဆရာမ(ငြိမ်း)၊ အထက-၂၊ လမ်းမတော်

(တွံတေးမြို့)

အသက်(၆၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် ၈၇နေ (ဦးချစ်ဝင်း)-ဒေါ်မြမြတို့၏သမီးသည် ၆-၇-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၉ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်တင်တင်ဝေ(ခ)ဒေါ်နီနီ

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်ပိတောက်မြိုင်လမ်း၊ အမှတ် ၁၀၇၅နေ (ဦးကိုကို-ဒေါ်ခင်ခင်)တို့၏သမီး၊ (ဦးလှနွယ်-ဒေါ်ခင်မြ)တို့၏သမီးချွေးမ၊ ရာသက်ပန်အသင်းဝင် ဦးအေးဝင်း(လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း၊ သစ်ထုတ်လုပ်ရေးဌာန၊ မြန်မာ့သစ်လုပ်ငန်း)၏ ချစ်လှစွာသောဇနီးသည် ၇-၇-၂၀၁၉ရက် ညနေ ၃း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူအသင်းသားများအား လိုက်ပါပို့ဆောင်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ခွာပါမည်။)

**အမှုဆောင်အဖွဲ့**

## ဦးလှမင်း

(စံသစ်)အကျိုးဆောင်လုပ်ငန်း

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ(၂)လမ်း၊ ၅၈(B၊ လေးလွှာ)နေ (ဦးဖိုးမြ-ဒေါ်အေးလှ)တို့၏သား၊ စာရေးဆရာကြီး (ဦးတင့်ဆန်း-ဒေါ်ခင်စိန်) တို့၏သားသမက်၊ ဦးလှအေး-ဒေါ်မရေ၊ ဦးလှဝင်းတို့၏ညီ/မောင်၊ ဒေါ်အေးမြတ်မွန် (ကျောင်းအုပ်ကြီးကိုကိုးကျွန်း-အထက)၏အစ်ကို၊ ဒေါ်မြတ်သူ(လယ်ပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးထွန်းအောင်-ဒေါ်နွေးနွေးအိတို့၏ဦးလေး၊ ကိုကျော်ထွန်း(Galaxy Language Centre)-မသူဇာလှိုင်(DELCO.,LTD)-(မောင်စိုးသူမောင်)တို့၏ ချစ်လှစွာသောဖခင်၊ မောင်အောင်ဘုန်းကျော်၊ မအလင်းပွင့်တို့၏အဘိုးသည် ၇-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့)တွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## ဦးမောင်မောင်ဇင်

(ပုလော/မန္တလေး)

**BE. Mechanical(1983)R.I.T**

စက်မှုလက်ယာ(ငြိမ်း)

အသက်(၆၁)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၂×၂၃လမ်း၊ ၈၇×၈၈လမ်းကြား၊ ထွန်းတောက်ကျော်တိုက်ခန်း၊ အမှတ် A(2)နေ ဒေါ်ခင်ခင်စီ(လယ်/ပြ၊ ငြိမ်း)၏ခင်ပွန်း၊ မသူသူထက်ဇင်၊ မဖူးပွင့်ခိုင်ဇင်(History,COE,MU)တို့၏ဖခင်၊ ဗိုလ်မှူးလှမောင်အေး(ငြိမ်း)-ဒေါ်မြမြရီ(စာရင်းစစ်၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)၏မောင်သည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့)နံနက် ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်တင်နုရီ

**(Asia World Co.,Ltd)**

အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ တိုက် ၄၃၊ အခန်း ၃၀၁နေ (ဦးတင်မျိုးလှိုင်)Asia World Co.,Ltd -ဒေါ်သန်း သန်းငွေးတို့၏သမီး၊ ဦးညဏ်ဟိန်းထွဋ် (မန်းချယ်ရီ Co., Ltd )-ဒေါက်တာစန္ဒီမြဝင်း၊ ဦးမင်းဆွေ(ရွှေပုဒ္ဒမာပွင့် Co.,Ltd )၊ ကိုသောင်းထိုက်သူ၊ ကိုကျော်ငွေးလှိုင် (Shwe Than Lwin Media Co.,Ltd)တို့၏အစ်မ၊ မဆုသဲဦး၏ အဒေါ်သည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) နံနက်၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဆရာမကြီး ဒေါ်မြသန်း(ခ)ဒေါ်အမာ (မော်လမြိုင်)

လူထုပညာရေးမှူး အပတ်စဉ်(၂)ဘီလူးကျွန်း

အလက(၂)မော်လမြိုင်(ကွင်းကျောင်း)

ကုက္ကိုင်း အမက၊ အထက(၄)တောင်ဥက္ကလာ

အသက်(၉၈)နှစ်

မော်လမြိုင်မြို့၊ မောင်ငံရပ်နေ (ဦးဖိုးသင်-ဒေါ်နှင်းရင်)တို့၏သမီး၊ ဦးစစ်အိုင်(တပ်မတော် -လေ၊ ငြိမ်း)၊ဒေါ်သန်းသန်း၊ (ဦးလှထွန်း)-ဒေါ်နုနု၊ ဦးသန်းရွှေ(ကပရ)ငြိမ်း-ဒေါ်ခင်ဝေကြည် (အလက-၃၊ ဗဟန်းကျောင်းအုပ်၊ ငြိမ်း)၊ (ကိုမြတ်စိုး)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၇-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့) ည ၆း၄၂နာရီတွင် အမှတ် ၃၈၈၊ သူရလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၇-၂၀၁၉ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဒေါ်အေးကြည် (ဒလ) အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၄၉လမ်း၊ အမှတ် ၇၈(လေးလွှာ)နေ (ဦးဘိုးလူ-ဒေါ်ဖွားကင်း)တို့၏သမီး၊ [ဦးရှိန်တတ်(ခ)ဦးတတ်]၏ဇနီး၊ ဦးကျော်လွင်-ဒေါ်မာမာချို၊ ဦးဝင်းလွင်-ဒေါ်နုနုအေး(ပုသိမ်)၊ ဒေါက်တာဝင်းတင်-ဒေါက်တာ ခင်စောထွေး၊ ဒေါ်အေးအေးသင်းတို့၏မိခင်သည် ၇-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့)ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဒေါ်အေးကြည် (ဒလ) အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၄၉လမ်း၊ အမှတ် ၇၈(လေးလွှာ)နေ(ဦးဘိုးလူ-ဒေါ်ဖွားကင်း)တို့၏သမီး၊[ဦးရှိန်တတ်(ခ)ဦးတတ်]၏ဇနီး၊ ဦးမျိုးသက်လွင်(လက်ထောက်ကထိက၊ သမိုင်းဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဒေါ်မြတ်မြတ်သော်(စက်မှုစစ်ဆေးရေး၊ ပုသိမ်)၊ ဦးဇာနည်လွင်-ဒေါ်ရည်မွန်ထက်(စင်္ကာပူ)၊ ဒေါက်တာဝင်းသန်းနိုင်-ဒေါက်တာရည်မွန်တင်၊ ဒေါက်တာဉာဏ်လင်းစိုး-ဒေါက်တာခိုင်သဥ္ဇာတင်၊ ဒေါက်တာသက်မှူးတင်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၇-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့)ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဦးလှထွန်း[လ/ထ အင်/ယာ၊ ဆ·သ·ရ (ငြိမ်း)]

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ရာဇာဓိရာဇ်အိမ်ရာ၊ အမှတ်၂၇၃/၂၇၅၊ C-3နေ (ဦးချစ်အုန်း-ဒေါ်လှဝင်း)တို့၏သား၊ (ဦးစိန်အောင်-ဒေါ်တင်မကြီး)တို့၏သားသမက်၊ ဒေါ်ဆန်းမြင့်ဦး(ကြီး/မှူး၊ ငြိမ်း၊ စာတိုက်) ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာထွန်းထွန်းဦး(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး)- ဒေါက်တာခင်ချိုသင်း(ညွှန်ကြားရေးမှူး၊ ပညာရေးဝန်ကြီးဌာန)၊ ဦးအောင်ဖြိုးဇော်(Golden Eagle Co.,Ltd)-ဒေါ်မြတ်အိမွန် (မန်နေဂျာ-AYA Bank)၊ ဒေါ်မြတ်အိမော်(မန်နေဂျာ၊ AYA Myanmar Insurance)တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်ခင်ခင်ဆွေ၊ ဦးဆန်းထွန်းအောင်၊ ဦးလှမျိုးအောင်၊ ဒေါ်မာမာဝင်း၊ ဦးဝင်းနိုင်၊ ဦးဇော်ဝင်းထွန်းတို့၏အစ်ကို၊ မြေးနှစ်ယောက်၏ဘိုးဘိုးကြီးသည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်ဝေ(ခ)ဒေါ်နီနီ

(နတ်တလင်း)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ် ၁၀၇၅နေ (ဦး ကိုကို-ဒေါ်ခင်ခင်)တို့၏သမီး၊ (ဦးလှနွယ်-ဒေါ်ခင်မြ)တို့၏သမီးချွေးမ၊ ဦးအေးဝင်း(လ/ထ အထွေထွေမန်နေဂျာ၊ ငြိမ်း၊ သစ်ထုတ်ရေးဌာန၊ မြန်မာ့သစ်လုပ်ငန်း)၏ချစ်လှစွာသောဇနီး၊ ကိုလင်းကျော်ထွန်း-မမေမြတ်ဖြူ၊ မဆုရည်မွန်(Singapore)၊ ကိုပြည့်ဖြိုးအောင်၊ ကိုရောင်ခြည်ငြိမ်းချမ်း-မဆုရည်လှိုင်(USA)၊ မောင်ဝင်းမင်းဖြိုးတို့၏ချစ်လှစွာသောမိခင်၊ မောင်လင်းထက်ကျော်(1st year Chemical Engineering,YTU)၊ မထက်ထက်သဒ္ဒါ(G-7, I, TTC)တို့၏အဘွားသည် ၇-၇-၂၀၁၉ရက် ညနေ ၃း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါ သည်။]

**ကျန်ရစ်သူမိသားစု**

## ဒေါ်မူမူ အသက်(၆၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နေ (ဦးသန်းတင်-ဒေါ်မြနှင်း)တို့၏သမီး၊ ဟသ်ာတမြို့နေ ဦးတင်ထွန်း(စနေညီနောင်ပွဲရုံ)၏ဇနီး၊ မော်လမြိုင်မြို့နေ ဦးမြင့်သန်းဝင်း (ညွှန်ကြားရေးမှူး၊ အစိုးရအဖွဲ့ရုံး)-ဒေါ်ခတ္တာထွန်း၊ ဦးရဲသွေးဦး၊ ဒေါ်နွယ်နီထွန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း)၊ ဦးပြေငြိမ်းချမ်း-ဒေါ်ဖွန့်ဖွန့်ထွန်း(KBZ-Bank)၊ ဒေါ်သပြေထွန်း(KBZ-Bank)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဗဟိုစည်အိမ်ရာမှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၁၄-၇-၂၀၁၉ရက်(တနင်္ဂနွေ) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဗဟိုစည်အိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဒေါ်စိန်စိန်

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်၂၇၀၊ အခန်း ၆နေ (ဦးထွန်းတင်-ဒေါ်ထွေးစိန်)တို့၏သမီး၊ (ဦးမြင့်ဦး)၏ဇနီး၊ ဦးမောင်မောင်ကြည်-ဒေါ်ထားကြည်တို့၏ညီမ၊ ဒေါ်ခင်ခင်မျိုး၏အစ်မ၊ ဦးဝင်းနိုင်ဦး(BBC-LONDON)-ဒေါ်အေးအေးမော်၊ ဦးဝင်းဇော်ဦး-(ဒေါ်ယဉ်ယဉ်ထွန်း)၊ ဒေါက်တာသဇင်ဦးတို့၏မိခင်၊ ဦးမောင်မောင်မြင့်၊ ဦးမြင့်နိုင်-ဒေါ်မြင့်တို့၏အဒေါ်၊ မောင်ဝေလင်း၊ မကြည်လဲ့ရွှန်းတို့၏အဘွားသည် ၇-၇-၂၀၁၉ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ခင်ချို

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရပ်ခြံ(၂)လမ်း၊ အမှတ်(၃၃၈/က)နေ (ဦးသိန်းအောင်-ဒေါ်သန်းတင်) တို့၏သမီး၊ (ဦးထွန်းတင်-ဒေါ်သိန်းလှ)တို့၏သမီးချွေးမ၊ ဦးမောင်မောင်ညွှန့်-ဒေါ်နှင်းယဉ် ဦးသန်းဦး-ဒေါ်ခင်ပြုံးကြည်တို့၏အစ်မ၊ ဦးထွန်းဇော်မိုး-ဒေါ်ခင်မျိုးမြင့်(ကိုဇင်ဘို-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဒေါ်ခင်သန်းစိုး၊ (ဦးတိုးတိုးအောင်)၊ ဦးစန်းနိုင်-ဒေါ်မိုးမိုးအောင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ တူ၊ တူမ သုံးယောက်တို့၏အဒေါ်၊ (ဦးမင်းအောင်)၊ ဦးသောင်းဆွေ၏ဇနီးသည် ၇-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၆း၁၀နာရီတွင် ကွယ်ကဘောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၉ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## Capt:ဇော်မဏိ

**Master Marina (F.G), (J.S.M Company)**

(ပုလဲနှင့်ငါးလုပ်ငန်း)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိလမ်း၊ သီရိလမ်းသွယ်၊ အမှတ် ၁၃၀နေ (ဦးကိုကိုကြီး-ဒေါ်မြသိန်း)တို့၏သား၊ (ဗိုလ်မှူးမြညိမ်း-ဒေါ်ထူးမေ)တို့၏သားသမက်၊ ဦးကျော်စွာဝင့်-ဒေါ်ရီရီလွင်တို့၏ညီ၊ ဦးဝင်းမဏိ-ဒေါ်သန်းသန်းဦး၊ ဦးချစ်ကိုကို-ဒေါ်မိုးနွယ်၊ ဒေါ်ယဉ်ယဉ်ထွေး(ငြိမ်း၊ ဌာနခွဲမှူး၊ မြို့တော်စည်ပင်)တို့၏အစ်ကို၊ ဦးပြည့်ဖြိုး ဦး[Oiler M.V Mercury Ocean (KCK Co:)]-ဒေါ်မေမွန်ချစ်၊ ဦးဖုန်းပြည့်ဦးတို့၏ဖခင်၊ မချစ်မြတ်နိုးဦး၏အဘိုး၊ ဒေါ်ခင်ငြိမ်းနွယ်(မြန်မာ့ရေလုပ်ငန်း)၏ချစ်လှစွာသောခင်ပွန်းသည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဗိုလ်ကြီးတင်မောင်ဇော် (တပ်မတော်လေ-ငြိမ်း)

**B.E Mechanical (79 Batch),OTS (61)**

**ARCTIC Engineering Co.,Ltd**

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းတနော်လမ်း၊ အမှတ်၃၁(ပထမထပ်)နေ (ဦးအေးကြူ)-ဒေါ်ခင်ရီတို့၏သား၊ ဒေါ်ဝင်းနွဲ့ကြိုင်(အလပြ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးတင်မင်းထက်)၊ ဦးတင်မင်းဆက်(မန်းရတနာပုံလေကြောင်း)-မခင်မျိုးဆွေတို့၏ဖခင်၊ မောင်လုံလုံး၊ မဆုံဆုံတို့၏ဘိုးဘိုးသည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဗိုလ်ကြီးတင်မောင်ဇော် (တပ်မတော်လေ-ငြိမ်း)

**B.E Mechanical (79 Batch),OTS (61)**

**ARCTIC Engineering Co.,Ltd**

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းတနော်လမ်း၊ အမှတ် ၃၁(ပထမထပ်)နေ (ဦးအေးကြူ)-ဒေါ်ခင်ရီတို့၏သား၊ ဟသ်ာတမြို့ သုံးပင်ကွင်းအလယ်လမ်းနေ ဦးသန့်ဇင်လင်း-ဒေါ်သန်းသန်းအေး၊ ဒေါက်တာတင်လေးလွင်(ပခုက္ကူတက္ကသိုလ်)၊ ဒေါ်ဇင်လေးလွင်၊ (ဦးမျိုးသန့်)တို့၏အစ်ကိုသည် ၈-၇-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

ပုလောမြို့နယ်အသင်း(ရန်ကုန်)၊ (ပုလော/မန္တလေး)၊ အသင်းဝင်အမှတ်-၃၆၂

## ဦးမောင်မောင်ဇင် အသက်(၆၁)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၂x၂၃လမ်း၊ ၈၇-၈၈လမ်းကြား၊ ထွန်းတောက်ကျော်တိုက်ခန်း၊ အမှတ် A(2)နေ ဒေါ်ခင် ခင်စီ(လယ်/ပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဗိုလ်မှူးလှမောင်အေး(ငြိမ်း)-ဒေါ်မြမြရီ(စာရင်းစစ်၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)၏မောင်သည် ၈-၇-၂၀၁၉ရက်(တနင်္လာနေ့)နံနက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

**အမှုဆောင်အဖွဲ့**


## မောင်ဟိဏ်းထွဋ်ဝင့်ကောင်း

**Grade-8**၊ အထက(၂)ကမာရွတ်

အသက်(၁၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ် ၄၁နေ ဦးသက်လင်းဝင့်ကောင်း(ဒါရိုက်တာ-REAL POWER Co.,Ltd)-ဒေါ်သင်းသင်းခိုင်တို့၏ချစ်လှစွာသော တစ်ဦးတည်းသောသား၊ ဦးစိန်ဟိုး-(ဒေါ်ငွေကျင်) ၊ (ဦးကောင်းမြင့်)-ဒေါ်ခင်မာမာ (တရားလွှတ်တော်ရှေ့နေ)တို့၏မြေးသည် ၇-၇-၂၀၁၉ရက် ည ၇း၅၆နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၉ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။ (မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ် ၄၁ နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

# ဗီယက်နမ်အပျော်တမ်း အမျိုးသားဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြည့်ဖြိုးသူ ချန်ပီယံဆုရရှိ



(၁၅) ကြိမ်မြောက် ဗီယက်နမ် အပျော်တမ်းအမျိုးသား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် ပြည့်ဖြိုးသူ။

ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်

**ရန်ကုန်  ဇူလိုင် ၈**

ဗီယက်နမ်နိုင်ငံ၌ ဇူလိုင် ၄ ရက်မှ ၇ ရက်အထိ ကျင်းပသည့် ဗီယက်နမ် အပျော်တမ်းအမျိုးသား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်ကစားသမား ပြည့်ဖြိုးသူသည် ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။

(၁၅) ကြိမ်မြောက် ဗီယက်နမ် အပျော်တမ်း အမျိုးသားဂေါက်သီးရိုက်ပြိုင်ပွဲနှင့်အတူ (၈)ကြိမ်မြောက် ဗီယက်နမ် အပျော်တမ်းအမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲကိုပါ ကျင်းပခဲ့ပြီး မြန်မာဂေါက်သီးရိုက်အဖွဲ့သည် အမျိုးသားလေးဦး၊ အမျိုးသမီးနှစ်ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကာ ချန်ပီယံ တစ်ဆု၊ ဒုတိယဆု နှစ်ဆုနှင့် တတိယဆုတစ်ဆု ရရှိခဲ့ခြင်းဖြစ်သည်။

(၁၅) ကြိမ်မြောက် ဗီယက်နမ် အပျော်တမ်း အမျိုးသား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြည့်ဖြိုးသူက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ ချန်ပီယံဆုရခဲ့ပြီး လှိုင်မင်းထက်က ဒုတိယ၊ သီဟမျိုးဆက် က တတိယဆု ရခဲ့သည်။ မြန်မာ အမျိုးသားဂေါက်သီးရိုက်ကစား သမားများအနက် ပြည့်ဖြိုးသူ၊ လှိုင်မင်းထက်နှင့် သီဟမျိုးဆက်တို့မှာ ပြိုင်ဘက်နိုင်ငံများမှ ကစားသမား များကို ကျော်ဖြတ်ကာ ထိပ်ဆုံးသုံးဦးနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ရာဇာအောင်မှာမူ အဆင့် (၉) နေရာတွင်ရပ်တည်ခဲ့သည်။ (၈)ကြိမ်မြောက် ဗီယက်နမ် အပျော်တမ်း အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲတွင်မူ မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အားကစားမယ် ဖူးပွင့်ရတီခိုင်သည် ဒုတိယဆုရခဲ့ပြီး သင်းဝေခိုင်မှာမူ အဆင့် (၆)နေရာဖြင့် ကျေနပ်ခဲ့ရသည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ် အပါအဝင် အရှေ့တောင်အာရှနှင့် အာရှနိုင်ငံများမှ ဂေါက်သီးရိုက် ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာကစားသမားများမှာ လက်စွမ်းပြကာ အောင်မြင်မှုရခဲ့ခြင်း ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❍

မြို့နယ်များ၌ သဘာဝဘေးဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

စာ - ၁၂

ကျောက်မဲ၌ စကားများရန်ဖြစ်ရာမှ မီးရှို့၍ ကေတီဗွီဆိုင် မီးလောင်မှုဖြစ်

စာ - ၁၃

ကုန်သွယ်ရေးစစ်ပွဲမှာ ဘယ်သူတွေ အကျိုးအမြတ်ရှိနေသလဲ

စာ - ၁၅

# မြန်မာ ယူ-၁၈ အသင်း ဂျပန်နိုင်ငံသို့ သွားရောက်လေ့ကျင့်မည်

**ရန်ကုန်  ဇူလိုင် ၈**

၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၈ အသင်းသည် ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအဖြစ် ဂျပန်နိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းသည် ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ကလပ်အသင်း၊ တက္ကသိုလ်အသင်းများနှင့် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းသည် ဇူလိုင် ၁၆ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာမည်ဖြစ်ပြီး ဇူလိုင် ၁၇ ရက်တွင် ဂျပန်နိုင်ငံ၌ စတင်လေ့ကျင့်ကာ ပထမဆုံး ခြေစမ်းပွဲအဖြစ် ဇူလိုင် ၁၈ ရက်တွင် ဆီရီဇိုအိုဆာကာ ယူ-၁၈ အသင်းနှင့် စတင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် နောက်ထပ်ခြေစမ်းပွဲများအဖြစ် ဇူလိုင် ၂၁ ရက်တွင် အိုဆာကာဆန်ဂျိုတက္ကသိုလ်အသင်း၊ ဇူလိုင် ၂၄ ရက်တွင် ဟာနန်တက္ကသိုလ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဂျပန်ခရီးစဉ်အတွက် ကစားသမား ၂၅ ဦးခေါ်ဆောင်သွားမည်ဖြစ်ပြီး လက်ရှိရွေးချယ်ထားသည့် ကစားသမား ၂၈ ဦးအနက် သုံးဦး လျှော့ချရမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဩဂုတ်လတွင်ကျင်းပမည့် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် အချိန်ယူပြင်ဆင်လျက်ရှိပြီး ဇန်နဝါရီလကတည်းက ပြင်ဆင်လျက်ရှိသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်နေပြီး ပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်ရန် ဂျပန်နိုင်ငံသို့ သွားရောက်ခြင်းဖြစ်သည်။

၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၈ အသင်းတွင် **နည်းပြချုပ်** ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ**-ဦးမင်းမင်းထွန်း၊ **ဂိုးနည်းပြ**-ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုးသမား**-ပြည့်ဖြိုးသူ၊ နေလင်းထက်၊ စောထက်၊ **နောက်တန်း**-ဉာဏ်လင်းထက်၊ ဝေယံစိုး၊ သက်ဟိန်းစိုး၊ မျိုးကိုကိုလင်း၊ စောထောနေမူး၊ စည်သူမိုးခန့်၊ ရှင်းသန့်အောင်၊ ကောင်းခန့်ကျော် (၁)၊ ရဲထက် အောင်၊ အလယ်တန်း-ရန်ကျော်စိုး၊ နောင်နောင်စိုး၊ ရန်နိုင်လင်း၊ ဇော်ဝင်းသိန်း၊ ရဲမင်းကျော်၊ လမင်းထွေး၊ ဩဘာခ၊ မိုးဆွေ၊ အောင်ကိုဦး၊ သူရအောင်၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ **ရှေ့တန်း**-စောကျော်အဲ၊ ညီညီ၊ ကောင်းခန့်ကျော်(၂)နှင့် ကောင်းဇင်မိုးတို့ ပါဝင်နေသည်။

မြန်မာ ယူ-၁၈ အသင်းသည် MFF Youth အသင်းအမည်ဖြင့် ၂၀၁၉ ရာသီ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသလို မတ်လတွင် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ၊ ဧပြီလတွင် ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည်။

**ညီမြတ်သော်တာ**



ကိုပါအမေရိကဖလား ဆွတ်ခူးခဲ့သည့် ဘရာဇီးအသင်းသားများ အောင်ပွဲခံနေစဉ်။

# ကိုပါအမေရိကဖလား ဘရာဇီးတို့ ကိုးကြိမ်မြောက် ဆွတ်ခူး

**ရီယိုဒီဂျနေးရိုး  ဇူလိုင် ၈**

တောင်အမေရိကဇုန်မှ ဖလားတစ်လုံးဖြစ်သော ၂၀၁၉ ကိုပါအမေရိကဖလား ဗိုလ်လုပွဲကြီးကို ဇူလိုင် ၈ ရက် တနင်္လာနေ့ နံနက်ပိုင်းတွင် ရီယိုဒီဂျနေးရိုးမြို့ရှိ မာရာကာနာကွင်းကြီးတွင် ဘရာဇီးနှင့် ပီရူးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ဘရာဇီးအသင်း အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းပွဲတွင် ကွင်းလယ်ဒိုင်အဖြစ် ချီလီနိုင်ငံသား ရိုဘတ်တို တိုဘားက တာဝန်ယူကိုင်တွယ်ခဲ့ပြီး နှစ်သင်းစလုံးသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ကာ ပွဲချိန် ၁၅ မိနစ်တွင် ဂျီးဆပ်စ်၏ဖန်တီးမှုမှတစ်ဆင့် အယ်ဗာတန်က ဘရာဇီးအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီး ၄၄ မိနစ်တွင် ပီရူးအသင်း ပယ်နယ်တီအခွင့်အရေးရရှိကာ ဂွါရဲယိုးက ချေပဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ ပထမပိုင်းနာကျင်အချိန်ပို သုံးမိနစ်တွင် ဂါဘရီရယ်ဂျီးဆပ်စ်က ဒုတိယဂိုးသွင်းယူခဲ့သဖြင့် ဘရာဇီးအသင်း ပွဲကိုပြန်လည်ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း မိနစ် ၇၀ တွင် ဂါဘရီရယ်ဂျီးဆပ်စ် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရ၍ ဘရာဇီးတို့ တစ်ယောက်လျော့ဖြင့် လက်ကျန်ပွဲချိန်များကို ယှဉ်ပြိုင်ခဲ့ရသည်။ ပွဲချိန် မိနစ် ၉၀ တွင် ဘရာဇီးအသင်း အနိုင်သေချာမည့် အခွင့်အရေးတစ်ခု ပယ်နယ်တီကန်ခွင့်ရကာ ရစ်ချာလီဆန်က အမှားအယွင်းမရှိ သွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် ဘရာဇီးတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ၂၀၁၉ ကိုပါအမေရိကဖလားကို ဗိုလ်စွဲခဲ့ကာ ကိုးကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၃ ❑

သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ဝါဆိုသင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့
၁ အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ ၀၁-၅၄၅၃၉၅၊ ၀၁-၅၄၅၃၉၆
၂ အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ ၀၁-၅၄၃၂၈၂၊ ၀၁-၅၄၃၂၀၆
၃ အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ ၀၉-၇၃၀၁၆၀၃၂
၄ အမှတ်-၁၂၅၊ သံချောင်းရှေ့ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ ၀၁-၂၂၅၅၀၆
၅ တိုက်-A ၊ အခန်း-၁၊ ပူးဟားအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ ၀၁-၆၄၂၃၂၂
၆ ၁၂၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ စံရိပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။ ၀၉-၇၃၀၆၅၂၃၇
၇ အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။ ၀၉-၇၃၀၀၅၇၉၃
၈ ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရတနာ၊ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။ ၀၆၇-၂၂၅၉၇
၉ ၂/ ၈၃၊ နေပြည်တော်လမ်းမကြီး(ယခင်ပျဉ်းမနား-တောင်ညိုလမ်း)၊ ဆင်ရတနာအနီး၊ ယောက်သွားအင်းရပ်၊ နေပြည်တော်-ပျဉ်းမနားမြို့။ ၀၆၇-၂၄၇၇၃
နယ်ကိုယ်စားလှယ်ယူလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။
သမ္မတ သင်္ကန်းဆိုင်များ အားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ / လက်ကား ဝယ်ယူ ရရှိနိုင်ပါသည်။